# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒ ပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်၊ စနေနေ့ အတွဲ (၅၇)၊ အမှတ် (၁၀၅)

# ကချင်ပြည်နယ်ရှိ ကောင်းမှုလုံစေတီတော်အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးတို့ ဖူးမြော်ကြည်ညို



**ပူတာအို ဇန်နဝါရီ ၁၂**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးဝင်းခိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် တပ်မတော်အထူးလေယာဉ်ဖြင့် ကချင်ပြည်နယ် ပူတာအိုမြို့သို့ ရောက်ရှိကြရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်တရားသူကြီးချုပ် ဦးတူးဂျာ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညီညီဆွေ၊ ပြည်နယ်ဝန်ကြီးများနှင့် ဂျိမ်းဖော့၊ ရဝမ်၊ လီဆူ၊ ရှမ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**သမိုင်းကြောင်းရှင်းပြ**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် မချမ်းဘောမြို့နယ်သို့ ရောက်ရှိပြီး မလိခမြစ်ကမ်းနဖူးရှိ ဂူဘားညှော့ရိပ်သာအား ကြည့်ရှုကာ ကောင်းမှုလုံကျေးရွာအနီးရှိ ကောင်းမှုလုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ ခရိုင်သာသနာရေးမှူး ဦးဝင်းရွှေက

*စာမျက်နှာ ၃ ကော်လံ ၁* ❁

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ကချင်ပြည်နယ် မချမ်းဘောမြို့နယ်ရှိ ကောင်းမှုလုံစေတီတော် ရင်ပြင်ပေါ်၌ လှည့်လည်ဖူးမြော်စဉ်။

သတင်းစဉ်

# ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်ကို ကူညီထောက်ပံ့သွားရန်ရှိ

## မြန်မာ - ဂျပန် နှစ်နိုင်ငံ ပူးတွဲသတင်းစာရှင်းလင်း

**နေပြည်တော် ဇန်နဝါရီ ၁၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရော့ခိုနိုတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ နှစ်နိုင်ငံပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။

နှစ်နိုင်ငံ ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ ဂျပန်နိုင်ငံခြားရေးဝန်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် "ဒီနေ့မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာနိုင်ငံရဲ့အခြေအနေ၊ ဒေသတွင်းဆိုင်ရာအခြေအနေတွေနဲ့ ပတ်သက်ပြီး အင်မတန်အကျိုးကျေးဇူးရှိတဲ့ အမြင်ချင်းဖလှယ်မှုကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

"ကျွန်တော်က မြန်မာပြည်သူ ပြည်သားတွေရဲ့ဘဝအဆင့်မြှင့်တင်ရေးကို လက်တွေ့ခံစားနိုင်စေဖို့ ရည်ရွယ်ထားတဲ့ ဂျပန်နိုင်ငံရဲ့ကူညီထောက်ပံ့မှုအစီအစဉ်ကို ဒီနေ့ ပြောကြားခဲ့ပါတယ်၊ ၂၀၂၀ ပြည့်နှစ်မှာ ရန်ကုန်နဲ့ တောင်ငူအကြား သုံးနာရီခွဲနဲ့ သွားရောက်နိုင်ဖို့ ရထားလမ်းအဆင့်မြှင့်တင်မှုကို အပြီးဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်၊ ၂၀၂၃ ခုနှစ်မှာတော့ ရန်ကုန်နဲ့ မန္တလေးအကြားသွားဖို့ အချိန် ရှစ်နာရီနဲ့ သွားရောက်နိုင်ဖို့

*စာမျက်နှာ ၄ ကော်လံ ၁* ❄



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရော့ခိုနိုတို့ ပူးတွဲသတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

သတင်းစဉ်

HAPPY SUNDAY

မြန်မာပြည်၏ ပထမဦးဆုံး "3G" အင်တာနက်စနစ်နှင့် အကောင်းဆုံးဝန်ဆောင်မှု

MECTEL

CDMA 800MHz
Anytime,Anywhere
for Everybody

233 သို့ TALK 10 ဟုပေးပို့၍(၂၀-၁၁-၂၀၁၇ မှ ၁၈-၂-၂၀၁၈ထိ) ၁မိနစ်(၁၀)ကျပ်သာကျသင့်မည့် Talk 10 Plan ကိုအသုံးပြုလို့ရပါပြီ။

၁၀၀၀ဝိ/ကျပ် = ၃၀% အပိုဆု (၄ ရက်အတွင်း)

၃၀၀၀ဝိ/ကျပ် = ၅၀% အပိုဆု (၅ ရက်အတွင်း)

၅၀၀၀ဝိ/ကျပ် = ၇၀% အပိုဆု (၇ ရက်အတွင်း)

၁၀၀၀၀ဝိ/ကျပ် = ၇၀% အပိုဆု (၇ ရက်အတွင်း)

Bonus အား MECTel အချင်းချင်း ဖုန်းခေါ်ဆိုခွင့် အခမဲ့ SMS, Viber, Internet Data များ သုံးစွဲနိုင်ပါသည်၊

အင်းဝဘက်ခွဲများတွင်လည်း SIM Card နှင့်ငွေဖြည့်ကတ်များကို ဝယ်ယူရရှိနိုင်ပါသည်၊ Red dot ရှိသော ဆိုင်တိုင်းတွင် ငွေဖြည့်သွင်းနိုင်ပါသည်၊

STARMART nine mile showroom - 9 Mile, Pyay Road, Yangon.Ph: 09 30860180, 01 9669713, 01 9669714 www.starmartninemileshowroom.com

အသေးစိတ်သိရှိလိုပါက 3456 Complaint Center၊ 1212 Call Center၊ ဖုန်းနံပါတ် ၀၉ - ၃၁၁၆၀၂၄၉၊ ၀၉ - ၃၀၃၀၃၀၃၀ (Viber သီးသန့်) နှင့် MECTel Facebook စာမျက်နှာများမှတစ်ဆင့် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်၊

မြန်မာ့အလင်း

# ပူးပေါင်းဆောင်ရွက်ရေး ခွေးသွားစိပ်များ

အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတို့သည် တိုင်းပြည်စီးပွားရေး၏ ကျောရိုးဖြစ်ပြီး အဆိုပါ အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းတို့ အတွက် ငွေကြေးအရင်းအနှီးလိုအပ်ချက် ဖြည့်ဆည်းပေးရန် လိုသည်ဟူသော တင်ပြချက်သည် နားရည်ဝနေသော တင်ပြချက် ဖြစ်ပါသည်။ သို့သော် အားလုံးနားလည်လက်ခံပြီးဖြစ်သော တင်ပြချက်တို့ကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းသည် အစဉ်အမြဲ လွယ်ကူသောကိစ္စရပ်မဟုတ်ပါ။ ရှုထောင့်ပေါင်းစုံမှ ထောင့်စေ့အောင်သုံးသပ်၍ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ရသောကိစ္စရပ်တို့လည်း ရှိပါသည်။ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းတို့၏ ငွေကြေးအရင်းအနှီး ဖြည့်ဆည်းရေးသည်လည်း ထိုကဲ့သို့သော လိုအပ်ချက်မျိုး ဖြစ်ပါသည်။

ဗဟိုဘဏ်သည် ဘဏ်လုပ်ငန်းတို့အနေဖြင့် ပြန်မဆပ်နိုင်သောကြွေးဆုံးတို့ ပိ၍ လုပ်ငန်းလည်ပတ်မှုရပ်ဆိုင်းခြင်းမှ ရှောင်ရှားနိုင်စေရန် ပေါင်နှံပစ္စည်း တင်ပြမှသာ ချေးငွေထုတ်ပေးရန် ဘဏ်တို့အား ညွှန်ကြားခဲ့ပါသည်။ ဤညွှန်ကြားချက်သည် ဘဏ်လုပ်ငန်းတို့၌ ကြွေးဆုံးတို့ ဝန်ပိခြင်းကို ကာကွယ်ပေးနိုင်သော်လည်း တစ်ဖက်တွင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတို့ လိုအပ်လျက်ရှိသော ငွေကြေးအရင်းအနှီးတို့အား ထုတ်ချေးရာ၌ အခက်အခဲအဟန့်အတားများစွာကို ကြုံတွေ့စေပါသည်။ သို့ဖြစ်ပါ၍ ဗဟိုဘဏ်က ဘဏ်လုပ်ငန်းတို့အား ပေါင်နှံပစ္စည်းမပါ ပါကလည်း ချေးငွေထုတ်ချေးရန် ခွင့်ပြုခဲ့ပါသည်။ သို့သော် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ် (၁၉၆၂-၁၉၈၈)၌ ပုဂ္ဂလိက ဘဏ်လုပ်ငန်းတို့ကို ခွင့်မပြုသကဲ့သို့ ၁၉၈၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်ထိ ကာလ၌လည်း ပုဂ္ဂလိကဘဏ်လုပ်ငန်းတို့ကို ခွင့်ပြုခဲ့သော်လည်း နိုင်ငံတကာဘဏ်လုပ်ငန်းတို့နှင့် ချိတ်ဆက်လုပ်ကိုင်မှု မဆိုစလောက်သာရှိခဲ့ပါသည်။ ဤနောက်ခံသမိုင်း၏ အကျိုးဆက်အနေဖြင့် မြန်မာနိုင်ငံ၏ ပုဂ္ဂလိကဘဏ်တို့သည် စီးပွားရေးလုပ်ငန်းတို့၏ အလားအလာအပေါ် မူတည်၍ ချေးငွေထုတ်ပေးနိုင်စွမ်းမရှိဖြစ်ခဲ့ရပါသည်။ တစ်နည်းအားဖြင့်ဆိုသော် မြန်မာနိုင်ငံ၏ ပုဂ္ဂလိကဘဏ်တို့သည် ဆုံးရှုံးနိုင်ခြေနှင့် အကျိုးအမြတ်ချိန်ညှိစီမံခန့်ခွဲနိုင်စွမ်း (Risk Management) မရှိ ဖြစ်နေပါသည်။ ဤလိုအပ်ချက်ကို ဖြည့်ဆည်းရန် ပုဂ္ဂလိကဘဏ်တို့က ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်ကလည်း ပံ့ပိုးကူညီဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတို့အနေဖြင့်လည်း ကုမ္ပဏီ၏ ငွေရေးကြေးရေးရှင်းတမ်းကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ စနစ်တကျ ရှင်းရှင်းလင်းလင်းတင်ပြနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်ကလည်း အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်တို့၏ ဤကဲ့သို့သော ကြိုးပမ်းဆောင်ရွက်မှုတို့ကို ပံ့ပိုးကူညီဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ အခြေအနေတစ်ရပ်လုံးကို ခြုံငုံတင်ပြရပါက သက်ဆိုင်ရာနိုင်ငံတော်အာဏာပိုင် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကဘဏ်များနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်တို့ အပြန်အလှန်ညှိနှိုင်းဆွေးနွေး၍ ငွေကြေးအရင်းအနှီး လိုအပ်ချက် ဖြည့်ဆည်းပေးရေးကို ဟန်ချက်ညီညီ လက်တွဲညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် ပူးပေါင်းဆောင်ရွက်ရေး ခွေးသွားစိပ်တို့ ချိတ်ဆက်မိမိ ချောချောမောမော လည်ပတ်နိုင်ရေးကို ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ။

## နတ်မောက်မြို့နယ်အသင်း စာအောင်သံဃာတော်များ ပူဇော်

**နတ်မောက် ဇန်နဝါရီ ၁၂**

နတ်မောက်မြို့နယ်အသင်း (ရန်ကုန်) ၏ (၂၈) ကြိမ်မြောက် နတ်မောက်နွယ်ဖွား စာအောင်သံဃာတော်များပူဇော်ပွဲ၊ သက်ကြီး မိဘဘိုးဘွားများ ပူဇော်ပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီလ ပထမပတ်က ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းနှင့် နတ်စင်လမ်းထောင့်ရှိ သာစုကျောင်းတိုက်၌ ကျင်းပရာ အသင်းသြဝါဒါစရိယဆရာတော်များအား အသင်းနာယကကြီးများ၊ မြို့နယ်အသင်းသူ အသင်းသားများ တက်ရောက်ကြည်ညိုကြကြောင်း သိရသည်။

**အောင်သန်းထွန်း (နတ်မောက်)**

## ရာဇမဏိစူဠာ ကောင်းမှုတော်ဘုရားကြီးအား လုံးတော်ပြည့် ထုံးသင်္ကန်းပြန်လည်ကပ်လှူရေး ညှိနှိုင်းစည်းဝေး

**စစ်ကိုင်း ဇန်နဝါရီ ၁၂**

စစ်ကိုင်းမြို့မိမြို့ဖအဖွဲ့က ကြီးမှူးကျင်းပသည့် စစ်ကိုင်းမြို့ ရာဇမဏိစူဠာ ကောင်းမှုတော်ဘုရားကြီးအား လုံးတော်ပြည့် ထုံးသင်္ကန်းပြန်လည်ကပ်လှူရေး ညှိနှိုင်းအစည်းအဝေးပွဲကို ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီက စစ်ကိုင်းမြို့ပိုးတန်းရပ်ကွက် မြို့လယ်ဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့မိမြို့ဖ ဥက္ကဋ္ဌ ဦးတင်မျိုးလွင်က နှုတ်ခွန်းဆက်စကား ပြောကြားပေးပြီး မြို့မိမြို့ဖအတွင်းရေးမှူး ဦးဇော်ဝင်းက စစ်ကိုင်းမြို့ရာဇမဏိစူဠာ ကောင်းမှုတော်စေတီတော်မြတ်ကြီးအား လက်ရှိရွှေဆေးသင်္ကန်းကပ်လှူထားမှုမှ မူလထုံးသင်္ကန်းပြန်လည်ကပ်လှူပူဇော်နိုင်ရန် ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းပြောကြားရာတွင် “ကျွန်တော်တို့ ရွှေဆေးကနေ ထုံးသင်္ကန်းကပ်လှူနိုင်ဖို့ လုပ်တဲ့နေရာမှာ နိုင်ငံရေးမပါဘူး၊ မည်သူတစ်ဦး တစ်ယောက်က လုပ်လို့ပျက်တာ မဟုတ်ဘူး၊ မြို့မိမြို့ဖအနေနဲ့ ဦးဆောင်လို့လည်း မဟုတ်ဘူး၊ အများပြည်သူတွေရဲ့ဆန္ဒအရ လုပ်ရခြင်းဖြစ်တယ်၊ နောက်ပြီး ဘုရားဂေါပကအဖွဲ့ကလည်း ရွှေဖြစ်ဖြစ်၊ ထုံးဖြစ်ဖြစ် အလှူရှင်ရှိရင် လုပ်နိုင်တယ်ဆိုလို့သာလုပ်ရခြင်းဖြစ်ပြီး သက်ဆိုင်ရာက တာဝန်ပေးရင် ကျရာနေရာက တာဝန်ယူလုပ်ကိုင်ဖို့အသင့်ပါပဲ၊ နောက်ပြီး ထုံးသင်္ကန်းကပ်ဖို့အတွက် ပညာရှင်တွေနဲ့တိုင်ပင်ပြီး လုပ်ဆောင်သွားမှာပါ” ဟု ပြောသည်။

ဆက်လက်ပြီး တက်ရောက်လာကြသည့် လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များ၊ စိတ်ပါဝင်စားသူများက ၎င်းတို့၏ ဆန္ဒကို ထုတ်ဖော်ပြောကြားကာ ဆွေးနွေးခဲ့ကြသည်။ အခမ်းအနားသို့ စစ်ကိုင်းမြို့ပေါ် ကျေးရွာများမှ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ စိတ်ပါဝင်စားသူများ စုစုပေါင်း ၃၀၀ ကျော် တက်ရောက်ကြပြီး ဆန္ဒပြုလက်မှတ်များ ထိုးပေးကြသည်။ ကောင်းမှုတော် စေတီတော်ထုံးသင်္ကန်းပြန်လည်ကပ်လှူ ပူဇော်နိုင်ရေးနှင့် ပတ်သက်၍ စစ်ကိုင်းမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်သိန်းက ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်းက ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့ဖူးရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ရွှေဆေးသက်တမ်းကုန်ဆုံးသည့် အချိန်တွင် ထုံးသင်္ကန်းကပ်လှူပူဇော်ရေးနှင့် ပတ်သက်၍ သြဝါဒါစရိယ ဆရာတော်ကြီးများ၏ ဆန္ဒနှင့်အညီ တိုင်းအစိုးရအဖွဲ့၊ သက်ဆိုင်ရာ ဂေါပကအဖွဲ့နှင့် ဒေသခံပြည်သူများ ညှိနှိုင်းဆောင်ရွက်မည်ဟု ထိုအချိန်က ဖြေကြားခဲ့သည်။ **ခိုင်ဇေယျ**



## မန္တလေးတိုင်းဒေသကြီးအတွင်း နိုင်ငံတကာခရီးသွားများ ယမန်နှစ်ထက် ၂၆ ရာခိုင်နှုန်း ပိုမိုဝင်ရောက်လာ

**မန္တလေး ဇန်နဝါရီ ၁၂**

၂၀၁၇ ခုနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးသို့ နိုင်ငံတကာခရီးသွားဧည့်သည် ဝင်ရောက်မှုမှာ ယမန်နှစ်ကထက် ၂၆ ရာခိုင်နှုန်း ပိုမိုဝင်ရောက်လာကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန စာရင်းများအရ သိရသည်။

“ကျွန်တော်တို့ဌာနက တစ်နှစ်ထက်တစ်နှစ် ခရီးသွားတွေ ပိုမိုဝင်ရောက်လာအောင် ဆောင်ရွက်နေပါတယ်၊ ဒေသတွင်းမှာ မြန်မာ့ရိုးရာလက်ဝှေ့ပွဲတွေ၊ မီးထွန်းပွဲတော်တွေ၊ လမ်းလျှောက်သကြၤန်ပွဲတွေ၊ 2017 Travel Show ပွဲတွေ ကျင်းပပြီး ဆွဲဆောင်နေတဲ့အပြင် ခရီးသွားလုပ်ငန်းနဲ့ သက်ဆိုင်တဲ့ ပုဂ္ဂိုလ်တွေနဲ့ အရှိန်အဟုန်မြှင့်ပြီး ပူးပေါင်းဆောင်ရွက်ခြင်းတွေနဲ့ ခရီးသွားလုပ်ငန်းကို အထောက်အကူဖြစ်စေမယ့် လူ့စွမ်းအားအရင်းအမြစ်တွေကိုလည်း သင်တန်းပေးပြီး ဝန်ဆောင်မှုကောင်းအောင် ဆောင်ရွက်နေတယ်” ဟု အဆိုပါ ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောသည်။

ယခု ၂၀၁၈ ခုနှစ်တွင်လည်း နိုင်ငံတကာခရီးသွား ပိုမိုဝင်ရောက်လာရေးအတွက် တိုင်းဒေသကြီး ပြည်နယ်အလိုက် ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝင်ရောက်လာသည့် ခရီးသွားဦးရေ အနည်းအများထက် ၎င်းတို့မှ ဒေသတွင်းသုံးစွဲမှုကြောင့် အကျိုးဖြစ်ထွန်းမှုများကို ဦးစားပေးကြည့်ရကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဝင်ရောက်လာသည့် နိုင်ငံတကာခရီးသွားများ အနက် တရုတ်နိုင်ငံမှ အများဆုံးဖြစ်ပြီး ပြင်သစ်၊ ဂျာမနီ၊ ထိုင်းနှင့် အင်္ဂလန်နိုင်ငံများမှလည်း လာရောက်ကြကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ၃၀၆၄၃၂ ဦး၊ ၂၀၁၆ ခုနှစ်တွင် ၃၈၅၀၃၁ ဦးနှင့် ၂၀၁၇ ခုနှစ်တွင် ၄၈၃၇၈၄ ဦး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၂-၁-၂၀၁၈

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၂၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၈၀၀/၈၂၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၉၅/၈၁၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၂၀/၈၃၀ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၂ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၂ . ၁ |
| ထိုင်း | တစ်ဘတ် | ၄၁ . ၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၁ |
| တရုတ် | တစ်ယွမ် | ၂၀၇ . ၄၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၆ . ၅ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❀ ရှေ့ဖုံးမှ

စေတီတော်၏သမိုင်းကြောင်းနှင့် စပ်လျဉ်း၍ လိုက်လံရှင်းလင်းပြသသည်။

**အလှူငွေများ ပေးအပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးသည် စေတီတော် ညှေ့သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး စေတီတော်ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

**သက်တမ်းရှိ**

ကောင်းမှုလုံ(ရွှေဆတ်မင်း)စေတီတော်သည် မြန်မာနိုင်ငံမြောက်ဖျား ခမ်းတီးလုန်ဒေသ ပူတာအိုခရိုင် မချမ်းဘောမြို့နယ်၌ တည်ရှိပြီး ပူတာအိုမြို့နှင့် ကိုးမိုင်ခန့်ကွာဝေး၍ မလိခမြစ် အရှေ့ဘက်ကမ်းနံဘေး၌ တည်ထားသော စေတီဖြစ်သည်။ ကောင်းမှုလုံ(ရွှေဆတ်မင်း) စေတီတော်ကို သာသနာသက္ကရာဇ် ၂၄၄ ခုနှစ်တွင် သီရိဓမ္မာသောကမင်း စေလွှတ်သည့် သာသနာပြုရဟန်းသုံးပါးက မြတ်စွာဘုရား၏ ဓာတ်တော်သုံးဆူကို ဌာပနာသွင်း၍ ဉာဏ်တော်အမြင့် ခုနစ်တောင်ဖြင့် စတင်တည်ထားခဲ့ပြီး နှစ်ပေါင်း ၂၃၀၀ ကျော် သက်တမ်းရှိပြီဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



# လှည့်လည်ကြည့်ရှု

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ကောင်းမှုလုံစေတီတော်အား လှည့်လည်ကြည့်ရှုစဉ်။

သတင်းစဉ်





နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ကချင်ပြည်နယ် ပူတာအိုမြို့သို့ ရောက်ရှိရာ ဒေသခံတိုင်းရင်းသားများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ကောင်းမှုလုံစေတီတော်ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ သတင်းစဉ်





နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ ကချင်ပြည်နယ် မချမ်းဘောမြို့နယ်ရှိ ဂူဘားညှေ့ရိပ်သာပေါ်မှ မလိခမြစ်အား ကြည့်ရှုစဉ်။ သတင်းစဉ်

# မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရော့ခိုနိုအား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ယနေ့ နံနက် ၉ နာရီခွဲတွင် လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

**အလေးပေးဆွေးနွေး**

အထူးသဖြင့် မြန်မာနိုင်ငံ၌ ဒီမိုကရေစီနိုင်ငံ တည်ဆောက်နိုင်ရေး ကြိုးပမ်းမှုများ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များအပေါ် ဂျပန်နိုင်ငံက ဆက်လက်အကူအညီ ပေးအပ်ရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီနှင့် မစ္စတာ ကိုဖီအာနန် အကြံပေးကော်မရှင်၏ အကြံပြုချက်များဖြစ်သည့် ရေတိုနှင့် ရေရှည် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများတွင် ဂျပန်နိုင်ငံက ကူညီပံ့ပိုးရေးကိစ္စများကို အလေးပေး ဆွေးနွေးခဲ့သည်။

**ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ**

ထို့ပြင် ဂျပန်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိကတို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ဂျပန်ယန်း ၈၀၀ ဘီလီယံ သုံးစွဲ အကောင်အထည်ဖော်ဆောင်ရွက်မည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းဖြစ်သည့် သုံးနာရီခွဲဖြင့် သွားရောက်နိုင်မည့် ရန်ကုန်- တောင်ငူ ရထား လမ်းပိုင်းကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ မတိုင်မီတွင် လည်းကောင်း၊ ရှစ်နာရီဖြင့် သွားရောက်နိုင် မည့် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းကို ၂၀၂၃ ခုနှစ်တွင် လည်းကောင်း ပြေးဆွဲနိုင်ရန် အဆင့်မြှင့်တင် မည့်ကိစ္စရပ်များကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးတို့သည် နှစ်နိုင်ငံ ပူးတွဲ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပခဲ့သည်။

ခရီးစဉ်အတွင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးသည် ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် မောင်တောဒေသသို့ လည်းကောင်း၊ ရန်ကုန်မြို့ သီလဝါအထူးစီးပွားရေးဇုန်သို့ လည်းကောင်း သွားရောက်လေ့လာမည် ဖြစ်သည်။

**သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရော့ခိုနိုအား တွေ့ဆုံစဉ်။**

သတင်းစဉ်

***❄ ရှေ့ဖုံးမှ***

ဆောင်ရွက်ပေးမှာမို့ ပြည်သူ ပြည်သားတွေ သွားလာရေးနဲ့ ကုန်သွယ်ရေးမှာ ပိုပြီးတော့ ချောမွေ့မြန်ဆန်သွားမှာ ဖြစ်ပါတယ်၊ ရခိုင်ပြည်နယ်ရဲ့အခြေအနေနဲ့ ပတ်သက်ပြီးတော့လည်း အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ပါတယ်၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လမ်းကြောင်းတိုးချဲ့ဖို့၊ ပြည်တွင်း ပြည်ပ မီဒီယာတွေသွားလာခွင့်ပိုပြီးတော့ ရရှိဖို့၊ လုံခြုံပြီး ဒုက္ခသည်တွေ ကိုယ့်သဘောနဲ့ ကိုယ်ပြန်လာနိုင်ဖို့၊ ပြန်လည်နေရာချထားရေး လုပ်နိုင်ဖို့နဲ့ မစ္စတာ ကိုဖီအာနန် အကြံပေးချက်ကို အကောင်အထည်ဖော်နိုင်ဖို့ တောင်းဆိုခဲ့ပါတယ်။

**ကူညီထောက်ပံ့မှု**

"အခုအချိန်မှာ ဒုက္ခသည်တွေ ပြန်လာနိုင်ဖို့၊ ပြန်လည်နေရာချထားနိုင်ဖို့ ကူညီထောက်ပံ့မှုအနေနဲ့ မြန်မာအစိုးရကို ဒုက္ခသည်တွေ နေထိုင်ဖို့ လိုအပ်တဲ့ ဒေါ်လာသုံးသန်း တန်ဖိုးရှိတဲ့ ပစ္စည်းတွေကို ပေးအပ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်၊ နောက်တစ်ခုက နိုင်ငံတကာအဖွဲ့အစည်းတွေကနေတစ်ဆင့် ရခိုင်ပြည်နယ်ရဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေတွေကို ကောင်းမွန်စေဖို့အတွက် အထူးသဖြင့် အမျိုးသမီးတွေ ကိုယ့်ဘာသာ ရပ်တည်နိုင်ဖို့ ရည်ရွယ်ထားတဲ့ အသက်မွေးဝမ်းကျောင်း ပညာပေးရေးအပါအဝင် ဒေါ်လာ သန်း ၂၀ တန်ဖိုးရှိတဲ့ ကူညီထောက်ပံ့မှုကို ဆောင်ရွက်သွားဖို့ စီစဉ်နေပါတယ်၊ ဒါက ဂျပန်လွှတ်တော်ရဲ့ သဘောတူညီချက်ကိုရမှ တရားဝင်ပြောနိုင်မှာ ဖြစ်ပါတယ်။

"ဒီလိုပဲ ဂျပန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ ဆောင်ရွက်ချက်ကို တတ်နိုင်သလောက် ကူညီထောက်ပံ့သွားဖို့ ရှိပါတယ်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ သီလဝါ အထူးစီးပွားရေးဇုန်နဲ့ ဒေသတွင်း ဆက်သွယ်ရေး (Connectivity) ကို ပိုပြီးတော့ ခိုင်မာစေရေး ပိုပြီးဆောင်ရွက်သွားဖို့၊ ဆက်လက်ပြီး ဆောင်ရွက်သွားဖို့ အတည်ပြုခဲ့ပါတယ်၊ ဒီနှစ် ဂျပန်နိုင်ငံမှာ ကျင်းပဖို့ရှိတဲ့ မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်နိုင်ဖို့ ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်၊ ဂျပန်နိုင်ငံအနေနဲ့ ဆက်လက်ပြီးတော့ မိတ်ရင်းဆွေရင်းနိုင်ငံဖြစ်တဲ့ မြန်မာ နိုင်ငံနဲ့ ဆက်ဆံရေးကို ပိုပြီး အဆင့် မြှင့်တင်သွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

**အများကြီး ဆွေးနွေး**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် က ပြောကြားရာတွင် "နိုင်ငံခြားရေး ဝန်ကြီးအသစ်ကို ကြိုဆိုနိုင်တဲ့အတွက် အများကြီး ဝမ်းသာပါတယ်၊ ကျွန်မတို့ရဲ့ မိတ်ဆွေကောင်းဖြစ်တဲ့ ဂျပန်နိုင်ငံရဲ့ ကိုယ်စားလှယ်တစ်ယောက် အနေနဲ့ နွေးထွေးစွာ ကြိုဆိုပါတယ်၊ ကျွန်မတို့ မြန်မာနိုင်ငံနဲ့ ဆက်ဆံရေးဟာ အမြဲပဲနွေးထွေးခဲ့ပါတယ်၊ ကျွန်မတို့ လိုအပ်တဲ့ အချိန်မှာလည်း ဂျပန်နိုင်ငံဟာ အကူအညီတွေ အမြဲပဲ ပေးလေ့ရှိပါတယ်၊ ဒီနေ့လည်း ဝန်ကြီးနဲ့ တွေ့တဲ့ အခါမှာ ကျွန်မတို့နိုင်ငံရဲ့ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးကို ဘယ်လို ထောက်ပံ့မယ်ဆိုတာတွေကို လည်း အများကြီး ဆွေးနွေးခဲ့ပါတယ်၊ ကျွန်မတို့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နေတဲ့ စီမံကိန်းတွေ အရှိန်အဟုန်နဲ့ ပြီးမြောက်စေဖို့၊ ပိုပြီးတော့ တိုးတက်စေဖို့လည်း ဆွေးနွေးခဲ့ပါတယ်။ ရခိုင်ပြည်နယ်မှာ ဖွံ့ဖြိုးတိုးတက်မှုတွေ ဖြစ်ဖို့အတွက်ရယ်၊ နောက်ပြီးတော့ ဒုက္ခသည်တွေ ပြန်လာရင် သေသေချာချာ ကောင်းကောင်းမွန်မွန် လက်ခံနိုင်ဖို့ ကိစ္စတွေကို ဂျပန်နိုင်ငံကနေ ဘယ်လို အကူအညီပေးနိုင်မလဲ ဆိုတာတွေကို လည်း ကျွန်မတို့ ဆွေးနွေးခဲ့ပါတယ်။

" ရေတိုလိုအပ်ချက်တွေသာမက ဘူး၊ ရေရှည် လိုအပ်ချက်တွေကိုလည်း ဖြည့်ဆည်းပေးဖို့ ဂျပန်နိုင်ငံအနေနဲ့ စေတနာရှိတဲ့အတွက် ကျွန်မတို့ အင်မတန်မှ ကျေးဇူးတင်ပါတယ်၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာ အချိန်ယူရတယ် ဆိုတာ ကျွန်မတို့အားလုံး သဘောပေါက်ပါတယ်၊ သို့သော်ငြားလည်း ကျွန်မတို့အနေနဲ့ အမြန်ဆုံးဖြစ်မြောက်စေချင်တဲ့ ဆန္ဒကို ဂျပန်နိုင်ငံကနေပြီးတော့ နားလည်မှုပေးပြီးတော့ ပံ့ပိုးမှုပေးတဲ့ဟာကိုလည်း တန်ဖိုးထားပါတယ်၊ ကျွန်မတို့ ဘာတွေ ဆွေးနွေးခဲ့တယ် ဆိုတာ ဝန်ကြီး ခိုနို အနေနဲ့ အားလုံး ပြောပြီးပြီဆိုတော့ ကျွန်မအနေနဲ့ ထပ်ပြီး ပြောစရာ မရှိတော့ပါဘူး၊ ကျွန်မ ဖြည့်စွက်ပြီး ပြောချင်တာကတော့ ကျွန်မတို့နဲ့ ဂျပန်နိုင်ငံဟာ ဖြတ်သန်းခဲ့ရတဲ့ အခက်အခဲတွေ တူတူညီညီရှိခဲ့တာကြောင့်မို့ တစ်ယောက်နဲ့ တစ်ယောက် နားလည်မှုရှိတယ်၊ ဒီလို နားလည်မှု အပေါ်မှာ အခြေခံပြီးတော့ ကျွန်မတို့ နှစ်နိုင်ငံရဲ့ မိတ်ဆွေအရင်းအချာအဖြစ်နဲ့ ရပ်တည်ရေးဟာ ပိုမို၍ အရှိန်အဟုန်ရသွားမယ်လို့ ကျွန်မတို့ မျှော်လင့်ပါတယ်၊ ဒါ့ကြောင့်မိုလို့လည်း မကြာခဏ ဆက်ပြီးတော့လည်း တွေ့နိုင်ဖို့ မျှော်လင့်ပါတယ်။

"နိဂုံးချုပ်အနေနဲ့တော့ ဝန်ကြီးနဲ့ ဝန်ကြီးရဲ့အဖွဲ့ ရခိုင်ပြည်နယ်သွားမယ့် ခရီးဟာ အားလုံးပြေပြစ်မယ်၊ ချောမွေ့မယ်လို့ မျှော်လင့်ပါတယ်၊ အဲဒီအတွက်လည်း ကျွန်မတို့အားလုံး တတ်နိုင်သမျှ သေသေချာချာ စီစဉ်ဆောင်ရွက်ထားပါတယ်"ဟု ပြောကြားသည်။

ထို့နောက် သတင်းထောက်များ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားကြသည်။

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့် မေးမြန်းမှုကို ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ဖြေကြားရာတွင် "ရခိုင်ပြည်နယ်ရဲ့ဖွံ့ဖြိုးတိုးတက်မှုတွေဆိုတာက ရခိုင်ပြည်နယ်မှာနေတဲ့ လူတွေအားလုံးနဲ့ သက်ဆိုင်တဲ့ ပြဿနာတွေရဲ့အရင်းအမြစ်ကို ဖြေရှင်းဖို့အတွက် အင်မတန် အရေးကြီးတယ်လို့ ယူဆပါတယ်။

**ဦးစားပေးပြီးတော့ လုပ်သင့်**

"မစ္စတာ ကိုဖီအာနန် အကြံပေးကော်မရှင်ရဲ့ အကြံပေးချက်အရ ပညာရေး၊ ကျန်းမာရေးကဏ္ဍ အပါအဝင် ဒေသခံတွေရဲ့ လူနေမှုဘဝ အဆင့်မြှင့်တင်ဖို့ ဆောင်ရွက်ဖို့ဆိုတာက ဦးစားပေးပြီးတော့ လုပ်သင့်တယ်လို့ ထင်ပါတယ်။

"နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကတော့ UEHRD ဖွဲ့စည်းပြီးတော့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းကို စတင်နေပြီလို့ ပြောပါတယ်၊ ဂျပန်နိုင်ငံက အရေးပေါ် ကူညီထောက်ပံ့မှုတွေသာမကဘဲ ကာလရှည်အတွက် နေထိုင်မှုဘဝ အဆင့်မြှင့်တင်ဖို့ ရည်ရွယ်ပြီး ရခိုင်ပြည်နယ်ထဲမှာ ကားလမ်းခင်းဖို့ အပါအဝင် လျှပ်စစ်မီးဖြန့်ဖြူးရေးလိုင်းကို တည်ဆောက်လို့ရပါမယ်၊ ဒီလို လုပ်ငန်းစဉ်များကို တည်ဆောက်ဖို့ ဆုံးဖြတ်ပေးတာဖြစ်ပါတယ်၊ ဒါကို သေသေချာချာ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

"အစိုးရသာမကဘဲ ဂျပန်နိုင်ငံက NGO အဖွဲ့တွေကလည်း ရခိုင်ပြည်နယ်ထဲမှာ ကျောင်းဆောင် ၁၀၀ တည်ဆောက်မှုကို ဆောင်ရွက်နေပါတယ်၊ အဲဒီထဲက တချို့ကျောင်းမှာတော့ ဗုဒ္ဓဘာသာဝင်တွေနဲ့ မူဆလင်တွေက အတူတူလေ့လာနေတာ ရှိပါတယ်၊ ဒီလိုကျောင်းတွေ ပြန်ဖွင့်ပြီးတော့ ဆောင်ရွက်ခြင်းတွေကို တိုးချဲ့စေနိုင်ဖို့ ပြင်းပြစွာ ဆုတောင်းနေပါတယ်။

"နောက်တစ်ခု ပုဂ္ဂလိက ကုမ္ပဏီတွေက ရခိုင်ပြည်နယ် မြောက်ပိုင်းမှာ မိုဘိုင်းဖုန်း ဆက်သွယ်ရေးနဲ့ ပတ်သက်ပြီး တာဝါတိုင် ၂၈ ခုကို တည်ဆောက်ထားတဲ့အတွက် ရခိုင်ပြည်နယ် မြောက်ပိုင်းမှာ မိုဘိုင်းဖုန်း ဆက်သွယ်ရေး အခြေအနေတွေက ပိုပြီးတော့ ကောင်းမွန်လာမယ်လို့ ယူဆပါတယ်။

"ဂျပန်နိုင်ငံအနေနဲ့ ယခု ရခိုင်ပြည်နယ်မှာ ပြဿနာရဲ့ ရင်းမြစ်ဖြစ်တဲ့ ဆင်းရဲနွမ်းပါးမှု ဖြေရှင်းနိုင်ဖို့ ကျွန်တော်တို့က တတ်နိုင်သလောက် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ် "ဟု ဖြေကြားသည်။

ဂျပန်နိုင်ငံက မြန်မာနိုင်ငံအတွက် အကူအညီပေးနေမှုများနှင့် ပတ်သက်သည့် မေးခွန်းကို ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ဖြေကြားရာတွင် "ဂျပန်နိုင်ငံက မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ အမြစ်တွယ်စေတဲ့ ငြိမ်းချမ်းရေးနဲ့ ပြည်သူ၊ ပြည်သားတွေ ပြန်လည်သင့်မြတ်ရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ငါးနှစ်တာ ကာလမှာ ဂျပန်ယန်း ၈၀၀ ဘီလီယံ ကူညီထောက်ပံ့မှုကို အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းပြီး ကူညီဆောင်ရွက်သွားမယ်ဆိုတဲ့ မူဝါဒကို ပြီးခဲ့တဲ့ နှစ်နှစ်လောက်ကတည်းက ချမှတ်ခဲ့ပါတယ်။

"အခုနောက်ပိုင်းမှာ အထူးသဖြင့် ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေး၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်မီးတွေ အမြန်ကောင်းမွန်စေဖို့၊ ရန်ကုန် - မန္တလေး ရထားလိုင်းတွေမှာ အကူအညီတွေပေး အပ်ဖို့၊ မြန်မာနိုင်ငံ ပြည်သူပြည်သားတွေ လူနေမှုအဆင့်မြှင့်မှုကို လက်တွေ့ခံစားနိုင်စေဖို့ ထောက်ပံ့မှု အစီအစဉ်တွေကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**ဒီမိုကရေစီ နိုင်ငံထူထောင်နိုင်ဖို့**

"ဒါ့အပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကမ်းလှမ်းထားတဲ့ ပညာရေး၊ ကျန်းမာရေး၊ လယ်ယာစိုက်ပျိုးရေး ကဏ္ဍတွေမှာလည်း ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်၊ မြန်မာအစိုးရအနေနဲ့ ရင်းရင်းနှီးနှီး ဆွေးနွေးတိုင်ပင်ပြီးတော့ ကူညီထောက်ပံ့မှု အစီအစဉ်တွေ ဆောင်ရွက်နေပါတယ်၊ နှစ်ဦးနှစ်ဖက် ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်နိုင်ဖို့အတွက် လျှပ်စစ်မီးကဏ္ဍ အပါအဝင် ကျန်တဲ့ ကဏ္ဍတွေမှာ လုပ်ထုံးလုပ်နည်းတွေ လျှော့ချပေးရေး ပိုပြီး ဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံချင်ပါတယ်၊ ဂျပန်နိုင်ငံကလည်း မြန်မာနိုင်ငံ ဒီမိုကရေစီနိုင်ငံထူထောင်နိုင်ဖို့အတွက် ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ဖြေကြားသည်။

မြန်မာအစိုးရကို နိုင်ငံတကာ အသိုင်းအဝိုင်းက လူ့အခွင့်အရေးဆိုင်ရာကိစ္စနှင့် ပတ်သက်၍ ဝေဖန်နေမှုများ၊ ဒုက္ခသည်များ ပြန်လည်နေရာချထားရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်သည့် မေးခွန်းကို ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ဖြေကြားရာတွင် "ရခိုင်ပြည်နယ်ရဲ့ အခြေအနေက လူ့အခွင့်အရေးတွေရယ်၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ၊ လူ့အသိုင်းအဝိုင်းအကြား တင်းမာမှုတွေရှိတဲ့အတွက် အင်မတန် ရှုပ်ထွေးနက်နဲတဲ့ ကိစ္စဖြစ်တယ်လို့လည်း နားလည်ထားပါတယ်။

**"ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေး၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်မီးတွေ အမြန်ကောင်းမွန်စေဖို့၊ ရန်ကုန် - မန္တလေး ရထားလိုင်းတွေမှာ အကူအညီတွေ ပေးအပ်ဖို့၊ မြန်မာနိုင်ငံ ပြည်သူ ပြည်သားတွေ လူနေမှု အဆင့်မြှင့်မှုကို လက်တွေ့ခံစားနိုင်စေဖို့ ထောက်ပံ့မှုအစီအစဉ်တွေကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ် "**

*စာမျက်နှာ ၇ သို့*

# မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေး၊ ပညာရေး ၊ ခရီးသွားလာရေးကဏ္ဍများတွင် ဆောင်ရွက်လျက်ရှိမှုအခြေအနေများ ရှင်းလင်း

**နေပြည်တော် ဇန်နဝါရီ ၁၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန် ပြည်ထောင်စု၊ ရို့ဒ်အိုင်းလင်း ပြည်နယ်အခြေစိုက် Brown University မှ သံတမန်ရေးရာနှင့် နိုင်ငံခြားရေး မူဝါဒဆိုင်ရာ ပါမောက္ခ၊ သံအမတ်ကြီး (ငြိမ်း) Mr. Richard Boucher နှင့် ဇနီး Ms. Carolyn Brehm တို့ ဦးဆောင်သည့် အဖွဲ့ဝင် ၃၅ ဦးပါ ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့တွင် ကယ်လီဖိုးနီးယား ပြည်နယ်၊ လော့စ်အိန်ဂျယ်လိစ်ဒေသတွင် အခြေစိုက်သည့် ဥပဒေရေးရာ၊ ပညာရေး၊ လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ရေးနှင့် စီးပွားရေးနယ်ပယ်အသီးသီးမှ ပညာရှင်များနှင့် အလုပ်အမှုဆောင် အရာရှိချုပ် ၃၂ ဦး ပါဝင်ပြီး ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့ မှ ၁၂ ရက်နေ့အထိ မြန်မာနိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ အနုပညာနှင့် ယဉ်ကျေးမှုများကို လေ့လာရန် လာရောက်ခြင်းဖြစ်ပြီး မန္တလေးမြို့ ပုဂံမြို့နှင့် အင်းလေးဒေသများသို့လည်း သွားရောက်ခဲ့ကြောင်း သိရှိရသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် Brown University မှ သံတမန်ရေးရာနှင့် နိုင်ငံခြားရေး မူဝါဒဆိုင်ရာ ပါမောက္ခ၊ သံအမတ်ကြီး (ငြိမ်း) Mr. Richard Boucher နှင့် ဇနီး Ms. Carolyn Brehm တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းရေးလုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကြိုးပမ်းမှုများ၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ပညာရေး ကဏ္ဍ၊ ခရီးသွားလာရေးကဏ္ဍများတွင် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်း ပြောကြားပြီးငင်းတို့ သိရှိလိုသည်များကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်ဖြေကြားခဲ့သည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုကို လက်တွေ့ကျကျဆောင်ရွက်ရင်း ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှုများကို ဘက်ပေါင်းစုံမှ ကူညီသွားပါမယ်



ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရော့ခိုနို

**မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရော့ခိုနိုအား မေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်-**

**မေး။ ။ ဒီတစ်ခေါက် မြန်မာနိုင်ငံခရီးစဉ်ရဲ့ ရည်ရွယ်ချက်ကို သိပါရစေ။**

ဖြေ။ ။ ဒီဇင်ဘာလအတွင်းက သမ္မတကြီး ဦးထင်ကျော်ရဲ့ ဂျပန်နိုင်ငံ ခရီးစဉ်အတွင်း ဂျပန်ဝန်ကြီးချုပ် အာဘေးနဲ့ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံရဲ့ နိုင်ငံတော်တည်ဆောက်ရေးအတွက် ဂျပန်နိုင်ငံရဲ့ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများနဲ့ ရခိုင်ပြည်နယ် အခြေအနေတို့နဲ့ပတ်သက်ပြီး နှစ်နိုင်ငံခေါင်းဆောင်များအကြား ပွင့်ပွင့်လင်းလင်း အမြင်ချင်းဖလှယ်ခဲ့ကြပါတယ်။ အခုအကြိမ် အလည်အပတ်ခရီးစဉ်ရဲ့ အဓိက ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးမှာ ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကူညီသွားမယ် ဆိုတဲ့အကြောင်းကို ထပ်လောင်းအသိပေးပြောကြားရင်းဖြင့် သမ္မတကြီးရဲ့ ခရီးစဉ်နောက်ဆက်တွဲအနေနဲ့ အဲဒီစိန်ခေါ်မှုများအတွက် မြန်မာနိုင်ငံအစိုးရနဲ့ တပ်မတော်ထိပ်တန်းခေါင်းဆောင်များကြားမှာ လက်တွေ့ကျတဲ့ အစီအမံများနဲ့ ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးသွားဖို့ ဖြစ်ပါတယ်။ ဒါ့အပြင် သီလဝါအထူးစီးပွားရေးဇုန်ကို သွားရောက်လေ့လာပြီး နှစ်နိုင်ငံအစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုရဲ့ အောင်မြင်မှုသာဓကကို ပြည်တွင်း၊ ပြည်ပများသို့ သတင်းထုတ်ပြန်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရန် ဆောင်ရွက်တဲ့အပြင် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနဲ့ သာယာဝပြောရေးအတွက် ဂျပန်နိုင်ငံရဲ့ နောက်ပိုင်း ပူးပေါင်းဆောင်ရွက်မှုပုံစံကို စဉ်းစားသွားချင်ပါတယ်။

**မေး။ ။ ဂျပန်နိုင်ငံနဲ့ မြန်မာနိုင်ငံနှစ်နိုင်ငံဆက်ဆံမှုရဲ့ အနာဂတ်ကို ဘယ်လိုစဉ်းစားထားပါသလဲ။**

ဖြေ။ ။ ဂျပန်နိုင်ငံဟာ လွတ်လပ်ပြီး ပွင့်လင်းမြင်သာတဲ့ အိန္ဒိယ ပစိဖိတ်သမုဒ္ဒရာမဟာဗျူဟာအရ တရားဥပဒေစိုးမိုးရေးကိုအခြေခံပြီး ပွင့်လင်းမြင်သာမှုရှိတဲ့ ပင်လယ်ရေကြောင်းဆိုင်ရာ စည်းမျဉ်းများကို ထိန်းသိမ်းမြှင့်တင်ရင်းဖြင့် နိုင်ငံတိုင်းအပေါ်မှာ ခွဲခြားမှုမရှိဘဲ တည်ငြိမ်အေးချမ်းရေးနဲ့ သာယာဝပြောရေးကို အကောင်အထည်ဖော်ပေးမယ့် နိုင်ငံတကာပိုင်ခနေအဖြစ် သတ်မှတ်ပြီး အိန္ဒိယ-ပစိဖိတ်သမုဒ္ဒရာရှိ ဒေသအားလုံးရဲ့ တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားပါတယ်။ ဒီမဟာဗျူဟာအရလည်း မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုကို ပိုပြီး လက်တွေ့ကျကျဆောင်ရွက်ရင်းဖြင့် မြန်မာနိုင်ငံအစိုးရရဲ့ ဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ကြိုးပမ်းအားထုတ်မှုများကို ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကူညီသွားပါမယ်။ သီလဝါအထူးစီးပွားရေးဇုန်ဟာ ဂျပန်နဲ့မြန်မာအစိုးရနဲ့ ပုဂ္ဂလိကတို့ အတူပူးပေါင်းပြီး ရန်ကုန်ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ရာမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်စေတဲ့ နေရာဖြစ်တဲ့အပြင် ပစိဖိတ်-အိန္ဒိယသမုဒ္ဒရာ နယ်မြေတစ်ဝန်းလုံးအတွက် စီးပွားရေးအသိုက်အဝန်းတစ်ခု ဖန်တီးနိုင်ပြီး မြန်မာနိုင်ငံနဲ့ တခြားဒေသများ ချိတ်ဆက်မှုကို မြှင့်တင်နိုင်ရန်အတွက် အရေးပါတဲ့ စီမံကိန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဂျပန်- မြန်မာပူးပေါင်းဆောင်ရွက်မှုကနေ အခုလိုအောင်မြင်မှုဖြစ်စဉ်ကို အရှိန်မြှင့်တင်ခြင်းအားဖြင့် နှစ်နိုင်ငံအကျိုးစီးပွားနဲ့ကိုက်ညီတဲ့မြန်မာနိုင်ငံနဲ့ အခြားဒေသများ စီးပွားရေးအလုံးစုံတိုးတက်ရေးဆီသို့ ဦးတည်သွားလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံက ပြုလုပ်နေတဲ့ ငြိမ်းချမ်းရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် လက်တွေ့ဆောင်ရွက်နေမှုတွေဟာ အိန္ဒိယ ပစိဖိတ်သမုဒ္ဒရာဒေသ တည်ငြိမ်ရေးနဲ့ ငြိမ်းချမ်းရေးအတွက် အင်မတန်အရေးကြီးပါတယ်။ မြန်မာအစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တွေဟာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ချုပ်ဆိုဖို့ လက်တွေ့ အကောင်အထည်ဖော်နိုင်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို တိုးတက်စေခြင်းအားဖြင့် လူအများအပြားဟာ ငြိမ်းချမ်းရေးအသီးအပွင့်တွေကို လက်တွေ့ ခံစားနိုင်လိမ့်မယ်လို့ ကျွန်တော်လေးလေးနက်နက် မျှော်လင့်ပါတယ်။ ဂျပန်နိုင်ငံက မြန်မာနိုင်ငံသားအားလုံး မျှော်လင့်စောင့်စားနေတဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် အစွမ်းကုန်ဝိုင်းဝန်းကူညီသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ဂျပန်က ကတိကဝတ်ပြုထားတဲ့ ယန်းဘီလီယံ ၈၀၀ နဲ့ပတ်သက်ပြီး အကူအညီတွေကို တိတိကျကျ ဘယ်လိုခွဲဝေသုံးစွဲမယ်လို့ စဉ်းစားထားပါသလဲ။**

ဖြေ။ ။ ဂျပန်နိုင်ငံအစိုးရဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ် အမြစ်တွယ်စေရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး စတာတွေကို ကူညီနိုင်ရန်အတွက် နှစ်နိုင်ငံ သဘောတူညီထားတဲ့ ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ ငါးနှစ်အတွင်း ယန်းဘီလီယံ ၈၀၀ တန်ဖိုးရှိတဲ့ အကူအညီကို ဆောင်ရွက်မယ်လို့ ကြေညာထားခဲ့ပါတယ်။ အဲဒီထဲက စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်ပြီး ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး ဒီကဏ္ဍသုံးခုမှာ ဂျပန်နိုင်ငံက ပူးပေါင်းဆောင်ရွက်မယ်လို့ အဓိက သတ်မှတ်ထားပါတယ်။ ဒီကဏ္ဍသုံးခုနဲ့ ၂၀၂၀ မတိုင်မီအထိ မြန်မာလူမျိုးများ နေထိုင်စားသောက်မှုဘဝမြှင့်တင်ရေးကို လက်တွေ့ခံစားနိုင်အောင် ကူညီထောက်ပံ့သွားမယ်လို့ ရည်ရွယ်ပါတယ်။ ဥပမာပြောရရင် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလမတိုင်မီအထိ ရန်ကုန်-တောင်ငူ ကြားရထားလမ်းကို တစ်နာရီ ကီလိုမီတာ ၁၀၀ အထိပြေးဆွဲနိုင်တဲ့ ရထားတွဲအသစ်များ တပ်ဆင်ပြေးဆွဲဖို့ ရည်ရွယ်ထားပြီး ၂၀၂၃ ခုနှစ်မှာ မန္တလေးအထိ ပြေးဆွဲနိုင်ဖို့ရည်ရွယ်ထားပါတယ်။ ရန်ကုန်-တောင်ငူ ခရီးစဉ်ကို လက်ရှိ ၇ နာရီ ပြေးဆွဲနေရာမှ ၃ နာရီခွဲလောက် ပြေးဆွဲချိန်တိုတောင်းသွားပြီး မန္တလေးအထိ ၈ နာရီခရီးနဲ့ ရောက်ရှိနိုင်မှာ ဖြစ်ပါတယ်။ အဲဒီရလဒ်အနေနဲ့နံပါတ် -၁ စီးပွားရေးမြို့တော်ဖြစ်တဲ့ ရန်ကုန်နဲ့ နံပါတ် -၂ စီးပွားရေးမြို့တော်ဖြစ်တဲ့ မန္တလေးကို ဆက်သွယ်ကာ ကုန်စည်စီးဆင်းမှုနဲ့ ပြည်သူတွေ ခရီးသွားလာမှု ပိုမိုချောမွေ့လာပြီး မြန်မာပြည်သူပြည်သားတွေရဲ့ နေထိုင်မှုဘဝကို မြှင့်တင်လာနိုင်ကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရဲ့ အရှိန်အဟုန်ကို တွန်းပို့ပေးနိုင်မယ်လို့ မျှော်လင့်ရပါတယ်။ ဒါ့အပြင် ဂျပန်နိုင်ငံက ဆက်လက်ဆောင်ရွက်နေတဲ့ ရန်ကုန်မြို့ပတ်ရထား ပြန်လည်ပြုပြင်ခြင်းအစီအစဉ်အရ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ မတိုင်မီအထိ ရထားတွဲအသစ် ၁၈ တွဲ ပြေးဆွဲပြီး ၂၀၂၂ ခုနှစ်မှာ တစ်နေ့ပြေးဆွဲတဲ့ အခေါက်ရေကို လက်ရှိ ၁၂၀ ခန့်ကနေ ၁၈၀ အထိ တိုးတက်လာမှာဖြစ်ပြီး ရန်ကုန်မြို့ထဲတွင် အလွန်အကျွံ ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အဲ့ဒီလုပ်ငန်းတွေနဲ့ ဂျပန်ကုမ္ပဏီများ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ ဘူတာဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှတစ်ဆင့် မြန်မာနိုင်ငံသားများထံ အသစ်အသစ်သော မြို့ပြလူနေမှုပုံရိပ်ကို တင်ပြပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ အခြားကဏ္ဍများနဲ့ ပတ်သက်ပြီး မြန်မာအစိုးရနှင့် စေ့စပ်ညှိနှိုင်းဆွေးနွေးပြီး မြန်မာနိုင်ငံတော်ကြီးတည်ဆောက်မှုအတွက် အကူအညီများကို ဆက်လက်ပေးအပ်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ဂျပန်ဝန်ကြီးချုပ်က မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဂျပန်နိုင်ငံရဲ့ အကူအညီများနဲ့ ပတ်သက်ပြီး ဖော်ပြခဲ့ပါတယ်။အဲဒီအကြောင်းနဲ့ ပတ်သက်ပြီး တိတိကျကျသိပါရစေ။**

ဖြေ။ ။ လယ်ယာလုပ်ငန်းဟာ မြန်မာနိုင်ငံရဲ့အခြေခံကုန်ထုတ်လုပ်ငန်းဖြစ်ပါတယ်။ မြန်မာနိုင်ငံ အစိုးရကလည်း လယ်ယာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို စီးပွားရေးမူဝါဒရဲ့အခြေခံအုတ်မြစ်တစ်ခုအနေနဲ့ ထားရှိပြီး အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ဂျပန်နိုင်ငံအစိုးရအနေနဲ့လည်း မြန်မာနိုင်ငံရဲ့ လယ်ယာထွက်ကုန် အရည်အသွေးကို မြှင့်တင်ပြီး လူဦးရေ ၆၀ ရာခိုင်နှုန်းရှိ လယ်သမားထုရဲ့ လူနေမှုဘဝမြှင့်တင်ခြင်းလုပ်ငန်းကို အလျင်အမြန် တိုးတက်စေပြီး ရန်ကုန်ရဲ့ဖွံ့ဖြိုးတိုးတက်မှုတွေက အဝေးနယ်များအထိ ပျံ့နှံ့စေရန် ရည်ရွယ်ထားပါတယ်။ အထူးသဖြင့် မြန်မာအစိုးရက ဆောင်ရွက်နေတဲ့ မန္တလေးအနောက်မြောက်ဘက်ရှိ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ကို ဗဟိုထားပြီး လယ်ယာလုပ်ငန်း ဝင်ငွေမြှင့်တင်ခြင်းဆိုင် ရာအစီအစဉ်များကို အကူအညီပေးလျက်ရှိပါတယ်။ အဲဒီအကူအညီတွေထဲမှာ ဆည်မြောင်း တာတမံများနှင့် လယ်ယာမြေများ ပြုပြင်ပေးခြင်း၊ စိုက်ကွင်းမှ ဈေးကွက်ထိသယ်ယူပို့ဆောင်ပေးနိုင်တဲ့ လမ်းပန်းဆက်သွယ်ရေးကဲ့သို့သော စိုက်ပျိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှုတို့ပါ ပါဝင်ပါတယ်။ ထို့အပြင် ၎င်းတို့နဲ့အတူ စိုက်ပျိုးရေးသုံးရေ စီမံခန့်ခွဲရေးနဲ့ စံပြစိုက်ကွင်းလုပ်သားများအတွက် အကူအညီပေးရေးစတဲ့ နည်းပညာ ပူးပေါင်းဆောင်ရွက်မှုတွေကိုလည်း လုပ်ဆောင်ရင်း ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ခြင်းနဲ့အတူ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မော်ဒယ်ကို ဖော်ဆောင်ပေးမယ်လို့ ရည်ရွယ်ထားပါတယ်။ မြန်မာနိုင်ငံအစိုးရရဲ့ အစီအစဉ်တွေက ဂျပန်နိုင်ငံရဲ့ အကူအညီများနဲ့ အောင်မြင်ရင် တခြားသောဒေသများအထိ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့သွားခြင်းဖြင့် မြန်မာနိုင်ငံရဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ကြီးမားစွာ အထောက်အကူပြုနိုင်လိမ့်မယ်လို့ စဉ်းစားထားပါတယ်။

*စာမျက်နှာ ၆ သို့*

**“ ဂျပန်နိုင်ငံအစိုးရဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ် အမြစ်တွယ်စေရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး စတာတွေကို ကူညီနိုင်ရန်အတွက် နှစ်နိုင်ငံ သဘောတူညီထားတဲ့ ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ငါးနှစ်အတွင်း ယန်းဘီလီယံ ၈၀၀ တန်ဖိုးရှိတဲ့ အကူအညီကို ဆောင်ရွက်မယ် ”**

# တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအား ဒုတိယသမ္မတ ဦးမြင့်ဆွေ လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၂**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး H.E. Mr. Mohammad Sufiur Rahman အား ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေး၊ ကုန်သွယ်ရေးနှင့် နေရပ်စွန့်ခွာသူများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး **H.E. Mr. Mohammad Sufiur Rahman** အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်




ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

▲ *ကျောဖုံးမှ*

တိုင်းရင်းဆေးဝါးများကို ခေတ်မီပစ္စည်းကိရိယာများ၊ ခေတ်မီနည်းစနစ်များနှင့် ပေါင်းစပ်ပြီး စနစ်တကျ သုတေသနပြုကာ စံချိန်စံညွှန်းများ ဖော်ထုတ်၍ နိုင်ငံတကာ အဆင့်မီ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**အားပေးဆောင်ရွက်**

နိုင်ငံတော်အစိုးရကလည်း မေ့မှိန်ပျောက်ကွယ်လုဖြစ်နေသည့် ဆေးပညာရပ်တွေ တတ်ကျွမ်းနားလည်သည့် တိုင်းရင်းဆေး သမားတော်ကြီးများ၊ တိမ်မြုပ်ပျောက်ကွယ်နေသည့် မြန်မာ့တိုင်းရင်းဆေးပညာဆိုင်ရာ ပေပုရပိုက်များနှင့် ဆေးကျမ်းများ၊ အစွမ်းထက်ကုထုံးများ၊ အာနိသင်ထက်မြက်သည့် ဆေးဝါးများ၊ အဖိုးထိုက်တန်လှသည့် ဆေးဖက်ဝင် ပရဆေးပင်နှင့် ဆေးဖက်ဝင် သဘာဝသယံဇာတများ ပြန်လည်ဖော်ထုတ်နိုင်စေရန် အဘက်ဘက်မှ အားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

အနယ်နယ်အရပ်ရပ်မှ မြန်မာ့တိုင်းရင်းဆေး သမားတော်ကြီးများ နှစ်စဉ်ဆုံစည်း၍ ပညာဖလှယ်နိုင်ကြရန်အတွက် နိုင်ငံတော်အဆင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲများကိုလည်း နှစ်စဉ်မပျက် ကျင်းပစေလျက်ရှိပါကြောင်း။

ယမန်နှစ်က နှီးနှောဖလှယ်ပွဲကြီး၏ အဆိုပြုချက်များအတိုင်း ရှေ့လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့တိုင်းရင်းဆေးပညာဆိုင်ရာ သုတေသနလုပ်ငန်း ၂၆ ခုကို နိုင်ငံတော် ဘတ်ဂျက်နှင့် ဆောင်ရွက်ရန် စီစဉ်ထားပြီး ဖြစ်ပါကြောင်း၊ ကျင့်ဝတ်နှင့် ကိုက်ညီပြီး တိုင်းရင်းဆေး ပညာပိုင်းဆိုင်ရာအရ မှန်ကန်မှုရှိသည့် တိုင်းရင်းဆေးဝါးကြော်ငြာများနှင့် အဆင့်အတန်းမြင့်မားသည့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများ ထွက်ပေါ်လာရေးအတွက်ကိုလည်း နိုင်ငံတော်မှ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုအခါ ထုတ်လုပ်မှုနည်းစဉ်များနှင့် ထုပ်ပိုးသိုလှောင်မှုစနစ်များတွင် နိုင်ငံတကာအဆင့်မီ အသုံးပြုထုတ်လုပ်သည့် ခေတ်မီတိုင်းရင်းဆေးဝါး လုပ်ငန်းများလည်း ပုဂ္ဂလိကကဏ္ဍတွင် စတင်ဖြစ်ထွန်းလျက်ရှိနေပြီဖြစ်ပါကြောင်း။

**ဝိုင်းဝန်းကြိုးစား**

ထို့ပြင် အာဆီယံစီးပွားရေး အသိုက်အဝန်း (AEC) တွင် တိုင်းရင်းဆေးနှင့် ကျန်းမာရေး ဖြည့်စွက်စာများနှင့် ပတ်သက်ပြီး လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း အတတ်နိုင်ဆုံး ကိုက်ညီအောင် ကြိုးစားပြင်ဆင်ပြီး ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ပင်ကိုအားဖြင့် အနှစ်သာရပြည့်ဝပြီး အခြေခိုင်ခံ့သည့် ပညာရပ်စစ်စစ်တစ်ခု ဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာနှင့် အစွမ်းအာနိသင် ထက်လှသည့် မြန်မာ့တိုင်းရင်းဆေးဝါးများကို နိုင်ငံတကာက အသိအမှတ်ပြု အောင်မြင်ကျော်ကြားလာစေရန်နှင့် မြန်မာ့တိုင်းရင်းဆေးပညာဆိုင်ရာ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့် ရရှိသင့်သည်များကို ရရှိအောင် ဆောင်ရွက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးစားကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှု၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပံ့ပိုးကူညီမှုနှင့်အတူ မြန်မာ့တိုင်းရင်းဆေးသမားတော်များအားလုံးက ညီလာခံကြီးတွင် ညီညီညွတ်ညွတ်ဖြင့် လက်တွဲပူးပေါင်းပြီး နှီးနှောဖလှယ်ပွဲ၏ ရည်ရွယ်ချက်များဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာ၏ သမားစဉ်ကုထုံးနည်းစနစ်များနှင့် အစွမ်းထက်ဆေးဝါးများကို ရောဂါအလိုက် ရှာဖွေဖော်ထုတ်၍ တိုင်းရင်းဆေးရုံများနှင့် တိုင်းရင်းဆေးကုဌာနများတွင် လက်တွေ့အသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ မြန်မာ့တိုင်းရင်းဆေးပညာအဆင့်အတန်းကို နိုင်ငံတကာအဆင့်သို့ မြှင့်တင်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားရန်၊ မြန်မာ့တိုင်းရင်းဆေးပညာနှင့် ကျန်းမာရေးပညာပေးခြင်းကို အိမ်ရှင်မများထံ ရောက်ရှိအောင် ဆောင်ရွက်ရန်၊ နယကြီးလေးပါးကို အခြေခံသည့် မြန်မာ့တိုင်းရင်းဆေးပညာကုထုံး နည်းစနစ်များကို အမျိုးသားရေး အမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ပြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်၊ ခေတ်အဆက်ဆက် တိုင်းရင်းဆေးပညာသင်ကြားရေးစနစ်များကို ဆန်းစစ်သုံးသပ်ပြီး မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက် ပြန့်ပွားရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် စသည့် ရည်ရွယ်ချက်များကို ရှေ့လုပ်ငန်းစဉ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

**ဂုဏ်ပြုသဝဏ်လွှာ ဖတ်ကြား**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ (၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲသို့ ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဖတ်ကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ လွှတ်တော်ရေးရာကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ နိုင်ငံခြားသံရုံးများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းဆေး ကောင်စီဝင်ဆရာကြီးများ၊ တိုင်းရင်းဆေး ပညာရပ်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ဗဟို)ဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းရှင်များ၊ ညီလာခံကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ဒုတိယသမ္မတသည် ဧည့်သည်တော်များနှင့်အတူ အဆိုပါခန်းမအတွင်း၌ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး လုပ်ငန်းရှင်များက ခင်းကျင်းပြသထားသည့် တိုင်းရင်းဆေးဝါးပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးသည်။

မြန်မာ့ တိုင်းရင်းဆေးလောကဘက်စုံ အဆင့်အတန်းမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့တိုင်းရင်းဆေးဆရာများ၏ ကျင့်ဝတ်သိက္ခာ မြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများ၏ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရေးနှင့် မြန်မာ့တိုင်းရင်းဆေးဝါးများ ပိုမိုကောင်းမွန်လာစေရေး စသည့် ရည်ရွယ်ချက်များဖြင့် (၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်၊ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်းနှင့် အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဇော်လင်းထွဋ်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ နိုင်ငံခြားသံရုံးများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းဆေး ကောင်စီဝင် ဆရာကြီးများ၊ တိုင်းရင်းဆေး ပညာရပ်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း ဗဟိုဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းရှင်များ၊ ညီလာခံကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပသည့် (၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**

*စာမျက်နှာ ၅ မှ*

**မေး။ ။ ရခိုင်ဒေသအခြေအနေနဲ့ပတ်သက်ပြီး ဂျပန်နိုင်ငံရဲ့ သဘောထားနဲ့ အနာဂတ်မှာ ကူညီထောက်ပံ့ဖို့ ဘယ်လိုအစီအစဉ်ရှိပါသလဲ။**

ဖြေ။ ။ ဂျပန်နိုင်ငံအစိုးရဟာ ရခိုင်ဒေသအခြေအနေနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံအစိုးရ၊ တပ်မတော်တို့နဲ့ တိုက်ရိုက်ဆက်သွယ်ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်နေပါတယ်။ ဂျပန်နိုင်ငံအစိုးရက မြန်မာနိုင်ငံအစိုးရရဲ့ လူ့အခွင့်အရေးကို ထည့်သွင်းစဉ်းစားရင်း လုံခြုံရေးပြန်လည်တည်ဆောက်ခြင်းကို အထူးအလေးထားပါတယ်။ ဒါ့အပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဦးဆောင်ဖွဲ့စည်းပေးထားတဲ့ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)ကော်မတီအောက်မှာ ၁ - ကုလသမဂ္ဂအပါအဝင်ဖြစ်သော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက်ပေးအပ်ရေး ဆောင်ရွက်ရန်၊ ၂ - ဒုက္ခသည်များ ဘေးကင်းစွာ မိမိသဘောဆန္ဒအလျောက် ပြန်လာနိုင်ရေးနဲ့ ပြန်လည်နေရာချထားပေးရန်၊ ၃ - ကိုဖီအာနန် အကြံပေးကော်မတီရဲ့ အကြံပြုချက်များကို အကောင်အထည်ဖော်ခြင်းအားဖြင့် အခြေခံစိန်ခေါ်မှုများကို ဖြေရှင်းရာမှာ တိုးတက်စေရန် လေးလေးနက်နက် မျှော်လင့်ထားပါတယ်။

ဂျပန်နိုင်ငံအစိုးရက ဒီလို မြန်မာနိုင်ငံအစိုးရရဲ့ ကြိုးပမ်းအားထုတ်မှုများကို ကူညီနိုင်ရန်အတွက် အစီအစဉ်ရှိပါတယ်။ ပြီးခဲ့တဲ့လက ဂျပန်ဝန်ကြီးချုပ် မစ္စတာအာဘေးက သမ္မတကြီး ဦးထင်ကျော်ကို ရခိုင်ပြည်နယ်အတွင်းရှိ လမ်းများ ကတ္တရာခင်းခြင်း လုပ်ငန်း၊ လျှပ်စစ် ဓာတ်အားလိုင်း ပြန်လည်ပြုပြင် အဆင့်မြှင့်တင်နိုင်ရေး၊ စာသင်ကျောင်း ၁၅ ကျောင်း ဆောက်လုပ်ပေးရေးတို့ကို ကူညီမယ့်အကြောင်း ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် ယခုဧရီးစဉ်မှာလည်း ဂျပန်နိုင်ငံအစိုးရဟာ အထူးသဖြင့် မကြာမီ ပြန်ရောက်လာတော့မယ့် ထွက်ပြေးတိမ်းရှောင်သူများ လက်ခံရေးနဲ့ ပြန်လည်နေရာချထားရေးအတွက် အရေးပေါ်အကူအညီအနေနဲ့ ထွက်ပြေးတိမ်းရှောင်သူတွေရဲ့ လူနေမှုဘဝမှာ မရှိမဖြစ်လိုအပ်တဲ့ ကုန်ပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကတစ်ဆင့် ဒေါ်လာသုံးသန်း လှူဒါန်းသွားဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒါ့အပြင် ဂျပန်နိုင်ငံအစိုးရဟာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှတစ်ဆင့်လည်း ရခိုင်ပြည်နယ်ရှိ ပြည်သူများအား အရေးပေါ်အကူအညီများ ပေးအပ်မည်ဖြစ်ပြီး အနာဂတ်မှာလည်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ်အတွင်းမှာ ယခင်ကတည်းက ဂျပန်နိုင်ငံရဲ့အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများက လုပ်ကိုင်ပေးလျက် ရှိပါတယ်။ Bridge Asia Japan ဟာ အသက်မွေးဝမ်းကျောင်းဆိုင်ရာနဲ့ နည်းပညာပိုင်းဆိုင်ရာသင်တန်းများကို ဖွင့်လှစ်လျက်ရှိပြီး အဲ့ဒီ အသက်မွေးဝမ်းကျောင်းသင်တန်းမှတစ်ဆင့် လူမှုအသိုက်အဝန်းဆိုင်ရာ အခြေခံအဆောက်အအုံများကို နိုပွန်ဖောင်ဒေးရှင်းနဲ့အတူ ပူးပေါင်းပြီး ကျောင်းပေါင်း ၁၀၀ ဆောက်လုပ်ခြင်း စတဲ့ ကူညီမှုများကို လုပ်ကိုင်လျက်ရှိပါတယ်။ အဲ့ဒီလို ကူညီပေးခဲ့တာဟာ အစ္စလာမ်ဘာသာဝင်များနဲ့ ဗုဒ္ဓဘာသာဝင်များ အပါအဝင်ဖြစ်တဲ့ အမျိုးမျိုးသောလူမှုအသိုက်အဝန်း လူငယ်များနဲ့ ကလေးငယ်များ လေ့လာသင်ယူနိုင်ရန်၊ အပြန်အလှန်နားလည်မှု ပိုမိုနက်ရှိုင်းလာစေရန် အခွင့်အလမ်းများကို ကူညီခြင်းလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ အဲဒီအခြေခံလူတန်းစားများထံ တိုက်ရိုက်သက်ရောက်စေတဲ့ လှုပ်ရှားမှုတွေကို လုပ်ကိုင်နေပြီး ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ဖို့ လေးလေးနက်နက် ဆန္ဒပြုပါတယ်။ ဂျပန်နိုင်ငံရဲ့ အကူအညီများဟာ မြန်မာအစိုးရနဲ့ ပြည်သူများအားလုံးရဲ့ ကြိုးစားအားထုတ်မှုကို ရှေ့ဆက်နိုင်ဖို့ အထောက်အကူဖြစ်စေလိမ့်မယ်လို့ ယုံကြည်ပါတယ်။ **ဖိုးသက်**

# မြန်မာ-ဂျပန် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ ဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၁၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရော့ ခိုနို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဗေဒါသီရိဗိမာန်ညှော့ခန်းမ ဆောင်၌ လက်ခံတွေ့ဆုံသည်။**(ဝဲပုံ)**

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်တိုးတက်လျက်ရှိသည့် အခြေအနေများ၊ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရာ၌ ဂျပန်နိုင်ငံ၏ အထောက်အကူပေးမှုများ၊ အာရှဒေသ ကုန်သွယ်ရေလမ်းကြောင်း လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ်ဖြစ်စဉ်များနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်နေမှုအခြေအနေများ၊ ရခိုင်ပြည်နယ်အတွက် ဂျပန်နိုင်ငံက အကူအညီပေးမည့်ကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရခိုင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံ များ ဆောင်ရွက်နိုင်သော စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ကုန်ထုတ်လုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖန်တီးပေးခြင်း၊ နည်းပညာများ ကူညီပေး ခြင်းက ဒေသခံပြည်သူများ၏ ဘဝရပ်တည်ရေးအတွက် ပိုမိုအကျိုးရှိ အထောက်အကူပြုနိုင်ပြီး ပြည်သူ လူထုကလည်း ပိုမိုလိုလားကြမည်ဟု ထည့်သွင်းဆွေးနွေးပြော ကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၄ မှ*

"ဦးစားပေးရမယ့် ကိစ္စကတော့ လူ့အသိုင်းအဝိုင်းတွေရဲ့ ကြားမှာ ပြန်လည်သင့်မြတ်မှုကို ဘယ်လို အကောင်အထည်ဖော်နိုင်မလဲဆိုတာ ဖြစ်ပါတယ်။ ဒုက္ခသည်တွေပြန်လာဖို့ ကိစ္စကတော့ အထူးဂရုစိုက်ပြီး လူ့အသိုင်းအဝိုင်းအကြား ခွဲခြားဖို့မဟုတ်ဘဲ လူ့အသိုင်းအဝိုင်းအကြား ပြန်လည်သင့်မြတ်ရေးကို အကောင်အထည်ဖော် ဖန်တီးနိုင်ရေး ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။

**ကူညီထောက်ပံ့**

"ဂျပန်နိုင်ငံအနေနဲ့ ဒီလိုမျိုး ထင်မြင်ယူဆချက်အရ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ မြန်မာအစိုးရကို ကူညီဆောင်ရွက်ဖို့ တတ်နိုင်သလောက် ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်၊ ဒုက္ခသည်တွေ ပြန်လည်နေရာချထားနိုင်ရေးအတွက် ကူညီထောက်ပံ့ရေး၊ ရခိုင်ပြည်နယ်မှာရှိတဲ့ လူမှုအသိုင်းအဝိုင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေ ကောင်းမွန်စေဖို့အတွက် ကူညီထောက်ပံ့သွားမှာ ဖြစ်ပါတယ်။

"ဒီလိုလုပ်တဲ့အခါမှာ ဂျပန်နိုင်ငံအနေနဲ့ ပိုပြီးအကူအညီပေးအပ်နိုင်တဲ့ကဏ္ဍရှိတယ်ဆိုရင် ဘယ်လိုလုပ်နိုင်မလဲဆိုတာ ကျွန်တော်တို့ ရှာဖွေသုံးသပ်သွားမှာဖြစ်ပါတယ်၊ ရခိုင်ပြည်နယ်မှာ ရှိနေတဲ့ လူ့အသိုင်းအဝိုင်းတွေအားလုံးရဲ့ ကြားမှာ သင့်မြတ်ရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးကို အကောင်အထည်ဖော်နိုင်အောင် ပြင်းပြစွာ မျှော်လင့်ပါတယ်" ဟု ဖြေကြားသည်။

နိုင်ငံတကာ အသိုင်းအဝိုင်းမှ ဝေဖန်နေမှုများ၊ နယ်မြေရှင်းလင်းရေး ဆောင်ရွက်စဉ် အင်းဒင်ကျေးရွာ၌ ဘင်္ဂါလီများ သတ်ဖြတ်ခံရသည့်ကိစ္စ၊ ဒုက္ခသည်များ ပြန်လာရေး ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ မေးမြန်းမှုကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဖြေကြားရာတွင် "ရခိုင်ပြည်နယ်နဲ့ ပတ်သက်ပြီး နိုင်ငံတကာက အင်မတန်မှ အလေးထား၊ စိတ်ဝင်စားနေတယ်ဆိုတာ သိပါတယ်၊ ဒါပေမယ့် ကျွန်မတို့ လုပ်ရတာက အင်မတန်မှ ကျယ်ပြန့်ပါတယ်၊ ကျွန်မတို့နိုင်ငံရဲ့ ကိစ္စကို ကြည့်တဲ့အခါ ရခိုင်ပြည်နယ်တစ်ခုတည်းကိုကွက်ပြီး ကြည့်လို့ မရပါဘူး၊ ရခိုင်ပြည်နယ်ဆိုတာဟာ ကျွန်မတို့ရဲ့ ပြည်ထောင်စုရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်ပါတယ်၊ ဒါပေမယ့် ကျွန်မတို့ဟာ ပစ္စုပ္ပန်မှာဖြစ်နေတဲ့ ပြဿနာတွေတင်မကဘဲ ကျွန်မတို့ရဲ့ ရေရှည်ပန်းတိုင်ကိုလည်း မျက်ခြည်ပြတ်လို့ မဖြစ်ပါဘူး၊ ဒါ့ကြောင့်မို့ စောစောတုန်းက ဝန်ကြီး ခိုနို ပြောသွားတဲ့ အတိုင်းပါပဲ၊ အဓိက အရေးကြီးတာက ရေရှည်မှာ ရခိုင်ပြည်နယ်မှာ နေထိုင်တဲ့ ကျွန်မတို့ရဲ့ ပြည်သူပြည်သားတွေအားလုံး ကြားထဲမှာ သင့်မြတ်မှုရှိဖို့၊ ခင်မင်မှုရှိဖို့၊ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုရှိဖို့ပါ၊ အဲဒါကို ကျွန်မတို့ အလေးထားပြီး လုပ်ရမှာဖြစ်ပါတယ်၊ ပြီးတော့ ဝေဖန်မှုတွေကတော့ရှိမှာပဲ၊ ဝေဖန်နေတာက အပြုသဘောဆောင်တဲ့ ဝေဖန်မှုလည်းရှိတယ်၊ အပြုသဘောမဆောင်တဲ့ ဝေဖန်မှုလည်းရှိတယ်၊ ဒါတွေကို ကျွန်မတို့က သေသေချာချာ လေ့လာပြီးတော့ ဘယ်လို ကျွန်မ တို့အနေနဲ့ လုပ်သင့်တယ်ဆိုတာကို ဆုံးဖြတ်ရမှာပါ၊ နောက်ဆုံး ဆုံးဖြတ်ချက်တွေရဲ့ အဓိကရလဒ်ကို ခံစားရမှာက ကျွန်မတို့ နိုင်ငံသူ နိုင်ငံသားတွေပဲဖြစ်ပါတယ်၊ နောက် အင်းဒင်ရွာကိစ္စပေါ့၊ အင်းဒင်ရွာကိစ္စမှာ သတ်ဖြတ်မှုတွေဖြစ်ခဲ့တယ်၊ သတ်ဖြတ်မှုတွေဖြစ်ခဲ့လို့ အခု တပ်မတော်ကနေပြီးတော့ စိစစ်ပြီးတော့ အရေးယူမယ်ဆိုတာ ကျွန်မတို့ရဲ့ နိုင်ငံအတွက်က ခြေလှမ်းအသစ်တစ်ခုကို ရှေ့လှမ်းတာလို့ပဲ ဒီလိုပဲမြင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ နောက်ဆုံးကျရင် နိုင်ငံတစ်နိုင်ငံဟာ ကိုယ့်နိုင်ငံအတွင်းမှာရှိတဲ့ တရားဥပဒေစိုးမိုးရေးကို ကိုယ့်ဘာသာတာဝန်ယူရမှာ ဖြစ်ပါတယ်၊ အဲဒီတော့ ဒီဟာက ကိုယ့်ဟာကိုယ်တာဝန်ယူတဲ့ နေရာမှာ၊ တာဝန်ယူတဲ့ လမ်းကြောင်းပေါ်မှာ စပြီးလှမ်းတယ်ဆိုတာ အပေါင်းလက္ခဏာနဲ့ မြင်ဖို့ ဖြစ်ပါတယ်၊ ဒါဟာလည်း ကြောက်သွားမလားဆိုတော့ ကြောက်တဲ့လူတွေကလည်း ကြောက်သွားနိုင်ပါတယ်၊ ဒါပေမယ့် အခုဖြစ်တဲ့ကိစ္စ မဟုတ်ပါဘူး၊ အရင်တုန်းကဖြစ်တဲ့ကိစ္စကို ပြန်ပြီးတော့ စုံစမ်းတာပါ၊ ဒါကြောင့်မို့လို့ ကျွန်မတို့က စုံစမ်းခြင်းအားဖြင့် နောင် ဒီလိုကိစ္စမျိုးတွေ မဖြစ်အောင်လို့ အဟန့်အတားတစ်ခုအနေနဲ့ ဖြစ်လာမယ်လို့ ယုံကြည်ပါတယ်၊ ဒုက္ခသည်တွေကို ပြန်လည်ပြီးတော့ လက်ခံရေးနဲ့ ပတ်သက်ပြီးတော့ ဝန်ကြီး ခိုနိုက အင်မတန်မှ ပြည့်ပြည့်စုံစုံပြောသွားပြီးပြီ ဖြစ်ပါတယ်၊ အားလုံးကို ပြင်ဆင်ပေးထားသင့်တဲ့ ကိစ္စတွေကို ပြင်ဆင်မှာ ဖြစ်ပါတယ်"ဟု ဖြေကြားသည်။

**သတင်းစဉ်**

---

## ဂျပန်နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်လေ့လာ

ရန်ကုန် ဇန်နဝါရီ ၁၂

**ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရော့ခိုနို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်ကြည့်ရှုလေ့လာသည်။**



ရှေးဦးစွာ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ Myanmar Japan Thilawa Development Ltd မှ CEO@President Mr. TOMOYASU SHIMIZU နှင့်သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်တို့က သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ စက်ရုံများ လုပ်ငန်းလည်ပတ်နေမှု အခြေနေများကို ရှင်းလင်းပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန်တွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ဖွင့်လှစ်ထားသည့် ONE STOP SERVICE CENTER သို့ သွားရောက်လေ့လာရာ ဒုတိယဝန်ကြီး ဦးဆက်အောင်က လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သီလဝါအထူးစီးပွားရေးဇုန်တွင် ဂျပန်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံပြီး Speaker နှင့် Earphone ထုတ်လုပ်နေသည့် Foster Electric Thilawa Company သို့သွားရောက်ပြီး စက်ရုံအတွင်း ကြည့်ရှုလေ့လာကြသည်။

သီလဝါ အထူးစီးပွားရေးဇုန်တွင် ဇုန်(A)ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ဇုန် (B) ရှိ ဟက်တာ ၁၀၀ ကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်အကောင်အထည်ဖော်ခဲ့သည်။

ယခုအခါ သီလဝါအထူးစီးပွားရေးဇုန်တွင် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံပြီး စက်ရုံ ၈၉ ရုံ ခွင့်ပြုမိန့်ကျထားကာ စက်ရုံ ၃၉ ရုံ လုပ်ငန်းများ လည်ပတ်လျက်ရှိသည်။

သီလဝါ အထူးစီးပွားရေးဇုန်ကို ဂျပန်နိုင်ငံမှ ပြင်ပအခြေခံအဆောက်အအုံများ၊ လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေးနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် ODA (Oversea Development Assistant Loan) ဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ညနေပိုင်းတွင် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးသည် ရန်ကုန်မြို့ရှိ Melia ဟိုတယ်၌ ဂျပန်စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့သည်။ **သတင်းစဉ်**

---

# နယ်စပ်ဒေသတိုင်းရင်းသားလေ့လာရေးအဖွဲ့များ နေပြည်တော်အတွင်း ဆက်လက်လေ့လာ

**နေပြည်တော် ဇန်နဝါရီ ၁၂**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ နေပြည်တော်သို့ ရောက်ရှိနေသော နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားလူငယ်များသည် လေ့လာရေးအစီအစဉ် စတုတ္ထနေ့အဖြစ် ယနေ့ နံနက်ပိုင်းတွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၊ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (MWD)၊ သူရဲကောင်းဗိမာန်၊ အမျိုးသားပြတိုက်နှင့် Ocean Shopping Center တို့အား သွားရောက်လေ့လာသည်။**(ယာပုံ)**

ရှေးဦးစွာ တိုင်းရင်းသားလေ့လာရေးအဖွဲ့များသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအတွင်းသို့ ရောက်ရှိကြပြီး အားကစားနည်းအလိုက် လေ့ကျင့်နေမှုများ၊ အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲဝင် အားကစားနည်းများ ပြခန်းများနှင့် လေ့ကျင့်ရေးကွင်းများ၊ အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုရရှိသူများနှင့် အားကစားနည်း အလိုက်ပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာရာ ဝဏ္ဏသိဒ္ဓိအားကစားကွင်း တာဝန်ခံက လိုက်လံရှင်းလင်းပြသသည်။



ထို့နောက် တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (MWD) သို့ ရောက်ရှိလေ့လာရာ တာဝန်ရှိသူ တစ်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြဝတီရုပ်မြင်သံကြား၏ သမိုင်းကို ဗီဒီယို ပရိုဂျက်တာဖြင့် ပြသခဲ့ပြီးနောက် တိုင်းရင်းသား၊ တိုင်းရင်းသူများက ရိုးရာယဉ်ကျေးမှုများအားဖလှယ်ခြင်း အစီအစဉ်အရ ရိုးရာအကများဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။ လေ့လာရေးအဖွဲ့များသည် မြဝတီရုပ်မြင်သံကြား ထုတ်လွှင့်ရေးစက်ရုံအတွင်းရှိ ဂြိုဟ်တုစလောင်းများဖြင့် ရုပ်သံထုတ်လွှင့်နေမှုများ၊ တိုက်ရိုက် ရိုက်ကူးထုတ်လွှင့်မှု ယာဉ်များ သတင်းထုတ်လွှင့်နေမှုများ၊ သတင်း ရိုက်ကူးခြင်း၊ တည်းဖြတ်ခြင်း၊ သတင်း ထုတ်ပြန်ခြင်း ဆောင်ရွက်နေမှုများအား လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ တိုင်းရင်းသားလေ့လာရေးအဖွဲ့များသည် မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ လွတ်လပ်ရေးထိန်းသိမ်းမှုနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တည်ဆောက်ကြိုးပမ်းမှုသမိုင်း၌ နိုင်ငံတော်အတွက် အသက်ကိုစွန့်လွှတ်၍ပင် မှန်ကန်ရဲဝံ့စွာ ဆောင်ရွက်ခဲ့ကြသည့် သူရဲကောင်းတို့၏ ကွန်းခိုရာ သူရဲကောင်းဗိမာန်သို့ သွားရောက်၍ သူရဲကောင်း စစ်သည်တော်များအား အလေးပြုခြင်း၊ ဂုဏ်ပြုပန်းခြင်းချခြင်းများ ပြုလုပ်ခဲ့ပြီး ဗိမာန်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

ထို့နောက် ညနေပိုင်းတွင် အမျိုးသားပြတိုက်နှင့် ဥတ္တရသီရိမြို့နယ် Ocean Shopping Center သို့ သွားရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ဉာဏာလင်္ကာရာဘိဝံသနှင့် ဆရာတော်ကြီးများ တရုတ်နိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့ ဒုတိယဉက္ကဋ္ဌ ကျင်အန်းဘုရားကျောင်း ဆရာတော်နှင့်အဖွဲ့အား တွေ့ဆုံစဉ်။

# မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်ဆရာတော်၊ မော်ကွန်းထိန်းဆရာတော် အမှူးပြုသော ပါမောက္ခဌာနမှူး ဆရာတော်များ တရုတ်ဗုဒ္ဓဘာသာအဖွဲ့ ဒုတိယဉက္ကဋ္ဌ ကျင်အန်းဘုရားကျောင်း ဆရာတော်နှင့်အဖွဲ့အား တွေ့ဆုံ

**မန္တလေး ဇန်နဝါရီ ၁၂**

မန္တလေးမြို့နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ဉာဏာလင်္ကာရာဘိဝံသ၊ မော်ကွန်းထိန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကေသရ အမှူးပြုသော ဆရာတော်ကြီးများ၊ တရုတ်နိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့ ဒုတိယဉက္ကဋ္ဌ ကျင်အန်းဘုရားကျောင်း ဆရာတော်နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက အဆိုပါ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် လသာဆွမ်းစားကျောင်းဆောင်တွင် လက်ခံတွေ့ဆုံသည်။

**သာသနာရေးကိစ္စရပ်များဆွေးနွေး**

ရှေးဦးစွာ မော်ကွန်းထိန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ကေသရက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၏ သာသနာပြု လုပ်ငန်းများ ဆောင်ရွက်နေမှုများကို မိန့်ကြားပြီး ဒုတိယဉက္ကဋ္ဌ ကျင်အန်းဘုရားကျောင်းဆရာတော်ကြီးက တရုတ်နိုင်ငံသို့ ဆရာတော်ကြီးများ ကြွရောက်လေ့လာ၍ ထေရဝါဒဗုဒ္ဓတရားတော်များ ဟောကြားချီးမြှင့်ပေးရန် ဖိတ်ကြားပြီး နှစ်နိုင်ငံ ဆရာတော်များ သာသနာရေး ဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

**ဓမ္မလက်ဆောင်များ ပေးအပ်**

ထို့နောက် တရုတ်နိုင်ငံဗုဒ္ဓဘာသာအဖွဲ့မှ ဆွမ်းပဒေသာပင်အတွက် ငွေကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းရာ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်သိန်းဦးနှင့် ဦးဇော်ဦးတို့က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင် ဝမ်းမြောက်စကား ပြန်လည်လျှောက်ထားခဲ့သည်။ ထို့နောက် ဒုတိယပါမောက္ခချုပ် ဆရာတော်က ဒုတိယဉက္ကဋ္ဌ ကျင်အန်းဘုရားကျောင်း ဆရာတော် HUIMING အား ဓမ္မလက်ဆောင်များ ပေးအပ်သည်။

**ဖူးမြော်ကြည်ညို**

အဆိုပါ တရုတ်နိုင်ငံဗုဒ္ဓဘာသာအဖွဲ့ ဒုတိယဉက္ကဋ္ဌ ကျင်အန်းဘုရားကျောင်း ဆရာတော်နှင့်အဖွဲ့သည် မန္တလေးမြို့ မဟာမုနိ ရုပ်ရှင်တော်မြတ်နှင့် မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး မြနန်းစံကျော် ရွှေနန်းတော်အား သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁၂

**၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံတို့သို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ဆက်လက်ပေးပို့လျက်ရှိကြသည်။**

**ဩစတြီးယားသမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ဩစတြီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဒေါက်တာ အလက်ဇန္ဒြား ဗန်ဒယ်ဘယ်လန်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နွေးထွေးစွာဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ရသည့်အတွက် များစွာပျော်ရွှင်မိပါသည်။ မြန်မာနိုင်ငံ ပြည်သူပြည်သားများ ပျော်ရွှင်ဖွယ်အနာဂတ်ကို ပိုင်ဆိုင်ကြပါစေကြောင်း ဆုမွန်ကောင်းများ ပေးပို့လိုက်ရပါသည်ဟူ၍ ဖော်ပြပါရှိပါသည်။

**ဆားဘီးယားသမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်( ၇၀) ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဆားဘီးယားသမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်(၁) နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အိုင်ဗစ်ကာဒါစစ်တို့က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဆားဘီးယားနိုင်ငံနှင့် ဆားဘီးယားနိုင်ငံခြားရေးဝန်ကြီး ဌာနကိုယ်စား ကျွန်ုပ်က ဝမ်းသာလှိုက်လှဲကြောင်းဖော်ပြရင်း မြန်မာနိုင်ငံနှင့် ပြည်သူပြည်သားများအားလုံး အောင်မြင်တိုးတက်မှုများရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဆားဘီးယားပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတို့၏ ခင်မင်ရင်းနှီးသည့် ဆက်ဆံရေးသည် ဖွံ့ဖြိုးတိုးတက်မှုရရှိပြီး နှစ်နိုင်ငံစလုံး၏ အပြန်အလှန်စိတ်ဝင်စားမှုနှင့် ကျေနပ်အားရမှုကိုရရှိနိုင်ရန် အားဖြည့်ပေးနိုင်လိမ့်မည်ဟု ယုံကြည်လျက်ရှိပါသည်။ ဆားဘီးယားနိုင်ငံ၏ အရေးကိစ္စများတွင် မြန်မာနိုင်ငံအနေဖြင့်ကောင်းမွန်သည့်ဘက်မှ ရပ်တည်ခဲ့မှုအတွက် ကျေးဇူးတင်ရှိပါသည်။ မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသည့် ကိစ္စရပ်များသည် မကြာမီတည်ငြိမ်မှုရရှိလာပြီး မြန်မာပြည်သူများ၏ အကျိုးစီးပွားတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်မိပါကြောင်း ဆန္ဒပြုအပ်ပါသည်ဟူ၍ ဖော်ပြပါရှိပါသည်။

**အယ်လ်ဂျီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ အယ်လ်ဂျီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ ဝန်ကြီးချုပ် မစ္စတာ အာမက်အိုရာဟီးယားက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အယ်လ်ဂျီးယားအစိုးရကိုယ်စား ကျွန်ုပ်က ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် အဆွေတော် ကျန်းမာပျော်ရွှင်ပါစေကြောင်း၊ ခင်မင်နှစ်လိုဖွယ်ကောင်းသည့် မြန်မာနိုင်ငံပြည်သူများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများနှင့် အကျိုးစီးပွားတိုးတက်မှုများ ရရှိပါစေကြောင်း ကျွန်ုပ်က ဝမ်းသာလှိုက်လှဲစွာဖြင့် ဆုမွန်ကောင်းများပေးပို့အပ်ပါသည်။

အယ်လ်ဂျီးယားနှင့် မြန်မာနိုင်ငံတို့အကြား ရှိရင်းစွဲ ခင်မင်ရင်းနှီးဆက်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ ပိုမိုခိုင်မာစေရန် အဆွေတော်နှင့်အတူ လက်တွဲလုပ်ဆောင်သွားရန် ကတိကဝတ်ထားရှိမှုကို ခိုင်မာလေးနက်ကြောင်း ထပ်မံပြောကြားလိုပါသည်ဟူ၍ ဖော်ပြပါရှိပါသည်။

*ဆက်လက်ဖော်ပြပါမည်*

# (၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၂**

(၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC-2)၌ ဆက်လက်ကျင်းပရာ**(ဓာတ်ပုံ)** ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်၊ မြန်မာနိုင်ငံတိုင်းရင်း ဆေးဆရာအသင်း(မွန်)မှ ဦးလှရွှေ၊ ရခိုင်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဒေါ်သိန်းသိန်းဦး၊ မြန်မာနိုင်ငံတိုင်းရင်းဆေး ဆရာအသင်း (ချင်း)မှ ဦးခင်မောင်ဝင်းတို့က ဆောင်ရွက်ကြသည်။

နံနက်ပိုင်းညီလာခံတွင် သဘာပတိ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။

**ထောက်ခံဆွေးနွေး**

ထို့နောက် အဆိုပြုချက် ၁ မြန်မာ့တိုင်းရင်းဆေးပညာ၏ သမားစဉ်ကုထုံးနည်းစနစ်များနှင့် အစွမ်းထက်ဆေးဝါးများကို ရောဂါအလိုက်ရှာဖွေဖော်ထုတ်၍ တိုင်းရင်းဆေးရုံများနှင့် တိုင်းရင်းဆေးကု ဌာနများတွင် လက်တွေ့အသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ အဆိုအား ကချင်ပြည်နယ်မှ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကိုယ်စားလှယ် ဒေါ်ယဉ်မင်းစံ ကတင်သွင်းရာ ကရင်ပြည်နယ်မှ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ကိုယ်စားလှယ် ဒေါ်နှင်းအိအိဖြူက ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ အဆိုပြုချက် ၂ ဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာ အဆင့်အတန်းကို နိုင်ငံတကာအဆင့်သို့ မြှင့်တင်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရန်၊ အဆိုအား ဧရာဝတီတိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ဦးတင်အောင်ထွန်းက တင်သွင်းရာ ပညာရေးဝန်ကြီးဌာနမှ ညီလာခံကိုယ်စားလှယ် ဒေါက်တာ မြတ်ချောစုကလည်းကောင်း၊ ရှမ်းပြည်နယ်မှ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကိုယ်စားလှယ် ဦးဇော်လင်းက အဆိုပြုချက် ၃ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးပညာပေးခြင်းကို အိမ်ရှင်မများထံ ရောက်ရှိအောင် ဆောင်ရွက်ပေးရန်၊ အဆိုအား တင်သွင်းရာ အလုပ်သင်ညီလာခံ ကိုယ်စားလှယ် ဒေါ်ရီရီမွန်က လည်းကောင်း ထောက်ခံဆွေးနွေးပြီး နံနက်ပိုင်းအစီအစဉ်ကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်း အစီအစဉ်များကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရီရီမြင့်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ကချင်)မှ ဦးခင်မောင်ဝင်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ကရင်)မှ ဦးအောင်ပွင့်၊ တိုင်းရင်းဆေးတက္ကသိုလ်မှ ကထိက/ဌာနမှူး (ငြိမ်း) ဒေါက်တာနွယ့်ဝင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ဧရာဝတီ)မှ ဦးသိန်းထွန်းဝင်းတို့က ဆောင်ရွက်ကြသည်။

အဆိုပြုချက် ၄ နယကြီး ၄ ပါးကို အခြေခံသည့် မြန်မာ့တိုင်းရင်းဆေးပညာ ကုထုံးနည်းစနစ်များကို အမျိုးသားရေး အမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်၊ အဆိုအား ရခိုင်ပြည်နယ်မှ ညီလာခံကိုယ်စားလှယ် ဦးသိန်းဌေးအောင်က တင်သွင်းရာ ချင်းပြည်နယ်မှ ညီလာခံကိုယ်စားလှယ် ဒေါ်မီမီဝင်းက လည်းကောင်း၊ မွန်ပြည်နယ်မှ ညီလာခံ ကိုယ်စားလှယ် ဦးစောလှထူးကျော်က အဆိုပြုချက် ၅ ခေတ်အဆက်ဆက် တိုင်းရင်းဆေးပညာ သင်ကြားရေးနည်းစနစ်များကို ဆန်းစစ်သုံးသပ်၍ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက် ပြန့်ပွားရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်၊ အဆိုကို တင်သွင်းရာ မြန်မာနိုင်ငံ ဆေးဝါးပညာရှင်များအသင်းမှ ညီလာခံကိုယ်စားလှယ် ဒေါ်မြင့်မြင့်ရှိန်က လည်းကောင်း ထောက်ခံဆွေးနွေးကြသည်။

**အောင်မြင်စွာ ပြီးမြောက်**

ဆက်လက်၍ မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံက ချမှတ်မည့် ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ အစည်းအဝေး၏ ဆန္ဒရယူခြင်းနှင့် အဆိုများ မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ပြီး သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားကာ အဆိုပြုချက်များ တင်သွင်းခြင်းနှင့် ထောက်ခံဆွေးနွေးခြင်း အစီအစဉ် အောင်မြင်စွာ ပြီးမြောက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေများ

*ဦးဟန်ညွန့် (ဥပဒေ)*

**စာအုပ်**

ဦးကျော်စိန် ရေးသားပြုစုသော မြန်မာနိုင်ငံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများ (Myanmar and Constitutions) စာအုပ်ထွက်ရှိလာသည်။ ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း၊ ထက်စာပေမှဖြန့်ချိသည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် ပထမအကြိမ် ပုံနှိပ်ခြင်းဖြစ်သည်။

**အမှာစာ**

ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရ ဦးရွှေမန်းက အမှာစာရေးသားရာတွင် -

"ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဥပဒေပညာရှင်များနှင့် နိုင်ငံရေးသမားများသာမက နိုင်ငံသူ နိုင်ငံသားများ အားလုံး စိတ်ဝင်စားပြီး သိရှိသဘောပေါက် နားလည်ရန် လိုအပ်လာပါသည်။ သို့သော် ထိုသို့မဖြစ်နိုင်ပါ။ မည်သို့ပင်ဆိုစေကာမူ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ သဘောသဘာဝကိုတော့ နားလည်ထားသင့်ပါသည်။

ဒီအတွက် အတွေ့အကြုံရှိသော ပညာသဘာနှင့် ဝါသနာပြည့်စုံပြီး စေတနာပါသော စာရေးသူ ဦးကျော်စိန်အား မြန်မာနိုင်ငံနှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေများအကြောင်း စာတမ်းပြုစုပေးရန် မေတ္တာရပ်ခံခဲ့ပါသည်။

စာရေးသူဦးကျော်စိန် ပြုစုရေးသားတင်ပြသော စာတမ်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအမျိုးအစားများအနက် စာဖြင့်တစ်စုတစ်ပေါင်းတည်း ရေးဆွဲအတည်ပြု ပြဋ္ဌာန်းသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ထိုသို့ရေးဆွဲ အတည်ပြုပြဋ္ဌာန်းခြင်းမရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေ (Codified or Written Constitution and Uncodified or Unwritten Constitution) များအကြောင်း၊ ပြင်ဆင်ရန် လွယ်ကူသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြင်ဆင်ရန်ခက်ခဲသော ဖွဲ့စည်းပုံအခြေခံဥပဒေ (Flexible and Rigid Constitution) များအကြောင်းနှင့် ပြင်ဆင်ရန် အလွန့်အလွန်ခက်ခဲသည့် အခြေခံဥပဒေများလည်းရှိကြောင်းတို့ကို ရှင်းပြထားပါသည်"ဟု ဖော်ပြခဲ့ပါသည်။

မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာ ၁၉၄၇ ခုနှစ် အခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် အခြေခံဥပဒေနှင့် ၂၀၀၈ ခုနှစ် အခြေခံဥပဒေ သုံးခုသာ ရှိကြောင်း အသိများကြသည်။ အဆိုပါစာတမ်းတွင် ဖော်ပြပါ ဖွဲ့စည်းပုံအခြေခံဥပဒေ သုံးခုသာမက လွတ်လပ်ရေးမရမီက မြန်မာနိုင်ငံ၌ ကျင့်သုံးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသဘောဖြစ်သော The Government of India Act,1919, The Government of 1935 နှင့် ဂျပန်ခေတ် ၁၉၄၃ ခုနှစ်၊ ဗမာသက္ကရာဇ် ၁၃၀၅ ခုနှစ် ဗမာနိုင်ငံတော် အုပ်ချုပ်ရေးစည်းမျဉ်းပြုလုပ်သော ဥပဒေတို့ သုံးခုရှိကြောင်းကိုလည်း သမိုင်းအထောက်အထားများဖြင့် သုတေသနပြုထားသည်ကို တွေ့ရပါသည်။

**စာရေးသူ၏ စေတနာ**

ဤစာအုပ် ပြုစုသူ/စာရေးသူ ဦးကျော်စိန်က မြန်မာနိုင်ငံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများအကြောင်းဆောင်းပါးကို ဆောင်းပါးရှင် ဦးကျော်စိန်(ဇလွန်) အမည်ဖြင့် ၉-၁၂-၂၀၁၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှစ၍ အခန်းဆက်ရေးသားခဲ့သည်။

ယခုအခါ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ တာဝန်ပေးအပ်ချက်အရ အထူးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိန်က ဤစာအုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။

**လွတ်လပ်ရေးရပြီး**

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများအကြောင်း တင်ပြရေးသားရာတွင် လွတ်လပ်ရေးရပြီးနောက်-

- မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေများအကြောင်းပြောကြရာတွင် လွတ်လပ်ရေးရပြီး ၁၉၄၇ ခုနှစ်၊ ၁၉၇၄ ခုနှစ်၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ သုံးခုသာရှိသည်ဟု အသိများကြပြီး လွတ်လပ်ရေးမရမီက ဗြိတိသျှပါလီမန်က ပြဋ္ဌာန်းပြီး မြန်မာနိုင်ငံ၌ ကျင့်သုံးခဲ့သည့် အင်္ဂလိပ်ကိုလိုနီခေတ် ဖွဲ့စည်းပုံအခြေခံဥပဒေသဘောဖြစ်သော The Government of India Act, 1919 The Government of 1935 နှင့် ဂျပန်ခေတ် ၁၉၄၃ ခုနှစ်၊ ဗမာသက္ကရာဇ် ၁၃၀၅ ခုနှစ် ဗမာနိုင်ငံတော် အုပ်ချုပ်ရေးစည်းမျဉ်းပြုလုပ်သော ဥပဒေတို့ သုံးခုရှိကြောင်းနှင့် လွတ်လပ်ရေးမရမီနှင့် ရပြီးဖွဲ့စည်းပုံအခြေခံဥပဒေများအရ အင်္ဂလိပ်ကိုလိုနီဘဝ၌ အိန္ဒိယအက်ဥပဒေများ ယနေ့ထိ အာဏာသက်ဝင်လာကြောင်းကိုလည်း သုတေသနပြုထားသည်။
- ထို့ပြင် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ သုံးခု၏ ပြင်ဆင်ချက်များကို ထုတ်ဖော်ထားပြီး ၁၉၄၇ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို လွှတ်တော်အမတ်သုံးပုံ နှစ်ပုံနှင့်အထက် ထောက်ခံမဲဖြင့် ပြင်ဆင်နိုင်သည်ဟု ဆိုသဖြင့် ပြင်ဆင်ရန် ခက်ခဲသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ အမျိုးအစားတွင် ပါဝင်သော်လည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ထောက်ခံမဲရယူရန် မပါရှိသဖြင့် ပြင်ဆင်ရန် လွန်စွာခက်ခဲသည့် အခြေခံဥပဒေအမျိုးအစား မဟုတ်ကြောင်း၊ ထိုအခြေခံဥပဒေကို ပြင်ဆင်သည့် အက်ဥပဒေဖြင့် ပြင်ဆင်ခြင်းမဟုတ်ဘဲ ၁၉၅၁ ခုနှစ် မတ်လထိ ပါလီမန်တွင် ပြင်ဆင်ရန် အဆိုပြုချက်ကို လွှတ်တော်အမတ်များ၏ ထောက်ခံချက်အရ ခြောက်ကြိမ်၊ ၁၉၅၁ ခုနှစ် နိုဝင်ဘာလမှ ၁၉၆၁ ခုနှစ်အထိ ပြင်ဆင်သည့် အက်ဥပဒေဖြင့် ခုနစ်ကြိမ် စုစုပေါင်း ၁၃ ကြိမ် ပြင်ဆင်ခဲ့ကြောင်း အထောက်အထားများဖြင့် ဖော်ပြထားသည်။
- တစ်ဖန် ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းက သဘောတူပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့် ပြင်ဆင်ရမည်ဟု ဆိုသဖြင့် ပြင်ဆင်ရန် အလွန်ခက်ခဲသည့် အခြေခံဥပဒေဟု ဆိုနိုင်သော်လည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကဲ့သို့ အလွန့်အလွန် ခက်ခဲသည့် အခြေခံဥပဒေမျိုး မဟုတ်ကြောင်းကို လည်းကောင်း၊ ၁၉၈၁ ခုနှစ် နှင့် ၁၉၈၅ ခုနှစ် ပြင်ဆင်သည့် ဥပဒေနှစ်ခုဖြင့် ထိုအခြေခံ ဥပဒေပုဒ်မ ၁၉၄ (ခ) အရ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရန် မလိုသည့် လွှတ်တော်ပုံမှန်သက်တမ်းကို အစားထိုးခြင်း၊ အချို့သောစကားရပ်များကို ပြင်ဆင်ခြင်း၊ အစားထိုးခြင်းနှင့် ပယ်ဖျက်ခြင်းတို့ ပြုခဲ့ကြောင်းကို လည်းကောင်း ဖော်ပြထားသည်။
- ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပြင်ဆင်ရန် လွယ်ကူသော အခြေခံဥပဒေများနှင့် ပြင်ဆင်ရန် ခက်ခဲသော အခြေခံဥပဒေများကို ပြောင်းလဲလာသော နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးစနစ်များနှင့်အညီ ပြင်ဆင်ချက်များနှင့် အသစ်ရေးဆွဲ အတည်ပြုပြဋ္ဌာန်းချက်များကို အခါအားလျော်စွာ ပြုလုပ်ခဲ့ကြသည်။
- ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးဖြစ်ထွန်းရေးအတွက် ပြောင်းလဲလာသည့် အုပ်ချုပ်ရေး၊ နိုင်ငံရေးနှင့် စီးပွားရေးအခြေအနေတို့နှင့်အညီ မိမိတို့၏ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းများ ပြုကြခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် ဆောင်ရွက်သော မွန်မြတ်သည့် လုပ်ဆောင်ချက်ပင်ဖြစ်ပေသည်။
- ယခုကဲ့သို့ နိုင်ငံတော်၏ ဒီမိုကရေစီအုပ်ချုပ်ရေးနှင့် နိုင်ငံရေးပြောင်းလဲလာသည့် အချိန်အခါတွင် အထူးကော်မရှင်ဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ချက်အရ သုတေသနပြုခွင့်နှင့် ရေးသားပြုစုထုတ်ဝေဖြန့်ချိခွင့် ရရှိခြင်းကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် များစွာ အကျိုး ဖြစ်ထွန်းနိုင်မည်ဟု ယုံကြည်ပါကြောင်း စေတနာ ကောင်းဖြင့်တင်ပြခဲ့ကြောင်း ဦးကျော်စိန်က စေတနာအမှာစာ ရေးသားခဲ့ပေသည်။

**မာတိကာ**

မာတိကာတွင် -

ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အမျိုးအစားများ၊ စာဖြင့် တစ်ခုတစ်ပေါင်းတည်း ရေးဆွဲအတည်ပြုပြဋ္ဌာန်းသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ထိုသို့ရေးဆွဲအတည်ပြု ပြဋ္ဌာန်းထားခြင်းမရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေများ (Codified or Written Constitution and Uncodified or Unwritten Constitution)၊ ပြင်ဆင်ရန် လွယ်ကူသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြင်ဆင်ရန်ခက်ခဲသောဖွဲ့စည်းပုံ အခြေခံဥပဒေများ (Flexible and Rigid Constitution)၊ မြန်မာမင်းများလက်ထက် မြန်မာမင်းအုပ်ချုပ်မှု စာတမ်းများနှင့် ဘုရင့်အမိန့်တော် ပြန်တမ်းများ၊ ရာဇသတ်၊ ဓမ္မသတ်နှင့် ပြဋ္ဌာန်းဥပဒေများ၊ မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီနှင့် လွတ်လပ်ရေးရပြီး ကျင့်သုံးပြဋ္ဌာန်းသော ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ၁၉၃၅ ခုနှစ် မတိုင်မီ အိန္ဒိယ၏ ပြည်နယ်ဘဝ ကျင့်သုံးခဲ့သည့် ဗြိတိသျှ၏ မက်ဂ်နာကာတာ လွတ်လပ်ရေး အထူးအခွင့်အရေးပေးသည့် ချာတာနှင့် ၁၉၁၉ ခုနှစ် အိန္ဒိယ စီရင်အုပ်ချုပ်မှု အက်ဥပဒေ၊ ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံတွင် စီရင်အုပ်ချုပ်မှု အက်ဥပဒေဖြင့် အုပ်ချုပ်သည့်ကာလ အုပ်ချုပ်ရေးနှင့် ပြဋ္ဌာန်းဥပဒေများ၊ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဂျပန်ခေတ် ၁၃၀၅ ခုနှစ်၊ ဗမာနိုင်ငံတော်အုပ်ချုပ်ရေးစည်းမျဉ်း ပြုလုပ်သော ဥပဒေ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၁၉၄၇ ခုနှစ်)၊ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၇၄ ခုနှစ်)၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ နိဂုံး၊ နောက်ဆက်တွဲ၊ ကျမ်းကိုးစာရင်းတို့ ပါဝင်ပါသည်။




**ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည်**

ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတစ်နိုင်ငံ၏ အခြေခံအုတ်မြစ်ဖြစ်သည်။ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သောနိုင်ငံတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေလိုအပ်သည်။ ပြည်သူလူထု၏ နိုင်ငံရေးနိုးကြားမှုအရ နိုင်ငံလွတ်လပ်ရေးရလာသည့်အခါဖြစ်စေ၊ တော်လှန်ရေးဆင်နွှဲပြီး အောင်ပွဲရလာသည့်အခါဖြစ်စေ၊ ဒီမိုကရေစီစနစ်၊ အုပ်ချုပ်ရေးစနစ်အရ နိုင်ငံတော်ကိုပြုပြင်ပြောင်းလဲ၍ တည်ဆောက်ရန် လိုအပ်လာသည့်အခါဖြစ်စေ၊ ပြည်တွင်းပြည်ပ စစ်ရေးစစ်ရာများကြောင့် ဖြစ်စေ မိမိတို့နိုင်ငံနှင့် ဆီလျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရေးဆွဲပြဋ္ဌာန်းလေ့ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဟူသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် နိုင်ငံတော်က တာဝန်ယူဆောင်ရွက်ရန် ကတိကဝတ်ပြုသော နိုင်ငံတော်နှင့် နိုင်ငံသားများအကြား ချုပ်ဆိုသည့် ပဋိညာဉ်စာချုပ်ကြီးလည်း ဖြစ်သည်။

**အခြေခံဥပဒေအမျိုးအစားများ**

ဦးကျော်စိန်က ဖွဲ့စည်းပုံအခြေခံဥပဒေ အမျိုးအစားများကို ခြောက်မျိုးဖော်ပြ ရှင်းလင်းရေးသားထားသည်။

**ပြင်ဆင်ရန်လွယ်ကူသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြင်ဆင်ရန်ခက်ခဲသော ဖွဲ့စည်းပုံအခြေခံဥပဒေများ**

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်ခက်ခဲသော ကမ္ဘာ့နိုင်ငံကြီးများအနက် အမေရိကန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ မြောက်ကိုရီးယားနိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ပါဝင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ခက်ခဲသော အိမ်နီးချင်းနှင့် အာဆီယံနိုင်ငံများအနက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် လွယ်ကူသော နိုင်ငံများတွင် အိမ်နီးချင်းအိန္ဒိယနိုင်ငံနှင့် အာဆီယံနိုင်ငံများအနက် ဘရူနိုင်းနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ပါဝင်ကြောင်း သိရှိရသည်။

**အခြေခံဥပဒေများ**

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအကြောင်း တင်ပြရေးသားထားပြီး ခေတ်အဆက်ဆက်မှ တည်ဆဲဥပဒေများဆက်လက်၍ အာဏာတည်ခဲ့ပုံ၊ အခြေခံဥပဒေပုဒ်မများပါ မြန်မာစာမူနှင့် အင်္ဂလိပ်စာမူကွဲလွဲချက် (ပြင်ဆင်ခဲ့ပုံများ)၊ ၁၉၇၄ ခုနှစ် အခြေခံဥပဒေ ပြင်ဆင်ချက်များကိုလည်း သမိုင်းမှတ်တမ်းတင်၍ ဦးကျော်စိန်က ရေးသားတင်ပြထားပေသည်။

**အခြေခံဥပဒေ (၂၀၀၈)**

၂၀၀၈ ခုနှစ် အခြေခံဥပဒေပြင်ဆင်ခြင်းနှင့် စပ်လျဉ်း၍ အခန်း (၁၂)၊ ပုဒ်မ ၄၃၆ (က) တွင် အခန်း(၁)၊ အခန်း (၂)၊ အခန်း (၃)၊ အခန်း (၄)၊ အခန်း (၅)၊ အခန်း (၆)၊ အခန်း (၁၁) နှင့် အခန်း (၁၂) တို့ပါ သတ်မှတ်ထားသော ပုဒ်မအချို့ကို ပြင်ဆင်ရန်ရှိလျှင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်ကပြင်ဆင်ရန် သဘောတူပြီးနောက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်ဟု လည်းကောင်း၊ ထိုပုဒ်မ ၄၃၆ (ခ) တွင် အထက်ဖော်ပြပါပုဒ်မများမှအပ အခြားပုဒ်မများကို ပြင်ဆင်ရန်ရှိလျှင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်ဟု လည်းကောင်း ပြဋ္ဌာန်းထားသည်။ အဆိုပါပြဋ္ဌာန်းချက်အရ ၂၀၀၈ ခုနှစ် အခြေခံဥပဒေသည် ပြင်ဆင်ရန် ခက်ခဲသည့် အခြေခံဥပဒေမျိုးဖြစ်သည့်အပြင် လွှတ်တော်ကိုယ်စားလှယ်များထဲ၌ တပ်မတော်မှ ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ပါဝင်နေလျက်ရှိရာ နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်အားလုံးက ထောက်ခံသည့်အပြင် တပ်မတော်သားကိုယ်စားလှယ်များထဲမှ တစ်ဦးတစ်ယောက်က ထောက်ခံမဲပေးမှသာလျှင် ပြင်ဆင်နိုင်မည်ဖြစ်သဖြင့် ပြင်ဆင်ရန် အလွန့်အလွန်ခက်ခဲသည့် အခြေခံဥပဒေမျိုးတွင် ပါဝင်လျက်ရှိသည်။ ထို့ပြင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲရယူရန်မှာလည်း မလွယ်ကူသဖြင့် ဤ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြင်ဆင်ရန် အလွန့်အလွန် လုံးဝ (လုံးဝ) ခက်ခဲသည့် အခြေခံဥပဒေဖြစ်ကြောင်း နှိုင်းယှဉ်လေ့လာ၍ သိရှိရသည်။

**ဦးကျော်စိန်၏ယုံကြည်ချက်**

နောင်အနာဂတ်တွင်လည်း ပြောင်းလဲလာသော အခြေအနေများအရ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုး ပိုမိုဖြစ်ထွန်းမည်ဆိုပါက ထိုသို့ ပိုမိုဖြစ်ထွန်းရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်းခြင်းတို့ ပြုလုပ်ရန် ရှိလာပါက မှန်ကန်သည့် မူဘောင်များ ချမှတ်ပြီး ဘက်စုံထောင့်စုံမှ လေ့လာဆန်းစစ်၍ ဆောင်ရွက်ခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာနိုင်မည်ဟုယုံကြည်ကြောင်း ဦးကျော်စိန်က တင်ပြရေးသားထားသည်။

**ရှားပါးဥပဒေ**

ဦးကျော်စိန်၏ ကြိုးပမ်းမှုတစ်ခုကို ဂုဏ်ပြုတင်ပြလိုပါသေးသည်။ အခြားမဟုတ်။ တရားဌာန၊ အတွင်းဝန်ရုံးက ထုတ်ပြန်သော ဂျပန်ခေတ်ဖွဲ့စည်းပုံ အခြေခံဥပဒေ ဗမာသက္ကရာဇ် ၁၃၀၅ ခုနှစ်၊ ဗမာနိုင်ငံတော် အုပ်ချုပ်ရေးစည်းမျဉ်းပြုလုပ်သော ဥပဒေအမှတ် - ၁ ကိုလည်း ဥပဒေမူရင်းအတိုင်း နောက်ဆက်တွဲ (က) အဖြစ် ရှာဖွေတင်ပြထားပါသေးသည်။ ဦးကျော်စိန်သည် ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်တာဝန် ထမ်းဆောင်ခဲ့ဖူးခြင်း၊ တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်တစ်ဦးဖြစ်ခြင်း၊ ပြည်တွင်းမှာသာမက နိုင်ငံတကာဥပဒေရေးရာအတွေ့အကြုံများလည်းရှိသူဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေများအကြောင်း ရေးသားပြုစုရာတွင် ကျွမ်းကျင်လိမ္မာသော ဥပဒေပညာရှင်တစ်ဦးဖြစ်ကြောင်း ဤစာအုပ်ကိုဖတ်ရှုကြည့်ရခြင်းဖြင့် ထင်ရှားပေါ်လွင်ပေသည်။

**တင်ပြချက်**

သို့ဖြစ်၍ ဦးကျော်စိန်၏ မြန်မာနိုင်ငံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေများ(Myanmar And Constitutions)စာအုပ်သည် ဥပဒေသုတေသီများ၊ လူငယ် ဥပဒေကျောင်းသားများအတွက်သာမက ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေး သမိုင်းစဉ်ခရီးရှည်ကြီးတွင် လျှောက်လှမ်းသူများ အနေနှင့် တစ်တပ်တစ်အား ပါဝင်ချီတက်နိုင်သော ခွန်အားသစ်တစ်ရပ်အဖြစ် မှတ်ယူနိုင်ပါကြောင်း တင်ပြအပ်ပါသည်။ ။

# အကြမ်းဖက်ခံရမှုဖြစ်စဉ်ကြောင့် တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားသူများအား ပြန်လည်လက်ခံရေး ညှိနှိုင်းစည်းဝေး

စစ်တွေ ဇန်နဝါရီ ၁၂

**ရခိုင်ပြည်နယ်တွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့ နေ့လယ်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသော မောင်တောဒေသ အကြမ်းဖက်ခံရမှုဖြစ်စဉ်ကြောင့် တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားသူများအား ပြန်လည်လက်ခံရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။** (ယာပုံ)



ပြည်ထောင်စုဝန်ကြီးက တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားသူများအား မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားသော နှစ်နိုင်ငံသဘောတူစာချုပ်အရ (၂၃-၁-၂၀၁၈)ရက်မှစ၍ စနစ်တကျလက်ခံမှုကို စတင်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပြန်လည်လက်ခံရေးစခန်းများနှင့် ကြားစခန်းများကိုလည်း သတ်မှတ်ပြီးဖြစ်ကြောင်း၊ ဝင်ရောက်လာသူများအား နေရာချထားမည့် ကျေးရွာများ သတ်မှတ်ရန်အတွက်လည်း ဆွေးနွေးညှိနှိုင်းပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**လိုအပ်ချက်များဆွေးနွေး**

UEHRD စီမံကိန်းသည် ပြည်ထောင်စုစီမံကိန်းဖြစ်၍ အားလုံးပါဝင်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ကျေးရွာများအား ပြန်လည်တည်ဆောက်ရာတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ဆောင်ရွက်ရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးကလည်း ဥပဒေဆိုင်ရာ အကြံပြုထားပါကြောင်း၊ ရခိုင်ပြည်နယ်၏ လက်ရှိပြဿနာကို ဖြေရှင်းရာတွင် လက်ရှိ ရင်ဆိုင်နေရသော နိုင်ငံတကာနှင့် ပတ်သက်သည့် အခက်အခဲများကို အလေးထား၍ မိမိတို့၏ လုပ်ရပ်မှန်ဖြင့် ဆောင်ရွက်ပြသရမည် ဖြစ်ကြောင်း၊ ပြန်လည်လက်ခံရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများမှလည်း အချိန်အတိုင်းအတာတစ်ခု ရောက်ရှိချိန်တွင် လိုအပ်ချက်ပေါ်မူတည်၍ ပူးပေါင်းပါဝင်လာမည်ဖြစ်ကြောင်း၊ ပြန်လည်ဝင်ရောက်လာသူများအား ၎င်းတို့၏ မူလနေရာ(သို့မဟုတ်) မူလနေရာနှင့် အနီးဆုံးနေရာများတွင် ပြန်လည်နေရာချထားမည်ဟူ၍ နှစ်နိုင်ငံသဘောတူစာချုပ်တွင် ပါရှိပါကြောင်း၊ ကျေးရွာများ ပြန်လည်တည်ဆောက်ရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ကျေးရွာတစ်ခုတွင် ပါဝင်ရမည့် အချက်များဖြစ်သော ရဲစခန်း၊ ကျောင်း၊ ဆေးခန်း၊ ဈေး စသည်တို့ဖြင့် စနစ်တကျဖွဲ့စည်း ပါဝင်မည်ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်မှ ပြန်လည်ဝင်ရောက်လာမည့်သူများအား လက်ခံရေးနှင့် ပတ်သက်၍ အချိန်အကန့်အသတ်ဖြင့် ဆောင်ရွက်ရမည့်ကိစ္စဖြစ်၍ လက်ခံရေးစခန်းများနှင့် ကြားစခန်းကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် လိုကြောင်း၊ လိုအပ်ချက်အလိုက် အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာ UEHRD ဆောက်လုပ်ရေး လုပ်ငန်းအဖွဲ့များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့က ကဏ္ဍအလိုက် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လက်ခံရေးစခန်းများတွင် လာရောက်တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် အဖွဲ့အစည်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေး လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လက်တွေ့အကောင်အထည်ဖော်ရာတွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် ကိစ္စများကို ပြောကြားသည်။ ထို့နောက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ကိုယ်စား ဒေသကွပ်ကဲမှု စစ်ဌာနချုပ်မှူးက မောင်တောဒေသ၏ မြေပြင်အခြေအနေအရ ပြန်လည်နေရာချထားရန် လိုအပ်သော လုံခြုံရေးကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသည်။ ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က သက်ဆိုင်ရာဌာနအလိုက် ကူညီပံ့ပိုးရမည့် ကိစ္စရပ်များကို အကြံပြုပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသော ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့် ဟိန္ဒူဘာသာဝင်မိသားစုများနှင့် ရခိုင်ပြည်နယ်ရှိ ဘေးသင့်ဟိန္ဒူဘာသာဝင်များအတွက် အသုံးအဆောင်များလှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၁၂**

မြန်မာနိုင်ငံသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့် ဟိန္ဒူဘာသာဝင် မိသားစုများနှင့် ရခိုင်ပြည်နယ်ရှိ ဘေးသင့်ဟိန္ဒူဘာသာဝင်များအတွက် ငွေကျပ် ၁၉၅၀၀၀၀၀ တန်ဖိုးရှိ ဆာရီ အထည် ၂၁၀၀၊ တီရှပ်လက်ရှည် အထည် ၂၀၀၊ ပဝါအထည် ၃၂၀၊ စတီးဟင်းအုပ်အဖုံးပါ ၅၆၄ ခု၊ စတီးထမင်းစားပန်းကန် အချပ် ၄၀၀၊ ကလေးအဝတ်အထည် ၅၂၄ နှင့် အမျိုးသားအတွင်းခံအထည် ၁၀၀၀ တို့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန သို့ မြန်မာနိုင်ငံရှိ ဟိန္ဒူဘာသာဝင်မိသားစုများက လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မောင်တောခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသပေးမည်

**မောင်တော ဇန်နဝါရီ ၁၂**

သီတဂူအာရှတော်ဝင် မျက်စိအထူးကုသရေးအဖွဲ့သည် မောင်တောခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအတွက် ဇန်နဝါရီ ၂၃ ရက်မှ ၂၆ ရက်အထိ မောင်တောမြို့ ပြည်သူ့ဆေးရုံတွင် လာရောက်ကွင်းဆင်းကုသပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် မျက်စိဝေဒနာရှင်များအတွက် ခွဲစိတ်ကိရိယာအစုံအလင်ဖြင့် ကုသပေးသွားမည်ဖြစ်ပြီး မျက်စိတိမ်စွဲခြင်း၊ မျက်စိခွဲစိတ်ခြင်း၊ မျက်မှန်ပြုလုပ်ပေးခြင်း စသည်တို့ကို ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း မောင်တောမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မောင်မောင်သိန်းက ပြောကြားသည်။

"မျက်စိကုသချင်တဲ့ လူနာတွေအနေနဲ့ အချိန်မီ စာရင်းပေးသွင်းဖို့လိုအပ်ပြီး အခုလို ကုသပေးမယ်ဆိုတာကို မောင်တောမြို့နယ်အတွင်းမှာလည်း ဗီနိုင်းကြော်ငြာတွေ ကပ်ပေးသွားမှာပါ၊ ဇန်နဝါရီ ၂၄ ရက်မှာ မျက်စိစမ်းသပ်ခွဲစိတ်မှုတွေ စတင်လုပ်ဆောင်ပါမယ်၊ မောင်တောမြို့နယ်ဝန်းကျင်က မျက်စိဝေဒနာရှင်တွေ လာရောက်ကုသမှုခံယူကြမှာပါ"ဟု ၎င်းကပြောသည်။

ယခုကဲ့သို့ မောင်တောမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအတွက် လာရောက်ကုသပေးခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ပြီး ကုသမှုခံယူလိုသူများအနေဖြင့် မောင်တောမြို့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **သတင်း-အောင်ရဲသွင်၊ ကိုမင်း၊ ဓာတ်ပုံ-အောင်မင်း**




# ငှားသူ၊ မောင်းသူ အဆင်ပြေနေသည့် မောင်တောမြို့က သုံးဘီးအငှားယာဉ်များ

**မောင်တော ဇန်နဝါရီ ၁၂**

မောင်တောမြို့ပေါ်တွင် ဥဒဟိုသွားလာနေသည့် သုံးဘီးအငှားယာဉ်များသည် လက်ရှိအချိန်တွင် မောင်တောဒေသခံများ သွားလာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း တစ်ခုအနေဖြင့် အရေးပါလှသည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခု ဖြစ်နေသည်။

အဆိုပါ သုံးဘီးယာဉ်များသည် အိန္ဒိယနိုင်ငံထုတ်ဖြစ်ပြီး မန္တလေးမြို့မှတစ်ဆင့် မောင်တောခရိုင်အတွင်းသို့ ဝင်ရောက်လာခြင်းဖြစ်ကာ တစ်စီးလျှင် ငွေကျပ် ၄၁ သိန်းခန့်ဖြင့် အလွယ်တကူ ဝယ်ယူနိုင်ပြီး မောင်တောမြို့တွင် စီးပွားဖြစ် အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုအနေဖြင့် ပြေးဆွဲလျက်ရှိကြောင်း မောင်တောဒေသခံ သုံးဘီးယာဉ်မောင်းနှင်သူ တစ်ဦးက ပြောကြားသည်။

"ကျွန်တော် သုံးဘီးယာဉ်ပြေးဆွဲနေတာ ကြာပါပြီ၊ လက်ရှိအချိန်က ဝင်ငွေအကောင်းဆုံးပါ၊ တစ်ရက်ကို ဆီဖိုး ငွေကျပ် ၈၀၀၀ နုတ်ပြီး အသားတင်အမြတ်ငွေကျပ် ၃၀၀၀၀ ခန့်ရရှိပါတယ်၊ ဒီလိုရရှိတဲ့အတွက် မိသားစုစားဝတ်နေရေးလည်း တော်တော်လေး အဆင်ပြေနေပါတယ်"ဟု ၎င်းက ဆိုသည်။

မောင်တောခရိုင်အတွင်းတွင် သုံးဘီးယာဉ် အစီးပေါင်း ၁၀၀ ခန့်ရှိပြီး လူတစ်ဦးလျှင် မြို့တွင်း ငွေကျပ် ၅၀၀ နှင့် နယ်ဝေး ငွေကျပ် ၁၅၀၀၀ ခန့် ကျသင့်မည်ဖြစ်ပြီး ငှားရမ်းသွားလာသူများအနေဖြင့်လည်း သွားလာရေးအဆင်ပြေသည့်အပြင် စရိတ်လည်း သက်သာမှုရှိကြောင်း သုံးဘီးယာဉ်ဖြင့် နေ့စဉ်သွားလာသူ ဒေသခံ ကိုစိုးကျော်က ပြောကြားသည်။



"ကျွန်တော်တို့လို နေ့တိုင်းသွားလာလှုပ်ရှားနေတဲ့ သူတွေအတွက် ဒီလို သုံးဘီးအငှားယာဉ်တွေ ပေါ်လာတာ တော်တော်အဆင်ပြေတယ်၊ အလွယ်တကူ ငှားလို့ရတဲ့အပြင် ဈေးနှုန်းလည်း ချိုသာတဲ့အတွက် မောင်တောမြို့မှာတော့ သုံးဘီးယာဉ်တွေက မြို့တွင်း၊ နယ်ဝေးသွားလာမှုတွေမှာ အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်နေပါတယ်၊ သုံးဘီးယာဉ် အငှားလိုက်သူတွေလည်း တစ်နေ့တခြား များပြားလာပါတယ်"ဟု ၎င်းကပြောသည်။

ရန်ကုန်မြို့မှ မောင်တောမြို့သို့ လာရောက်အလုပ်လုပ်ကိုင်နေသူ ကိုအောင်အောင်က "သုံးဘီးယာဉ် စငှားတော့ ရခိုင်သံဝဲဝဲနဲ့ ငွေကျပ် ၅၀၀ လို့ ပြောပေမယ့် ကျွန်တော်တို့ နားထဲမှာ ငွေကျပ် ၅၀၀၀ လို့ ထင်ပြီး ၃၀၀၀ နဲ့တောင် ဈေးဆစ်နေသေးတယ်။ ဒါပေမယ့် သူက ငွေကျပ် ၅၀၀ ပါလို့ ထပ်ခါထပ်ခါ ရှင်းပြတော့ တော်တော်လေး အံ့သြသွားတယ်၊ သူတို့ရဲ့ ရိုးသားမှုကိုလည်း အသိအမှတ်ပြုသလို ငှားရမ်းခ ဈေးနှုန်းချိုသာတဲ့အတွက်လည်း ကျေနပ်မိပါတယ်"ဟု ပြောသည်။

မောင်တောမြို့နယ်တွင် ခရီးသွားလာရေးအတွက် အငှားယာဉ်များ၊ Express ယာဉ်ကြီးများရှိသည့်အနက် သုံးဘီးအငှားယာဉ်များသည် ခရီးသွားလာသူများအတွက် ပိုမိုအဆင်ပြေစေသည့် ယာဉ်တစ်ခုအဖြစ် ရပ်တည်လျက်ရှိပြီး အငှားယာဉ်မောင်းများအတွက်လည်း ဝင်ငွေကောင်းမွန်သည့် လုပ်ငန်းတစ်ခုအဖြစ် ရှိနေပေသည်။

**သတင်း-အောင်ရဲသွင်၊ ကိုမင်း၊ ဓာတ်ပုံ-အောင်မင်း**

# ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိဘဲ ထိခိုက်ပျက်စီးဆုံးရှုံးမှုကြီးမားသည့် ဘေးအန္တရာယ်ဖြစ်သော ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပေးနှိုးဆော်

၁။ မြန်မာနိုင်ငံသည် မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး စသည့် သဘာဝဘေးမျိုးစုံ ဖြစ်ပွားနိုင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ထိုဘေးအန္တရာယ်များအနက်မှ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်ခန့်မှန်း၍ မရဘဲ ကြိုတင်သိရှိရခြင်းလည်းမရှိသဖြင့် အလွန်အန္တရာယ်ကြီးမားသည့် ဘေးအန္တရာယ်တစ်မျိုး ဖြစ်ပါသည်။

၂။ အင်အားပြင်းငလျင်များ ဖြစ်ပေါ်လာပါကလည်း ပျက်စီးဆုံးရှုံးမှု ကြီးမားတတ်ပြီး နောက်ဆက်တွဲငလျင်ငယ်များ (Aftershocks)လှုပ်ခြင်း၊ ရေကာတာကြီးများ ကျိုးပျက်၍ ရေလွှမ်းခြင်း၊ တောင်ပြိုခြင်း၊ မြေပြိုခြင်း၊ ဆူနာမီရေလှိုင်းများ ဖြစ်ပေါ်နိုင်ခြင်း၊ ရုတ်တရက် လျှပ်စစ်ကြိုးများ ပူးသွားခြင်းကြောင့် လျှပ်စစ်မီးပွားမှတစ်ဆင့် မီးလောင်ခြင်း၊ လောင်စာဆီ၊ ဓာတ်ငွေ့ပိုက်များ ပျက်စီးရာမှတစ်ဆင့် မီးလောင်ကျွမ်းခြင်း စသည့်နောက်ဆက်တွဲဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

၃။ ငလျင်ကြီးလှုပ်ပြီးနောက် ငလျင်လတ်နှင့် ငလျင်ငယ်များသည် နာရီပိုင်း၊ ရက်ပိုင်း၊ သီတင်းပတ်ပိုင်းမှသည် လပိုင်းအထိ ဆက်လက်ဖြစ်ပွားနိုင်ပြီး ကွဲအက်ချည့်နဲ့ သွားသော တိုက်တာအဆောက်အအုံများ၊ လမ်း၊ တံတားများသည် နောက်ဆက်တွဲ မြေငလျင်များကြောင့် ထပ်မံပျက်စီး၊ ပြိုကျတတ်ပါသည်။ အဆောက်အအုံများတွင် အုတ်ကျိုး အုတ်ပဲ့များ ပြိုကျမှု၊ လျှပ်စစ်ဓာတ်ကြိုးများ ပြတ်ကျမှုနှင့် အခြားဘေးအန္တရာယ်များ ရှိနိုင်ကြောင်းကိုလည်း သတိရှိရမည် ဖြစ်ပါသည်။

၄။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း အင်အားအနည်းငယ်နှင့် အသင့်အတင့်ရှိ မြေငလျင်များ အကြိမ် ၇၀ ခန့် လှုပ်ခတ်ခဲ့ပြီး နိုဝင်ဘာလ၊ ဒီဇင်ဘာလနှင့် ယခု ဇန်နဝါရီလတို့တွင် မကြာခဏ လှုပ်ခတ်လျက်ရှိသဖြင့် ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်၍ သတိပြုနေထိုင်ရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

- မိမိအိမ်တွင် ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သောပစ္စည်းများ၊ တွဲလောင်းကျနေသောအရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။
- မိသားစုသုံးအရေးပေါ်ပစ္စည်းများ၊ အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။
- မိမိအိမ်၏ ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။
- ငလျင်လှုပ်ပါက (၅)စက္ကန့်အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါက ပြေးထွက်ပါ။ မပြေးထွက်နိုင်ပါက ခိုင်ခံ့သည့် စားပွဲ၊ ခုတင်အောက်တွင် လည်းကောင်း၊ အခန်း၏ ထောင့်နေရာများတွင် လည်းကောင်း အကာအကွယ်ယူ၍ နေပါ။
- မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓာတ်တိုင်များ၊ သစ်ပင်များ၊ ပြိုကျနိုင်သော အရာများနှင့် ဝေးရာသို့ပြေးပါ။ ကွင်းပြင်များတွင် ခေတ္တခိုလှုံပါ။
- မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များပိတ်ပါ။
- ဆိုင်ကယ်၊ ကား စသည်တို့ မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။
- ငလျင်လှုပ်နေချိန်တွင် အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်၊ ဓာတ်လှေကားများအသုံးမပြုပါနှင့်၊ အထပ်မြင့်တိုက်များမှ ခုန်ချခြင်း မပြုပါနှင့်။
- ငလျင်လှုပ်ပြီးနောက် အဆောက်အအုံ၏ ခိုင်ခံ့မှုကို စစ်ဆေးခြင်းမပြုဘဲ မဝင်ပါနှင့်၊ မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်၊ မြေပြိုနိုင်ပါသည်။ ဆည်၊ ရေလှောင်ကန်များအနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်ပြီး ရေကြီးနိုင်သည်။ တာဝါတိုင်များ၊ မျှော်စင်များ၊ အထပ်မြင့်အဆောက်အအုံများ ပြိုကျနိုင်သဖြင့် အနီးသို့မသွားပါနှင့်။
- အသိပညာပေး ဆွေးနွေးဟောပြောပွဲများသို့ တက်ရောက်ပါ။ သတင်းထုတ်ပြန်ချက်များ ပညာပေးအစီအစဉ်များကို စဉ်ဆက်မပြတ် နားထောင်ပါ။ ကြည့်ရှုပါ။ မျှဝေပါ။




၅။ ပြည်သူလူထုအနေဖြင့် ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်၍ သတိပြုနေထိုင်ရန်နှင့် တာဝန်ရှိအဖွဲ့အစည်းများ၊ ပညာရှင်များ၏ အသိပညာပေး ဆောင်ရွက်မှုများအပေါ် လေ့လာမှတ်သား၍ အကြံပြုချက်များကိုလည်း လိုက်နာခြင်းဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**



## ငလျင်ကြောင့် ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်း ထိခိုက်ပျက်စီးမှုမရှိ

**ဖြူး ဇန်နဝါရီ ၁၂**

ဇန်နဝါရီ ၁၂ ရက် နံနက် ၁ နာရီခန့်က လှုပ်ခတ်ခဲ့သော အင်အားရစ်ချ်တာစကေး ၆ ဒသမ ဝ အဆင့်ရှိ ငလျင်ကြောင့် ဖြူးချောင်းရေလှောင်တမံနှင့် ရေလွှဲဆည်များအား ထိခိုက်ပျက်စီးမှု မရှိခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်ခဲ့မှုနှင့် ပတ်သက်၍ ဖြူးမြို့နယ်ရှိ ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်းသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်နှင့်အဖွဲ့ ဇန်နဝါရီ ၁၂ ရက်က လာရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ (ဓာတ်ပုံ)

ဖြူးချောင်းရေလှောင်တမံ စီမံကိန်းမှ ဝန်ထမ်းများကလည်း ငလျင်လှုပ်ပြီးပြီးချင်း ရေလှောင်တမံနှင့် ရေလွှဲဆည်များကို ထိခိုက်မှု ရှိ၊ မရှိ အသေးစိတ်ထပ်မံစစ်ဆေးခဲ့ကြပြီးနောက် ယခုအခါ ဒုတိယညွှန်ကြားရေးမှူးချုပ်က ထပ်မံစစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် အင်အားရစ်ချ်တာစကေး ၆ ဒသမ ဝ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့သော်လည်း ဖြူးချောင်းရေလှောင်တမံနှင့် ရေလွှဲဆည်တို့တွင် တစ်စုံတစ်ရာ ထိခိုက်ပျက်စီးမှုမရှိကြောင်းနှင့် ပြည်သူများ စိုးရိမ်ပူပန်မှုမရှိကြစေလိုကြောင်း သိရသည်။

သို့ရာတွင် နောက်ဆက်တွဲ ငလျင်ငယ်များ လှုပ်နေသဖြင့် စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

## အင်အားရစ်ချ်တာစကေး ၆ ဒသမ ဝ အဆင့်ရှိ ငလျင်လှုပ်ပြီးနောက် မြေငလျင်ငယ်များ ထပ်မံလှုပ်

**နေပြည်တော် ဇန်နဝါရီ ၁၂**

ဇန်နဝါရီ ၁၂ ရက် နံနက် ၁ နာရီခန့်က ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ဝ အဆင့်ရှိ ငလျင်လှုပ်ပြီး နောက်ဆက်တွဲငလျင်ငယ်များ ထပ်မံလှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါငလျင်များကြောင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေလှောင်တမံနှင့် ရေလွှဲဆည်များ ထိခိုက်ပျက်စီးမှုမရှိခဲ့ကြောင်း သိရသည်။

| | (၁) | (၂) | (၃) | (၄) |
|---|---|---|---|---|
| နေ့ | ၁၂.၁.၂၀၁၈ | ၁၂.၁.၂၀၁၈ | ၁၂.၁.၂၀၁၈ | ၁၂.၁.၂၀၁၈ |
| ရစ်(ခ်)တာစကေး | ၅.၃ (အင်အားအသင့်အတင့်) | ၅.၃ (အင်အားအသင့်အတင့်) | ၅.၃ (အင်အားအသင့်အတင့်) | ၄.၇ (အင်အားအနည်းငယ်) |
| အချိန် | (၀၁)နာရီ၊ (၀၈)မိနစ်၊(၁၁)စက္ကန့် | (၀၁)နာရီ၊ (၁၂)မိနစ်၊(၅၉)စက္ကန့် | (၀၁)နာရီ၊ (၁၄)မိနစ်၊ (၀၀)စက္ကန့် | (၀၂)နာရီ၊ (၀၉)မိနစ်၊ (၂၄)စက္ကန့် |
| အကွာအဝေး | ဖြူးမြို့၏ အနောက်-အနောက်တောင်ဘက် (၂၄) မိုင်ခန့်အကွာ | ဖြူးမြို့၏ အနောက်-အနောက်တောင်ဘက် (၁၆) မိုင်ခန့်အကွာ | ဖြူးမြို့၏ အနောက်ဘက် (၂၅) မိုင်ခန့်အကွာ | ဖြူးမြို့၏ အနောက်ဘက် (၂၄) မိုင်ခန့်အကွာ |
| အရပ်/မိုင် | Lat : 18.33°N Long : 96.11°E | Lat : 18.44°N Long : 96.19°E | Lat : 18.49°N Long : 96.07°E | Lat : 18.46°N Long : 96.07°E |
| သတင်းထုတ်ပြန်ချက် | သတင်းထုတ်ပြန်ပါသည်။ | သတင်းထုတ်ပြန်ပါသည်။ | သတင်းထုတ်ပြန်ပါသည်။ | သတင်းထုတ်ပြန်ပါသည်။ |

**မိုး/ဇလ**



## ငလျင်ကြောင့် ပန်းတောင်းမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း အုတ်တံတိုင်းပြိုကျ

**ပန်းတောင်း ဇန်နဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် တောမအုပ်စု စမ်းဝကျေးရွာတွင် ဇန်နဝါရီ ၁၂ ရက် နံနက်က လှုပ်ခတ်သွားသော မြေငလျင်ကြောင့် စမ်းဝကျေးရွာ ပဏ္ဍိတာရာမဘုန်းတော်ကြီးကျောင်း အုတ်တံတိုင်း အခန်း ၁၃ ခန်း ပြိုကျခဲ့ကြောင်း သိရသည်။

အဆိုပါနေရာသို့ ဇန်နဝါရီ ၁၂ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ ဦးဆောင်၍ ဉသျှစ်ပင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦး၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်ရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ သွားရောက်ကြည့်ရှုခဲ့ပြီး အုတ်တံတိုင်းအား ပြန်လည်ပြုပြင် တည်ဆောက်ရန် ဆွေးနွေးတိုင်ပင်ခဲ့ကြောင်း သိရသည်။

**သိန်းတိုး**

# ရွှေသောင်ယံကမ်းခြေ၌ ဝေလငါးအသေတစ်ကောင်တွေ့ရှိ

**ရွှေသောင်ယံ ဇန်နဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရွှေသောင်ယံမြို့ အမှတ်(၃)ရပ်ကွက်ရှိ D&W စားသောက်ဆိုင်အနီး ကမ်းခြေ၌ ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက ဒေသခံ ဦးဇေလတ်က ဝေလငါး အသေတစ်ကောင် တွေ့ရှိကြောင်း အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးထံ အကြောင်းကြားသဖြင့် အဆိုပါ ဝေလငါး အား ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းနှင့် ဝန်ထမ်းများ၊ အမှတ် (၃)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးရဲကျော်သူ၊ ရွှေသောင်ယံ နယ်မြေရဲစခန်းမှ ဒုရဲအုပ်လှသိန်းပါ သုံးဦးက သွားရောက်ကြည့်ရှုစစ်ဆေးရာ ဝေလငါးအထီး ဖြစ်ပြီး အရှည်ပေ ၂၀၊ လုံးပတ် ကိုးပေ၊ ဆူးတောင် ၂၅ လက်မ၊ အမြီးအရှည် လေးပေ ခန့်မှန်းပိဿာချိန် ၁၅၀ ခန့်ရှိ ဝေလငါးကြီးတစ်ကောင်ဖြစ်သည်။

ယင်းဝေလငါးကြီးအား အမှတ်(၃)ရပ်ကွက်ရှိ မြေလွတ်နေရာ၌ မြှုပ်နှံသွားမည်ဖြစ်ပြီး ငါးလုပ်ငန်းဦးစီးဌာနက အရိုးရယူရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုမောင်(ပြန်/ဆက်)**



# ထီးချိုင့်မြို့နယ်ရှိ နီကယ်စက်ရုံ မီးလောင်မှုဖြစ်ပွား

**ထီးချိုင့် ဇန်နဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်ရှိ နီကယ်စက်ရုံဝင်း အတွင်း၌ ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၃ နာရီက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာ တကောင်းတောင် နီကယ်စက်ရုံဝင်းရှိ ရေပူရေအေးလဲလှယ် ကန်အား ပြုပြင်ရန် ဝရိန်ဆော်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ ရေပူရေအေး လဲလှယ်ကန် (၃၅× ၃၅) ပေကို မိုးထားသော ဖိုင်ဘာပြား အားလုံးနီးပါး မီးလောင်သွားခဲ့ကြောင်း သိရသည်။ အဆိုပါ မီးလောင်ရာနေရာသို့ စက်ရုံအတွင်းရှိ မီးသတ်ယာဉ် နှစ်စီးနှင့် စက်ရုံလုပ်သား ၅၀ တို့က ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ မွန်းလွဲ ၃ နာရီခွဲတွင် မီးငြိမ်းသွားကြောင်း သိရသည်။ မီးလောင်မှုကြောင့် လူတစ်ဦး တစ်ယောက်မျှ ထိခိုက်ဒဏ်ရာ မရရှိခဲ့ကြောင်း သိရပြီး နီကယ်စက်ရုံမှ သံဂဟေဆက် ဝန်ထမ်း နော်လင်း မဲဟင်းကျေးရွာ ထီးချိုင့်မြို့နယ် နေသူအား ထီးချိုင့်မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**



# ပေါင်မြို့၌ လိုင်စင်မဲ့ယာဉ်လက်ဝယ်ထားရှိသဖြင့် ရဲအုပ်တစ်ဦးအား အမှုဖွင့်

**သထုံ ဇန်နဝါရီ ၁၂**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဂျိုင်း (ဇာသပြင်)စစ်ဆေးရေးဂိတ်၌ တာဝန်ကျနေသော ဒုရဲမှူး ရဲထွန်းဦး ဦးစီးအဖွဲ့က လိုင်စင်မဲ့ယာဉ် သုံးစီးနှင့်ပတ်သက်သူ ရဲအုပ်တစ်ဦးအား စစ်ဆေးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၁ ရက် နံနက် ၇ နာရီက တံတားစစ်ဆေးရေးဂိတ်၌ ပေါင်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ် သက်စိုးဦးသည် တာဝန်မဲ့ ပြည်နယ်ကျော်၍သွားရောက်ခဲ့ပြီး ကရင်ပြည်နယ် အိန္ဒုကျေးရွာဘက်မှ မော်လမြိုင်မြို့ဘက်သို့ လိုင်စင်မဲ့မော်တော်ယာဉ် သုံးစီးအား ဖြတ်သန်းခွင့်ရရှိရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသဖြင့် ပေါင်မြို့မရဲစခန်းမှူး ဒုရဲမှူး ထွန်းဇော်ဦးနှင့် တပ်ဖွဲ့ဝင်များက ၎င်းနေထိုင်ရာ ပေါင်မြို့နယ် ကျွဲခြံကျေးရွာရှိ ရဲအုပ်သက်စိုးဦး၏ နေအိမ်သို့ သွားရောက်ရှာဖွေစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် အဆိုပါ နေအိမ် အတွင်းမှ မင်းအောင်မြင့်မိုး ပေါင်းရပ်ကွက် ပေါင်မြို့နေသူ မောင်းနှင်ပြီး သဲမောင်ထွန်း လိုက်ပါလာသော ယာဉ်အမှတ် YGN- 9L/---- Ford Ranger လိုင်စင်မဲ့ယာဉ်အား တွေ့ရှိ၍ ဆက်လက်စစ်ဆေးရာ အဆိုပါ ယာဉ်အား ရဲအုပ်သက်စိုးဦး ပိုင်ဆိုင်ကြောင်း စိစစ်တွေ့ရှိရသဖြင့် လိုင်စင်မဲ့ မော်တော်ယာဉ် လက်ဝယ်ထားရှိသူ ရဲအုပ် သက်စိုးဦးအား ပေါင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# ဘီးပေါက်၍ရပ်တန့်ထားသည့် ယာဉ်အား ဆိုင်ကယ်ဖြင့် ဝင်တိုက်မိ၍ နှစ်ဦးသေဆုံး

**နေပြည်တော် ဇန်နဝါရီ ၁၂**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မြို့မဈေးမီးပွိုင့်အနီး ပျဉ်းမနား-တောင်ညိုကားလမ်း၌ ဆွာလမ်းဆုံ မီးပွိုင့်ဘက်မှ သပြေကုန်းဘက်သို့ ရွှေကြာပင်ရပ်ကွက်နေ အောင်သူ (၂၆နှစ်) မောင်းနှင်ပြီး ဇမ္ဗူသီရိမြို့နယ်နေ အာယု (၂၅နှစ်) လိုက်ပါလာသည့် ၄၃ယ/----- ကန်ဘို-၁၁၀ ဆိုင်ကယ်သည် ဇန်နဝါရီ ၁၁ ရက် ည ၈ နာရီခွဲက လမ်းယာဘက်၌ ဘီးပေါက်၍ ရပ်တန့်ထားသော ဝါးများတင်ဆောင်ထားသည့် ခြောက်ဘီးယာဉ်အား နောက်မှ ဝင်ရောက်တိုက်မိသဖြင့် အောင်သူနှင့် အာယုတို့တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်ယာဉ်မောင်း အောင်သူအား အမှတ်(၃)နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံခြားသားမောင်းနှင်သည့် ယာဉ်ပေါ်မှ သိန်းလေးရာကျော်တန်ဖိုးရှိ တရားမဝင် ဆေးဝါးများ သိမ်းဆည်းရမိ

**မြဝတီ ဇန်နဝါရီ ၁၂**

ကရင်ပြည်နယ် မြဝတီမြို့မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၁) မြန်မာနိုင်ငံဘက်ခြမ်း၌ ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၁နာရီခန့်က နိုင်ငံခြားသားမောင်းနှင်သော ယာဉ်ပေါ်မှ ကာမစိတ်ကြွဆေးများ သိမ်းဆည်းရမိသည်။

နယ်မြေခံတပ်မတော်သားများ ဦးစီးအဖွဲ့၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ထိုင်းနိုင်ငံ မဲဆောက်မြို့ဘက်မှ မြန်မာနိုင်ငံဘက်သို့ ဝင်ရောက်လာသော မော်တော်ယာဉ်များအား ရှာဖွေစစ်ဆေးနေစဉ် ယာဉ်မောင်း ထိုင်းနိုင်ငံသား Mr.Phop Peng So Ri Ya မောင်းနှင်လာသည့် ထိုင်းနံပါတ်တပ် Hilux Vigo ယာဉ်အား ရှာဖွေစစ်ဆေးရာ ယာဉ်ပေါ်မှ စုစုပေါင်းကာမစိတ်ကြွဆေး အမျိုးအစား ခုနစ်မျိုး၏ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၅၇၂၂၅၀ ကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး တရားမဝင်ဆေးဝါးများ သယ်ဆောင်လာသူ ထိုင်းနိုင်ငံသား Mr.Phop Peng So Ri Ya အား မြဝတီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ပျော်ဘွယ်မြို့နယ်၌ ပြည်ပအကျိုးဆောင်လုပ်ငန်းလိုင်စင်မရှိဘဲ ထိုင်းနိုင်ငံသို့ အလုပ်သမားများ ပို့ဆောင်ခဲ့သူများအား အရေးယူ

**မိတ္ထီလာ ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်၌ ပြည်ပအကျိုးဆောင်လုပ်ငန်းလိုင်စင်မရှိဘဲ ထိုင်းနိုင်ငံသို့ အလုပ်သမားများ ပို့ဆောင်ခဲ့သူ စိုးလွင်၊ မစိုးစိုး၊ မသန္တာတို့အား တောင်ညောင်ကုန်း ရဲကင်းစခန်းက ဇန်နဝါရီ ၁၁ ရက်က အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်(၁)မိတ္ထီလာမှ သိရသည်။

ဖြစ်စဉ်မှာ ပျော်ဘွယ်မြို့နယ် ဃဲကြီးကျေးရွာနေ စိုးလွင်နှင့် ၎င်း၏ဇနီးဖြစ်သူ မစိုးစိုး၊ ရန်ကုန်မြို့နေ မသန္တာတို့သုံးဦးသည် ပျော်ဘွယ်မြို့နယ် တောင်ညောင်ကုန်းကျေးရွာအုပ်စု လေသာကုန်းကျေးရွာနေ မခိုင်ပါ ငါးဦးနှင့် မလှိုင်ပါ ငါးဦးတို့အား ထိုင်းနိုင်ငံရှိ အီလက်ထရွန်နစ်စက်ရုံ၊ မုန့်စက်ရုံများ၌ အလုပ်အကိုင်ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး ထိုင်းနိုင်ငံသို့ ပို့ဆောင်ခဲ၊ ပတ်စ်ပို့စာအုပ် ပြုလုပ်ခများတောင်းခံကာ ထိုင်းနိုင်ငံ ပထုံဌာနခရိုင် လလွန်ကဲရောက်မြို့ရှိ အဆောင်တစ်ခုသို့ ပို့ဆောင်အပ်နှံထားခဲ့သည်။ မခိုင်ပါ ငါးဦးနှင့် မလှိုင်ပါငါးဦးတို့မှာ ထိုင်းနိုင်ငံ၌ တစ်လခန့် အလုပ်အကိုင် ရရှိခြင်းမရှိဘဲ မိမိစားစရိတ်ဖြင့် စားသောက်နေထိုင်ကာ ဒုက္ခမျိုးစုံကြုံတွေ့နေရသဖြင့် မြန်မာနိုင်ငံသံရုံးသို့ အကူအညီတောင်းခံပြီး သံရုံးအကူအညီဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။

မခိုင်ပါငါးဦးနှင့် မလှိုင်ပါ ငါးဦး စုစုပေါင်း ၁၀ ဦးတို့က ပြည်ပ အကျိုးဆောင်လုပ်ငန်းလိုင်စင်မရှိဘဲ ထိုင်းနိုင်ငံသို့ ပို့ဆောင်ခဲ့သူ စိုးလွင်၊ မစိုးစိုးနှင့် မသန္တာတို့အား ဥပဒေအရ အရေးယူပေးရန် တိုင်ကြားခဲ့ရာ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ် (၁) မိတ္ထီလာမှ စုံစမ်းစိစစ်ပြီး ပျော်ဘွယ်မြို့နယ် တောင်ညောင်ကုန်း ရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# လူမှုကွန်ရက်ပေါ်၌ မိန်းကလေးတစ်ဦး၏ ညစ်ညမ်းပုံများတင်၍ ငွေတောင်းခံသူကို အမှုဖွင့်

**မိုးကောင်း ဇန်နဝါရီ ၁၂**

ကချင်ပြည်နယ် မိုးကောင်းမြို့၌ မိန်းကလေးတစ်ဦးအား ဖေ့စ်ဘွတ်လူမှုကွန်ရက်ပေါ်၌ ညစ်ညမ်းပုံများတင်၍ ငွေကျပ် ၁၀ သိန်း တောင်းခံမှုဖြစ်ပွားခဲ့၍ မိုးကောင်းမြို့မ ရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးကောင်းမြို့နယ်၌ အမျိုးသမီးတစ်ဦးထံသို့ အမည်နှင့် နေရပ်လိပ်စာမသိ အမျိုးသားတစ်ဦးက ဖုန်းဆက်၍ ဖေ့စ်ဘွတ်လူမှုကွန်ရက်၌ ၎င်း၏ ညစ်ညမ်းဓာတ်ပုံများ တင်ထားကြောင်း၊ ငွေကျပ် ၁၀ သိန်းပေးပါက ပြန်ဖျက်ပေးမည် ဖြစ်ကြောင်း၊ ပိုက်ဆံမပေးပါက ဆက်လက်ပြီး ညစ်ညမ်းပုံများ တင်မည်ဖြစ်ကြောင်း ခြိမ်းခြောက်စာများပို့၍ ငွေတောင်းခံမှုကြောင့် ဇန်နဝါရီ ၁၁ရက်က မိုးကောင်း မြို့မရဲစခန်းသို့ တိုင်တန်းခဲ့သဖြင့် အဆိုပါ ခြိမ်းခြောက်ငွေတောင်းသူအား အမှုဖွင့်အရေးယူထားကြောင်း မြို့မရဲစခန်းမှူးထံမှ သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်နှင့် စားသောက်ကုန်များဖမ်းမိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၁၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၉၇ စီး၊ သွင်းကုန် ၉၄၆ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃ စီး၊ သွင်းကုန် ၁၅၉စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၁ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၇၂၄ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၅၁၃ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၂ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၂၃၇ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၁၁ ရက်က မန္တလေးသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်နှင့် စားသောက်ကုန် ပစ္စည်းရှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၇၂၄ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် မေတ္တာလမ်း တတိယထပ် အမှတ်(၈၈)တွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသားတိုးတက်ရေးပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီ၏ အလံနှင့် တံဆိပ်တို့ကို ပြောင်းလဲအသုံးပြုခွင့်ပြုရန် လျှောက်ထားချက်အရ ယင်းပါတီက ပြောင်းလဲ အသုံးပြုမည့် ပါတီ၏အလံနှင့် တံဆိပ်တို့ကို ဖော်ပြပြီး အများပြည်သူ ကန့်ကွက်နိုင်ကြောင်း ၇-၁၁-၂၀၁၇ ရက်နေ့ သတင်းစာများတွင် ထည့်သွင်း ကြော်ငြာခဲ့ပါသည်။

၂။ ယင်းပါတီ၏ အလံနှင့် တံဆိပ်တို့အား ကန့်ကွက်မှု ရှိခဲ့သည့်အပြင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က စိစစ်ရာတွင်လည်း ယင်းအလံနှင့် တံဆိပ်တို့ကို ဆက်လက်အသုံးပြုရန် မသင့်လျော်ကြောင်း တွေ့ရှိရသဖြင့် သက်ဆိုင်ရာပါတီကို ခေါ်ယူတွေ့ဆုံ၍ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီအလံနှင့် တံဆိပ်တို့ကို ပြင်ဆင်စေခဲ့ပါသည်။

၃။ သို့ပါ၍ **အမျိုးသားတိုးတက်ရေးပါတီ** က ပြင်ဆင်တင်ပြလာသည့် ယခုဖော်ပြပါ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။


အမျိုးသားတိုးတက်ရေးပါတီ၏ အလံပုံစံ။



အမျိုးသားတိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအတွက် ၃၈၅၄ ဦးအား စိစစ်ခွင့်ပြုပေးခဲ့

**နေပြည်တော် ဇန်နဝါရီ ၁၂**

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်များကို ခွင့်ပြုပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ဇန်နဝါရီ ၃ ရက်က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ဒီဇင်ဘာ ၄ ရက်မှ ဒီဇင်ဘာ ၂၂ ရက်ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ငါးဦးကို လည်းကောင်း၊ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်တစ်ဦး၊ မဂ္ဂဇင်း နှစ်ဦး၊ အထွေထွေ ရှစ်ဦး၊ ပေါင်း ၁၁ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်လိုသူ တစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၈၁ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၂၈၀ နှင့် သတင်းအေဂျင်စီလုပ်ငန်း ၉၃ ဦး၊ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီ လုပ်ငန်း ၃၈၅၄ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။ မဂ္ဂဇင်းထုတ်ဝေခြင်း လုပ်ငန်းလျှောက်ထားသူတစ်ဦးအား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းရရှိသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

❍ *ကျောဖုံးမှ*

ထို့ပြင် နေလင်းထွန်းနှင့်ထိုက်ထိုက်အောင်တို့၏ ညာခြမ်းက ဘောလုံးအပျက်များနေ၍ ရှမ်းယူနိုက်တက် တိုက်စစ်မှာ ဘယ်ခြမ်းကိုသာ အားပြုခဲ့ရသည်။ ဇွဲကပင်အသင်းမှာမူ ပေါ်တူဂီတိုက်စစ်မှူးပေါ်လို တစ်ဦးတည်းကိုသာ အားပြုကစားခဲ့သည်။

ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ဂိုးရရန်အတွက် တောင်ကိုရီးယား ကွင်းလယ်လူ လီဟန်ကွတ်အစား နိုင်ဂျီးရီးယား တိုက်စစ်မှူး ခရစ္စတိုဖာအားထည့်ကာ တိုက်စစ်အား မြှင့်ခဲ့သည်။ သို့သော် ရှမ်းယူနိုက်တက် ကစားသမားများ၏ ခြေစွမ်းမှာ ပုံမှန်အောက် ကျဆင်းနေပြီး အချိတ်အဆက် လွဲချော်နေသောကြောင့် ဇွဲကပင်နောက်တန်း အလွယ်တကူ ဖျက်ထုတ်နိုင်ခဲ့သည်။ ဇွဲကပင်အသင်းသည် တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့သောကြောင့် ဂိုးမရရှိဘဲ ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ပွဲစဉ်(၁)တတိယနေ့ကို ဇန်နဝါရီ ၁၃ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး အောင်ဆန်းကွင်း၌ မြဝတီအသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- မန်ယူအသင်းသည် အသက် ၂၈ နှစ်အရွယ်ရှိ အာဆင်နယ်အသင်း၏ ချီလီတိုက်စစ်မှူး ဆန်းချက်ဇ်ကို ပေါင် ၂၅ သန်းဖြင့် ကမ်းလှမ်းမှုပြုလုပ်လိုက်ကြောင်း သည်ဂါးဒီးယန်းတွင် ဖော်ပြထားပြီး အင်ဒီပင်းဒန့်၏ ဖော်ပြချက်တွင်မူ ဆန်းချက်ဇ်အနေဖြင့် မန်စီးတီး အသင်းကိုသာ ပြောင်းရွှေ့ကစားရန် ပိုမိုဆန္ဒရှိနေသော်လည်း ဂွါဒီယိုလာ၏ အသင်းက ပေါင်သန်း ၂၀ ဖြင့်သာ ကမ်းလှမ်းထားကြောင်း သိရသည်။
- ချယ်လ်ဆီးနည်းပြ ကွန်တီသည် ရာသီမကုန်မီတွင် အသင်းမှထွက်ခွာနိုင်ခြေရှိကြောင်း၊ ၎င်း၏ နေရာအတွက် အစားထိုးရန် ဂျူဗင်တပ်စ် နည်းပြ အယ်လီဂရီနှင့် ဘာစီလိုနာ နည်းပြဟောင်း အင်းနရစ်တို့က ရေပန်းစားနေကြောင်း ဒေးလီးမေး၏ ဖော်ပြချက်အရ သိရသည်။
- မန်ယူနှင့် ချယ်လ်ဆီးအသင်းတို့သည် ဘရာဇီးကလပ် ဂရီမီယိုအသင်းမှ အသက် ၂၁ နှစ်အရွယ် မီလိုကိုခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိနေကြောင်း ဒေးလီးစတား၏ ဖော်ပြချက်အရ သိရသည်။
- လီဗာပူးအသင်းသည် လက်စတာအသင်းမှ အယ်လ်ဂျီးရီးယားတောင်ပံကစားသမား မာရက်ဇ် (၂၆နှစ်) ကို ခေါ်ယူရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိနေသော်လည်း အဆိုပါကစားသမားကိုယ်တိုင်က အာဆင်နယ်အသင်းသို့သာ ပိုမိုပြောင်းရွှေ့ရန်ဆန္ဒရှိနေကြောင်း ယူကေအခြေစိုက်သတင်းရင်းမြစ်တစ်ခု၏ ဖော်ပြချက်အရ သိရသည်။
- လီဗာပူးအသင်းသည် ယခုလတွင် ဒန်နီရယ် စတာရစ်ကို ရောင်းထုတ်ရန် အသင့်အနေအထားရှိနေကာ အဆိုပါ ကစားသမားအတွက် ပေါင်သန်း ၃၀ လိုချင်နေကြောင်း ယူကေသတင်းရင်းမြစ်တစ်ခု၏ ဖော်ပြချက်အရ သိရသည်။
- တော့တင်ဟမ်အသင်းနှင့် လီဗာပူးအသင်းတို့သည် နော့ဝှချ်အသင်း၏ အင်္ဂလန် ယူ-၂၁ တိုက်စစ်ကွင်းလယ်ကစားသမား ဂျိမ်းမက်ဒီဆန်ကို ခေါ်ယူရန် ဆန္ဒရှိနေကြောင်း မေရာ၏ ဖော်ပြချက်အရ သိရသည်။
- နယူးကာဆယ်နည်းပြ ဘင်နီတက်ဇ်သည် ဆောင်းရာသီဈေးကွက်ကာလ ကစားသမားဝယ်ယူမှုအပေါ်တွင် အသင်း၏ အေးစက်စက်ဖြစ်နေမှုကို စိတ်ပျက်လာလျက်ရှိနေကြောင်း ရှီးဂက်ဇက်တီဒေ့ါကွန်း၏ ဖော်ပြချက်အရ သိရသည်။
- လက်စတာနည်းပြကလောက်ဒီ ဖြူရယ်သည် ဆောင်းရာသီဈေးကွက်ကာလတွင် တိုက်စစ်မှူး နာချိုအနေဖြင့် အသင်းမှ ထွက်ခွာသွားမည်မဟုတ်ကြောင်း အတည်ပြုပြောကြားလိုက်သည်။
- အီတလီဘက်မှလာသောသတင်းရင်းမြစ်တစ်ခုတွင် အင်တာမီလန်အသင်းသည် ဘာစီလိုနာအသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား ရာဖင်ဟာ (၂၄နှစ်) ကို ပေါင် ၁၇ ဒသမ ၇ သန်း ဝယ်ယူခွင့်နှင့်အတူ အငှားဖြင့် ခေါ်ယူချင်နေကြောင်း ဖော်ပြထားသည်။

**ဇော်ဇော်**


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
ရန်ကင်းကလေးဆေးရုံကြီး
ရန်ကုန်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကင်းကလေးဆေးရုံကြီး၊ ရန်ကုန်မြို့တွင် (၆)ထပ်တိုးချဲ့ဆောင်သစ်ကြီး အတွက် 1000KVA Transformer နှင့် ပင်မအဆောက်အအုံတွင် 64Slice CT Scan တို့အတွက် 200 KVA Transformer များတပ်ဆင်ခြင်းလုပ်ငန်းအတွက် အစိုးရအသိအမှတ်ပြုလိုင်စင်ရကုမ္ပဏီများထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။
၂။ **ဈေးနှုန်းတင်သွင်းပုံစံများ စတင်ရောင်းချမည့်ရက်** -၁၂-၁-၂၀၁၈ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၆-၁-၂၀၁၈ရက် ညနေ ၄နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကင်းကလေးဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးခန်းတွင် ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

**ခုတင်(၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံကြီး၊ ရန်ကုန်မြို့**
**ဆက်သွယ်ရမည့်ဖုန်း-၀၁-၈၅၅၀၆၈၄(လိုင်းခွဲ-၁၁၅၊ ၂၀၂)၊ ၀၁-၈၅၅၀၆၇၉**



ကွန်ဒို ငှားမည်/ရောင်းမည်

7a၊ ဦးကွန်းဇော် ကွန်ဒို၊
(1950 Sq)ကန်လမ်း၊လှိုင်မြို့နယ်။
09420008669,09257666676



ဖောင်းကြွပျောက်
လျှောက်ထားခြင်း

ယာဉ်အမှတ် 8I/1295 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**



"အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ လိပ်ကန်လမ်း၊ တိုက်အမှတ်(၁၁)၊ ပထမထပ် (ညာဘက်)ဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဒေါ်မေသန္တာထွန်း(၁၂/ပဇတ(နိုင်)၀၀၁၃၁၉)မှ အရှုပ်အရှင်းကင်းရှင်းစွာ ပိုင်ဆိုင်ရောင်းချခွင့်ရှိသောတိုက်ခန်းဖြစ်ကြောင်း ဝန်ခံလျှက် အရောင်းအဝယ်ပြုလုပ်ရန် ကမ်းလှမ်းခဲ့ရာ အဆိုပါတိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက် အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်သန္တာ
LL.B., D.B.L., D.M.L., D.I.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၀၅၈)
တိုက်(၁)၊ အခန်း(၁၆)၊ ဦးဝိစာရအိမ်ရာ၊
မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၉၅၃၁၂၊ ၀၉၅၁၁၇၈၇၅၊ ၀၉၂၅၀၀၂၆၄၇၇



ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ရန်ကုန်မြို့၊ Down Town ဧရိယာတွင် ဘဏ်အသစ်ဖွင့်လိုသူများ၊ ဖွင့်ပြီးဘဏ်အသစ် တိုးချဲ့ဖွင့်လှစ်လိုသူများ၊ ဘဏ်များဖွင့်လှစ်ခြင်း မရှိသော နေရာကောင်း၊ ကုမ္ပဏီရုံးခန်း၊ ဆိုင်ခန်းဖွင့်လိုသူများ၊ စီးပွားရေးလုပ်ကိုင်လိုသူများအတွက် အထပ်မြင့်ဆောက်ခွင့်ရ၊ အချက်အချာကျနေရာကောင်း၊ သမိန်ဗရမ်းလမ်းမကျယ်၊ လမ်းမကြီးဘေး မြေအကျယ် 3710sqft, မျက်နှာစာ 38', မျက်နှာစာ(၂)ဖက်ပါ၊ ဂရန်အမည်ပေါက်။ ကျပ်သိန်း(၉၅၀၀)

**ဖုန်း- 09-5178979 ၊ 09-43022828 ၊ 09-43292929 ၊ 09-451146685 ၊ 09-420182934**



အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ထန်းတပင်၊ ခရမ်း၊ ကွမ်းခြံကုန်း၊ မှော်ဘီမြို့နယ်များရှိ ရေကြီးရေလျှံမှုလျော့ နည်းစေရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၂-၁-၂၀၁၈ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၂၆-၁-၂၀၁၈ရက် ၁၄း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည် ဖြစ်ပါသည်။
၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၃၃၆၄၀၂၊ ၀၁-၅၇၇၅၅၃တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ



ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ချိုခိုင်၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ကြောင်း ကြေညာအပ်ပါသည်။ ဦးစိုင်းအောင်ဝင်း ၁၃/ကတန(နိုင်)၀၆၄၁၇၆ သည် ၂၀၀၀ ခုနှစ်မှစ၍ နောက်အိမ်ထောင်ပြုသွားပြီးဖြစ်သဖြင့် ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ပြီး လုံးဝမသက်ဆိုင်တော့ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူနိုင်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းစု(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၉၂၈)**
**ဖုန်း-၀၉-၇၉၂၀၉၉၇၈၉**




# ဝန်ကြီးချုပ်ရှင်ဇိုအာဘေး ဘောလ်တစ်ဒေသနှင့် အရှေ့ဥရောပနိုင်ငံများသို့ သွားရောက်သည့် ပထမဆုံးသော ဂျပန်ဝန်ကြီးချုပ်ဖြစ်လာ

**တိုကျို ဇန်နဝါရီ ၁၂**

ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးသည် ဘောလ်တစ်ဒေသသုံးခုနှင့် အရှေ့ဥရောပသုံးနိုင်ငံသို့ ထွက်သွားရောက်ရန် ဂျပန်နိုင်ငံမှထွက်ခွာခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ ဝန်ကြီးချုပ်သည် ယင်းနိုင်ငံများသို့ သွားရောက်သည့်ပထမဆုံးသော ဂျပန်ဝန်ကြီးချုပ်တစ်ဦးဖြစ်လာခဲ့သည်။

အာဘေးသည် ၎င်း၏ခြောက်ရက်ကြာမြင့်မည့်ခရီးစဉ်၏ပထမဆုံးခြေလှမ်းအစအနေဖြင့် သောကြာနေ့နံနက်ပိုင်းတွင် တိုကျိုရှိ ဟာနီဒါလေဆိပ်မှ ရုရှားနိုင်ငံ၏အိမ်နီးချင်းဖြစ်သည့် အက်စတိုးနီးယားသို့ ထွက်ခွာခဲ့သည်။ ဝန်ကြီးချုပ်သည် လတ်ဗီးယား၊ လစ်သူယေးနီးယား၊ ဘူလ်ဂေးရီးယား၊ ဆားဘီးယားနှင့် ရိုမေးနီးယားနိုင်ငံများသို့လည်း သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

၎င်း၏ခရီးစဉ်သွားရောက်မှုသည် ဂျပန်နိုင်ငံ၏သံတမန်ဆက်ဆံရေးကို နောက်ထပ်တိုးချဲ့သွားနိုင်မည်ဖြစ်ကြောင်း အာဘေးကသတင်းထောက်များအားပြောကြားခဲ့သည်။ ဆွေးနွေးဖက်များနှင့် ၎င်း၏စကားပြောဆိုဆွေးနွေးမှုများမှသည် နိုင်ငံတကာအဖွဲ့အစည်းက ရင်ဆိုင်နေရသည့် မြောက်ကိုရီးယား၏ နျူကလီးယားနှင့်ဒုံးကျည်အစီအစဉ်များနှင့် အခြားသောအရေးကြီးအကြောင်းရာများနှင့်ပတ်သက်၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများကို ရှာဖွေသွားနိုင်ရန်မျှော်လင့်ထားကြောင်း အာဘေးကပြောကြားခဲ့သည်။

ဝန်ကြီးချုပ်သည် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာနေသည့် နိုင်ငံများနှင့် စီးပွားရေးအရဆက်ဆံမှုကို မြှင့်တင်သွားရန်မျှော်လင့်ထားကြောင်းကိုလည်း ဖော်ပြခဲ့သည်။

အာဘေးသည် ဂျပန်ကုမ္ပဏီပေါင်း ၃၀ကျော်တို့မှ ကိုယ်စားလှယ်များနှင့်အတူ ခရီးသွားနေကြောင်းကိုလည်း ဖြည့်စွက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန်သို့ အလည်အပတ်သွားရောက်သည့် တူရကီနိုင်ငံသားများအတွက် ခရီးသွားလာမှုဆိုင်ရာ သတိပေးချက် တူရကီထုတ်ပြန်

**အန်ကာရာ ဇန်နဝါရီ ၁၂**

တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနသည် အမေရိကန်သို့သွားရောက်ကြသည့် တူရကီနိုင်ငံသားများအား ခရီးသွားလာမှုဆိုင်ရာအကြံပြုချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ ယင်းအကြံပြုချက်တွင် အကြမ်းဖက်လုပ်ရပ်များပိုမိုတိုးပွားလာနေမှုနှင့် တူရကီနိုင်ငံသားများအား ထင်သလိုဖမ်းဆီးနေမှုတို့ကို ထည့်သွင်းစဉ်းစားကြရန် တိုက်တွန်းထားကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုတွင် မကြာသေးမီအချိန်က အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ရာဇဝတ်မှုဆိုင်ရာဖြစ်ရပ်များ တိုးပွားလာသည်ကို အထင်အရှားတွေ့မြင်နေရကြောင်း ဝန်ကြီးဌာနက ပုံနှိပ်ဖော်ပြခဲ့သည့်သတိပေးချက်တွင် ပါရှိသည်။

သတိပေးချက်တွင် တူရကီနိုင်ငံသားများအားစိတ်ရှိသလိုဖမ်းဆီးနိုင်သည့်အန္တရာယ်ကို ထောက်ပြခဲ့သည်။အမေရိကန်ပြည်ထောင်စုက ၎င်း၏နိုင်ငံသားများအား ပြီးခဲ့သည့်ကြာသပတေးနေ့က ခရီးသွားလာမှုဆိုင်ရာ အလားတူသတိပေးချက်ထုတ်ပြန်ခဲ့ပြီးနောက်တွင် တူရကီ၏ ခရီးသွားလာမှုသတိပေးချက် ပေါ်ထွက်လာကြောင်း သိရသည်။

**ဆင်ဟွာ**

# နျူကလီးယားစာချုပ်ကိုထိန်းသိမ်းသည့်အနေဖြင့် အီရန်အပေါ် ပိတ်ဆို့မှုများကို ထရန့်ပိုမိုဖြေလျှော့ပေးသွားမည်

**တီဟီရန် ဇန်နဝါရီ ၁၂**

အမေရိကန်ပြည်ထောင်စုနှင့် အခြားသောကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် အီရန်တို့ ၂၀၁၅ခုနှစ်တွင် ချုပ်ဆိုခဲ့သည့်စာချုပ်အရ အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် အရေးယူပိတ်ဆို့မှုများကို ပိုမိုဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း အဆိုပါဆုံးဖြတ်ချက်နှင့်ရင်းနှီးကျွမ်းဝင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ထရန့်သည် အီရန်နျူကလီးယားသဘောတူစာချုပ်ကို လက်လွှတ်ရန်အလေးပေးခဲ့သော်လည်း စာချုပ်နှင့်ပတ်သက်၍ တိုးတက်မှုရရှိရန်အတွက် အမေရိကန်ကွန်ဂရက်လွှတ်တော်နှင့် ဥရောပမဟာမိတ်များကို နောက်ဆုံးအချိန်သတ်မှတ်မှုပေးခဲ့ကြောင်း အဆိုပါပုဂ္ဂိုလ်ကပြောကြားခဲ့သည်။ တိုးတက်မှုတစ်စုံတစ်ရာမရရှိပါက ထရန့်သည် သဘောတူညီချက်မှနုတ်ထွက်ရန် ခြိမ်းခြောက်မှုအသစ်လုပ်ဆောင်လာနိုင်ကြောင်း သိရသည်။

ထရန့်သည် ပိတ်ဆို့မှုများကို ဖြေလျှော့ပေးရန် ရှိမရှိဆုံးဖြတ်ရန် သောကြာနေ့ကို နောက်ဆုံးအချိန်အဖြစ် သတ်မှတ်မှုနှင့်ရင်ဆိုင်ခဲ့ရသည်။ အိမ်ဖြူတော်သည် သောကြာနေ့တွင် ဆုံးဖြတ်ချက်ကို ကြေညာသွားမည်ဟု မျှော်လင့်ရကြောင်း သိရသည်။

ပိတ်ဆို့မှုများဖြေလျှော့မှုကို ထရန့်ကအတည်ပြုချိန်တွင် ၎င်းသည် အီရန်အပေါ် နောက်ထပ်ပိတ်ဆို့မှုအသစ်များချမှတ်သွားရန် ဆုံးဖြတ်ခဲ့ကြောင်းကိုလည်း အဆိုပါပုဂ္ဂိုလ်က ပြောကြားခဲ့သည်။

ထရန့်၏အုပ်ချုပ်ရေးအဖွဲ့မှ အကြီးတန်းအာဏာပိုင် နှစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ရိုက်တာသို့ ပြောကြားခဲ့သည်မှာ ရီပတ်ဘလစ်ကန်အဖွဲ့ဝင်တစ်ဦးဖြစ်သည့် သမ္မတသည် ရပ်နားထားသည့်ပိတ်ဆို့မှုများကို အချိန်ကာလခြားပြီးမှ ပြန်လည်စည်းကြပ်မှုမပြုလုပ်ရန် ထိပ်တန်းအကြံပေးပုဂ္ဂိုလ်၏ အကြံပြုချက်ကို စိတ်ဝင်စားမှုမရှိသည့်ဟန်ဖော်ပြခဲ့ကြောင်း သိရသည်။

မိမိမတိုင်မီအုပ်ချုပ်ခဲ့သည့် ဒီမိုကရက်တစ်တစ်ဦးဖြစ်သူ သမ္မတအိုဘားမားသည် နျူကလီးယားစာချုပ်ကို သဘောတူရာတွင် အမေရိကန်ပြည်ထောင်စုအတွက် မကောင်းသော စာချုပ်တစ်ခုကိုညှိနှိုင်းဆွေးနွေးခဲ့သည်ဟု ထရန့်က အပြစ်ဆိုခဲ့သည်။

**ရိုက်တာ**



# နာတာရှည်ခံစားနေရသည့် ကမ္ဘောဒီးယားကလေးငယ် ၁၀၀ကို တရုတ်နိုင်ငံက အခမဲ့ ခွဲစိတ် ကုသပေးမည်



**ဖနောင်ပင် ဇန်နဝါရီ ၁၂**

တရုတ်-ကမ္ဘောဒီးယားချစ်ခြင်းမေတ္တာခရီးစဉ်အရ နာတာရှည်ရောဂါခံစားနေရသော ကမ္ဘောဒီးယားကလေးငယ် ၁၀၀ ကို သုံးနှစ်အတွင်း တရုတ်နိုင်ငံက အခမဲ့ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ယင်းအစီအစဉ်ကို ကမ္ဘောဒီးယားသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တရုတ်နိုင်ငံဝန်ကြီးချုပ် လီခချန်းနှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်တို့က ဖနောင်ပင်မြို့ရှိ ငြိမ်းချမ်းရေးနန်းတော်တွင် ယမန်နေ့က သဘောတူခဲ့ခြင်း ဖြစ်သည်။

ခေါင်းဆောင်နှစ်ဦးသဘောတူညီခဲ့သည့် တရုတ်-ကမ္ဘောဒီးယားချစ်ခြင်းမေတ္တာခရီးစဉ်အရ တရုတ်ဆေးပညာရှင်များက ကမ္ဘောဒီးယားဆေးပညာရှင်များကို နည်းပညာပိုင်းဆိုင်ရာနှင့် ကုသခြင်းဆိုင်ရာများ လက်တွေ့သင်ကြားပို့ချမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် တရုတ်နိုင်ငံက ဖနောင်ပင်မြို့၏ နှစ် ၁၀၀ ကျော်ရှိပြီဖြစ်သည့် သက်တမ်းအကြာဆုံး ဆေးရုံများအနက် တစ်ခုဖြစ်သည့် ပရီကိုဆာမက်ဆေးရုံ၌ ခုတင် ၄၀၀ ဆံ့ အကျယ်အဝန်းအားဖြင့် ၂၉၀၀၀ စတုရန်းမီတာရှိ ဆေးဘက်ဆိုင်ရာအဆောက်အအုံတစ်လုံးကိုလည်း တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# အမေဇုန်အရာရှိချုပ် ဂျက်ဘီဇို ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်တစ်ဦး ဖြစ်လာ

**နယူးယောက် ဇန်နဝါရီ ၁၂**

အမေဇုန်အရာရှိချုပ် ဂျက်ဘီဇိုသည် ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်လာခဲ့ကြောင်း သတင်းများတွင် မကြာသေးမီက ဖော်ပြခဲ့သည်။

အမေဇုန်အရာရှိချုပ် ဘီဇိုသည် ဘလွန်းဘာ့ချ်နှင့် ဖို့ဘ်မဂ္ဂဇင်းနှစ်ခုလုံးတွင် ဘီလျံနာစာရင်း၏ ထိပ်ဆုံးမှ ရပ်တည်ခဲ့သည်။ ဘလွန်းဘာ့ချ်၏ စာရင်းအရ ဘီဇို၏ အသားတင် ပိုင်ဆိုင်မှုသည် အမေရိကန်ဒေါ်လာ ၁၀၆ ဘီလီယံနာရှိကြောင်း ဖော်ပြခဲ့သည်။ ဖို့ဘ်မဂ္ဂဇင်းကမူ ဘီဇို၏ပိုင်ဆိုင်မှုသည် ၁၀၅ ဘီလီယံရှိကြောင်း မကြာသေးမီက ထုတ်ပြန်ဖော်ပြခဲ့သည်။



ဘီဇိုသည် ၁၉၉၉ ခုနှစ်က စံချိန်တင်ခဲ့သော ယခင်မိုက်ခရိုဆော့ဖ် တည်ထောင်သူ ဘီလ်ဂိတ်၏စံချိန်အား ယခုနှစ်တွင် ကျော်လွန်သွားခဲ့ပြီး ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာခဲ့ကြောင်း သိရသည်။ အမေဇုန်ရှယ်ယာများသည် ၂၀၁၇ ခုနှစ်အတွင်း ၅၇ ရာခိုင်နှုန်းနီးပါး တက်လာခဲ့ကာ ဘီဇို၏ အသားတင် ပိုင်ဆိုင်မှုအားလုံးကို အမေဇုန်စတော့ရှယ်ယာမှ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဘီလ်ဂိတ်သည် အကြမ်းဖျင်းအားဖြင့် အမေရိကန်ဒေါ်လာ ၉၂သန်းဖြင့် နံပါတ် ၂ နေရာ တွင်ရပ်တည်ခဲ့သည်။ ဘီလ်ဂိတ်အနေဖြင့် ကူညီလှူဒါန်းမှုများ မပြုလုပ်ပါက ၎င်း၏ပိုင်ဆိုင်မှုသည် ဘီဇို၏ ပိုင်ဆိုင်မှုထက် ပိုမိုသာလွန်ကြောင်း အချို့က ပြောခဲ့သည်။

ဘီလ်ဂိတ်သည် ၁၉၉၆ ခုနှစ်မှ စတင်ကာ ယနေ့ခေတ်ပေါက်စျေးအားဖြင့် အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ မိုက်ခရိုဆော့ဖ် ရှယ်ယာများနှင့် ငွေသား ၂ ဒသမ ၉ ဘီလီယံပေးလှူခဲ့ကြောင်း ဘလွန်းဘာ့ချ်က ဖော်ပြခဲ့သည်။ **ဆင်ဟွာ**

နိုင်ငံတကာ သတင်းတိုထွာ

## စီးပွားရေးမြို့တော် မွမ်ဘိုင်းစားသောက်ဆိုင် မီးလောင်မှုအပေါ် ပိုင်ရှင်သုံးဦးကို ဖမ်းဆီးခဲ့

**နယူးဒေလီ ဇန်နဝါရီ ၁၂**

လူ ၁၄ ဦးသေဆုံးခဲ့ပြီး ဒဏ်ရာအများအပြားရရှိစေခဲ့သည့် စီးပွားရေးမြို့တော် မွမ်ဘိုင်းရှိ စားသောက်ဆိုင်မီးလောင်မှုနှင့်ပတ်သက်ပြီး ပိုင်ရှင်သုံးဦးကို ဖမ်းဆီးခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့များက ဇန်နဝါရီ ၁၁ ရက်တွင် ပြောခဲ့သည်။

ပိုင်ရှင်နှစ်ဦးကို ယမန်နေ့ညပိုင်းက ဖမ်းဆီးနိုင်ခဲ့ကာ တစ်ဦးကို ယနေ့နံနက်တွင် ဖမ်းဆီးနိုင်ခဲ့ကြောင်း အဆင့်မြင့်ရဲအရာရှိတစ်ဦးက ပြောသည်။

၎င်းတို့သုံးဦးအား မွမ်ဘိုင်းရဲများက အိန္ဒိယရူပီး တစ်သိန်းဆုငွေထုတ်ထားကြောင်း သိရသည်။ ကာမလာမေးလ်ဈေးဝယ်စင်တာဝင်းရှိ ဝမ်းအဗက် စားသောက်ဆိုင်၌ စတင်ဖြစ်ပွားသော မီးလောင်မှုသည်မကြာမီအဆောက်အအုံတစ်ခုလုံးသို့ ဝါးမျိုသွားခဲ့ပြီး လူပေါင်းများစွာပိတ်မိသေဆုံးခဲ့သည်။ သေဆုံးသူများထဲတွင် အမျိုးသမီးအများဆုံးပါဝင်ကြောင်း သိရသည်။

ရဲများသည် အစောပိုင်းက မီးလောင်မှုတွင် မကူညီဘဲ ထွက်ပြေးခဲ့သည့် မန်နေဂျာနှစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## လုပ်ငန်းစီမံကိန်း ၁၀၀ကျော်ကို တရုတ်နှင့် မဲခေါင်နိုင်ငံများ သဘောတူ

**ပေကျင်း ဇန်နဝါရီ ၁၂**

တရုတ်နိုင်ငံနှင့် မဲခေါင်မြစ်ဝှမ်းတစ်လျှောက်ရှိ အရှေ့တောင်အာရှနိုင်ငံများမှ ခေါင်းဆောင်များသည် ပေကျင်းမှ ငွေကြေးဆိုင်ရာ ကူညီထောက်ပံ့မှု ရရှိသည့် လုပ်ငန်းစီမံကိန်းပေါင်း ၁၀၀ ကျော်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် သဘောတူညီခဲ့ကြောင်း သိရသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံများမှ ခေါင်းဆောင်များနှင့် ဗုဒ္ဓဟူးနေ့တွင် ကမ္ဘောဒီးယားနိုင်ငံ မြို့တော်ဖနွမ်းပင်၌ ဆက်သွယ်ပူးပေါင်းခဲ့သည်။ ယင်းတွေ့ဆုံမှုသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဖိုရမ်၏ နှစ်ကြိမ်မြောက် တွေ့ဆုံဆွေးနွေးမှု ဖြစ်သည်။ ပထမအကြိမ်တွေ့ဆုံမှုကို တရုတ်နိုင်ငံ၏ တိုက်တွန်းမှုဖြင့် ၂၀၁၆ ခုနှစ်က တစ်ကြိမ်ကျင်းပခဲ့သည်။

ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆမ်က မူဘောင်ချမှတ်မှုသည် တရုတ်နိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုကို အားဖြည့်ပေးရန်နှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ခေါင်းဆောင်များသည် သက်ဆိုင်ရာနိုင်ငံများအတွင်း အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်စေမည့် စီမံကိန်းများကို ဆောင်ရွက်ရန် သဘောတူညီခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# အီးယူနဲ့ဆက်ဆံရေးအဆင်ပြေစေရေးမျှော်လင့်ချက်နဲ့ အစိုးရအဖွဲ့အတွင်းအပြောင်းအလဲလုပ်လိုက်တဲ့ ပိုလန်

**ချူးစန္ဒီမွေး**



**အစိုးရအဖွဲ့တွင်း အပြောင်းအလဲ**

ဝန်ကြီးချုပ်အဖြစ်တာဝန်ယူပြီး နှစ်လအကြာမှာ ပိုလန်ဝန်ကြီးချုပ် Matrusz morawiecki ဟာ သူ့အစိုးရအဖွဲ့အတွင်းမှာ အပြောင်းအလဲတွေ လုပ်ခဲ့ပါတယ်။ ဒါဟာ နိုင်ငံရေးပြိုင်ဘက်တွေကို ဖိနှိပ်ဖို့ ပြုလုပ်တဲ့ အရွေ့တစ်ခုလို့လည်း ယူဆရပါတယ်။ ပိုလန်နိုင်ငံဟာ ဒုက္ခသည်ခွဲဝေမှု ပြဿနာနဲ့ပတ်သက်ပြီး အီးယူအဖွဲ့ဝင်နိုင်ငံတွေနဲ့ ဆက်ဆံရေးမပြေမပြစ်ဖြစ်နေတဲ့ အချိန်လည်း ဖြစ်တယ်။ ပိုလန်ဝန်ကြီးချုပ်ဟာ သူကက်ဘိနက်အဖွဲ့အတွင်းမှာ တတိယအကြိမ်အပြောင်းအလဲပြုလုပ်တာလည်းဖြစ်တယ်။ အခုတစ်ခါအပြောင်းအလဲလုပ်ရာမှာတော့ အီးယူခေါင်းဆောင်တွေနဲ့အဆင်မပြေဖြစ်နေတဲ့ နိုင်ငံခြားရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးအပါအဝင် အခြားသော လူတွေလည်း အများကြီး ပါဝင်သွားပါတယ်။ အဲဒီနောက်မှာတော့သူဟာ ဘရပ်ဆဲလ်မြို့ကိုသွားရောက်ပြီး ဥရောပကော်မရှင်ဥက္ကဋ္ဌ ဂျင်းကလောက်ဒီဂျန်ကာနဲ့ တွေ့ဆုံခဲ့ပါတယ်။

**ပိုလန်နိုင်ငံကိုဖိအားတွေပေးခဲ့**

အင်္ဂါနေ့က ပြုလုပ်တဲ့သတင်းစာရှင်းလင်းပွဲမှာတော့ ပိုလန်ဝန်ကြီးချုပ်ဟာ မူဆလင်ရွှေ့ပြောင်းအခြေချသူတွေကိုနိုင်ငံအတွင်းမှာ လက်မခံနိုင်တဲ့ သူ့ရဲ့ရပ်တည်ချက်နဲ့ ပတ်သက်ပြီး ထပ်ခါတလဲလဲ ပြောဆိုခဲ့ပါတယ်။ နိုင်ငံတစ်နိုင်ငံဟာ လုံခြုံဖို့ဆိုရင် သူ့ရဲ့နယ်စပ်မှာတင်လုံခြုံနေရုံနဲ့ မရပါဘူး။ အခုဆိုရင် အစိုးရသစ်ဟာ အီးယူအဖွဲ့ဝင်နိုင်ငံတွေရဲ့အမြင်နဲ့ ဒေသတွင်းက ပိုလန်လူမျိုးတွေရဲ့အမြင် ဒါတွေအားလုံးကို အဆင်ပြေအောင်ညှိပေးနိုင်ဖို့ ကြိုးပမ်းနေတယ်လို့လည်း ပြောပါတယ်။

ဝန်ကြီးချုပ်ဟာ သူကိုယ်တိုင်မူဆလင်ရွှေ့ပြောင်းအခြေချနေထိုင်သူတွေကို လက်ခံရမယ်ဆိုတဲ့ဒုက္ခသည်ခွဲတမ်းကိုလက်မခံပေမယ့် အီးယူအဖွဲ့ဝင်နိုင်ငံတွေနဲ့ ပြန်လည်အဆင်ပြေအောင်ဘာကြောင့်ကြိုးစားနေတာလဲ။ ပိုလန်နိုင်ငံဟာ လက်ရှိမှာ ဒီမိုကရေစီစံနှုန်းတွေနဲ့ တရားဥဒေစိုးမိုးရေး စတာတွေကိုထိခိုက်နေတယ်လို့ ဥရောပကော်မရှင်၊ ဥရောပသမဂ္ဂအလုပ်အမှုဆောင်အဖွဲ့က ယူဆခဲ့ပြီး ဒါတွေကို တားဆီးနိုင်ဖို့အတွက် ဒီဇင်ဘာလအတွင်းက ပိုလန်နိုင်ငံအပေါ်မှာ အင်အားပြင်းတဲ့ ခြိမ်းခြောက်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ပိုလန်နိုင်ငံကို ဖိအားတွေပေးခဲ့ပါတယ်။ ဒါတွေကို ရှောင်ရှားနိုင်ဖို့ဆိုရင် အဖွဲ့ဝင် နိုင်ငံတွေနဲ့ ပြန်လည်အဆင်ပြေဖို့ လိုအပ်ပါတယ်။

**မီဒီယာတွေအပေါ်ချုပ်ကိုင်ခဲ့**

အာဏာရပြီး နှစ်နှစ်အကြာမှာ လက်ရှိအာဏာရ လက်ယာယိမ်း Law and Justic ပါတီဟာ မီဒီယာတွေအပေါ်မှာ ချုပ်ကိုင်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ လူထုစုဝေးခြင်းကိုထိန်းချုပ်ဖို့ ကြိုးစားခဲ့တယ်။ သမ္မတ အန်ဒရီဂျက်ဒူဒါဟာ တိုင်းပြည်ရဲ့တရားစီရင်မှုစနစ်ကို ပြင်ဆင်ဖို့လက်ခံခဲ့တယ်။ တစ်နေ့တည်းမှာပဲ ဥရောပခေါင်းဆောင်တွေဟာ အရင်တုန်းက ထုတ်ပြန်ထားတဲ့အတိုင်း သတိပေးမှုကို ထုတ်ပြန်ခဲ့တယ်။ တရားရေးစနစ်ကို ပြင်ဆင်လိုက်တာဟာဆိုရင် ပါတီအနေနဲ့ တရားရုံးကို ထိန်းချုပ်နိုင်ဖို့ အထောက်အကူတွေ ဖြစ်စေတယ်လို့ ဝေဖန်သူတွေက ဝေဖန်ကြတယ်။ ပိုလန်အစိုးရကတော့ သူတို့ဟာ အပြောင်းအလဲအမှန်တကယ်လိုအပ်နေလို့ ပြုပြင်ပြောင်းလဲရခြင်းဖြစ်တယ်လို့ ပြောတယ်။ ပိုလန်မှာ ဖြစ်ပေါ်နေတဲ့ လက်ရှိပြဿနာတွေနဲ့ပတ်သက်ပြီး ဥရောပကော်မရှင်ဥက္ကဋ္ဌနဲ့ ပိုလန်ဝန်ကြီးချုပ်တို့ ဆွေးနွေးကြစဉ် အတောအတွင်းမှာ ပိုလန်နိုင်ငံဟာ တရားစီရင်ရေးစနစ်နဲ့ပတ်သက်ပြီးသိသာထင်ရှားတဲ့ပြောင်းလဲမှုမျိုး မပြုလုပ်သင့်ဘူးလို့ စဉ်းစားခဲ့ကြပါတယ်။

**ဟန်ဂေရီကပိုလန်ရဲ့နောက်မှာ အခိုင်အမာ ရပ်တည်**

ပိုလန်နိုင်ငံအပေါ်မှာ ပြင်းထန်တဲ့ အရေးယူဆောင်ရွက်မှုမျိုး ပြုလုပ်မယ်ဆိုတာကတော့ လက်တွေ့မှာမဖြစ်နိုင်သေးပါဘူး။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေရဲ့ သဘောတူညီမှုရရှိဖို့လည်း လိုပါသေးတယ်။ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်တဲ့ ဟန်ဂေရီကတော့ ပိုလန်ရဲ့နောက်မှာ အခိုင်အမာရပ်တည်ထားပါတယ်။ လွန်ခဲ့တဲ့ သီတင်းပတ်ကပဲ ပိုလန်ဝန်ကြီးချုပ်ဟာ ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့ကို သွားရောက်ပြီး ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအိုဗန်နဲ့ ပြောဆိုဆွေးနွေးခဲ့ပါတယ်။ ဒါဟာ နှစ်နိုင်ငံအကြားမှာ ခိုင်မာတဲ့ ဆက်ဆံရေးရှိတယ်ဆိုတာကို ပြသလိုက်တာပါပဲ။ ဟန်ဂေရီဝန်ကြီးချုပ်ကတော့ ဒီနှစ်ဟာ ကြီးမားတဲ့တိုက်ပွဲတွေနဲ့ရင်ဆိုင်ရတဲ့ နှစ်ပဲလို့ ဆိုပါတယ်။ သူဟာလည်း အာဖရိကနဲ့ အရှေ့အလယ်ပိုင်းဒေသက ဒုက္ခသည်တွေ၊ ပြောင်းရွှေ့အခြေချနေထိုင်သူတွေ တိုင်းပြည်အတွင်းကို အလုံးလိုက်အရင်းလိုက်လိမ့်ဝင်လာတာကို ဆန့်ကျင်သူတစ်ယောက်လည်း ဖြစ်တယ်။

**ဥရောပရဲ့အနာဂတ်ကို လွှမ်းမိုးနိုင်**

သူကတော့အနောက်ဥရောပနိုင်ငံတွေရဲ့ပြောင်းရွှေ့အခြေချနေထိုင်သူတွေ အပေါ်ထားတဲ့ ပေါ်လစီဟာ အောင်မြင်မှု မဟုတ်ဘူးလို့ ယုံကြည်နေသူလည်း ဖြစ်တယ်။ ရွေးကောက်ပွဲမှာ လက်ယာယိမ်းပါတီတွေ အနိုင်ရလာတာဟာ သက်သေပဲလို့လည်း ပြောပါတယ်။ ဗဟိုဥရောပနိုင်ငံတွေဟာ ဥရောပမှာ တည်ငြိမ်အေးချမ်းရေးအတွက် အဓိကကျတဲ့ အခန်းကဏ္ဍကနေ ပါဝင်တယ်လို့ မစ္စတာဗစ်တာအိုဗန်က ပြောပါတယ်။ ပိုလန်ဝန်ကြီးချုပ်ဟာလည်း ဟန်ဂေရီဝန်ကြီးချုပ်ရဲ့ သဘောထားတွေကို ထောက်ခံသူပါပဲ။ သူတို့လို သဘောထားတူတဲ့ နိုင်ငံတွေပူးပေါင်းပြီး ဥရောပရဲ့ အနာဂတ်ကို လွှမ်းမိုးနိုင်တယ်လို့ ပြောပါတယ်။ ဥရောပကော်မရှင်ဥက္ကဋ္ဌ အပါအဝင် အခြားသော ဥရောပနိုင်ငံခေါင်းဆောင်တွေအတွက်ကတော့ အခုအချိန်ဟာ အကြမ်းမဖက်အလိမ္မာနဲ့ ဖြေရှင်းရမယ့် အချိန်ပါပဲ။ သူတို့ဟာ အရှေ့ပိုင်းနိုင်ငံတွေရဲ့ စိန်ခေါ်မှုတွေနဲ့ တင်ရင်ဆိုင်နေရတာမဟုတ်။ ဗြိတိန် အီးယူအဖွဲ့ကြီးအတွင်းက အပြီးသတ်ထွက်ခွာဖို့အတွက်ပြင်ဆင်တဲ့ အရေးကိစ္စတွေနဲ့လည်း ရင်ဆိုင်နေရတဲ့ကာလလည်း ဖြစ်တယ်။ ဒါတွေအပြင် စပိန်နိုင်ငံမှာလည်း ကက်တလန်ဒေသဟာ ခွဲထွက်ခွင့်တောင်းနေပါတယ်။ ဥရောပခေါင်းဆောင်တွေဟာ ကော်မရှင်ရဲ့ပုဒ်မ ၇ ပါ ကြေညာချက်ကို ထောက်ခံ အတည်ပြုဖို့ရက် မသတ်မှတ်ရသေးပါဘူး။ အချို့သော သံတမန်တွေကတော့ ဒီလိုမျိုးသဘောထားကွဲလွဲမှုကို ပြင်ဆင်နိုင်လိမ့်မယ်လို့ မျှော်လင့်ထားကြပါတယ်။ တခြားသောအဖွဲ့ဝင်တွေ အကြံပြုကြတာကတော့ ပိုလန်နိုင်ငံရဲ့ အပြုအမူတွေကို ထိန်းသိမ်းနိုင်ဖို့ဆိုရင် စီးပွားရေးအရ ဖိအားပေးတာတွေ ဆောင်ရွက်သင့်တယ်ဆိုတာပါပဲ။

**အချက်ပြခဲ့**

ပိုလန်နိုင်ငံမှာ အစိုးရအဖွဲ့အတွင်း အပြောင်းအလဲတွေ လုပ်လိုက်တာဟာဆိုရင် ပြည်သူလူထုကြားမှာ ပုံရိပ်ဆိုးတွေရှိနေတယ်ဆိုတာကို အသိအမှတ်ပြုတဲ့အနေနဲ့ ပြုလုပ်လိုက်တာလည်းဖြစ်နိုင်ပါတယ်။ ဒါပေမယ့် တကယ့်အာဏာအစစ်အမှန်ကတော့ ပါတီခေါင်းဆောင် Jaroslaw Kaczynski လက်အတွင်းမှာပဲ ရှိနေပါတယ်။ ဒီဇင်ဘာလအတွင်းမှာ အစိုးရအဖွဲ့အတွင်း ခေါင်းဆောင်ပိုင်း အပြောင်းအလဲလုပ်ဖို့ Jaroslaw Kaczynski က အချက်ပြခဲ့ပါတယ်။ ဘဏ္ဍာရေးဝန်ကြီးဟောင်း Morawiecki ဟာ ဝန်ကြီးချုပ် ဖြစ်လာခဲ့တယ်။ ဘဏ်လုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ Morawiecki ဟာ စီးပွားရေး လုပ်ငန်း တွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သူလည်း ဖြစ်တယ်။ ဒါ့အပြင်ဘာသာ စကားပေါင်းများစွာကိုလည်း ပြောဆိုနိုင်သူ ဖြစ်တယ်။ သူဟာ အသက် ၄၉ နှစ်ရှိပြီဖြစ်ပြီး ဆက်ဆံရေးပြေပြစ်သူ တစ်ယောက်လို့ အသိအမှတ်ပြုခံထားရသူလည်း ဖြစ်တယ်။

**ပြန်လည်သင့်မြတ်နိုင်ဖို့ ကြိုးစားမှု တစ်ရပ်**

နောက်ထပ် သိသာထင်ရှားစေတဲ့အချက်ကတော့ နိုင်ငံခြားရေးဝန်ကြီးကို ရာထူးမှ ဖယ်ရှားလိုက်တာပဲ ဖြစ်တယ်။ သူဟာ ဥရောပသမဂ္ဂနဲ့ပတ်သက်ပြီးခက်ထန်တဲ့ အမြင်ရှိသူလည်းဖြစ်တယ်။ သူ့နေရာမှာ ဝါဆောတက္ကသိုလ် ပရော်ဖက်ဆာဟောင်းတစ်ဦးဖြစ်သူ Mr. Czaputowicz နဲ့ အစားထိုးလိုက်ပါတယ်။ သူကတော့ အီးယူအဖွဲ့နဲ့ ပိုပြီးသင့်မြတ်တာက ပိုလန်နိုင်ငံအတွက် အကျိုးများစေမယ်လို့ ယူဆပါတယ်။ ဘာပဲပြောပြော ဒီလိုမျိုးအစိုးရပိုင်းအတွင်းမှာ ခေါင်းဆောင်နေရာ အပြောင်းအလဲတွေ ပြုလုပ်လိုက်တာဟာဆိုရင် လပေါင်းများစွာကြာ ဆက်ဆံရေးတွေတင်းမာနေခဲ့တဲ့ အီးယူအဖွဲ့အရာရှိတွေနဲ့ ပြန်လည်သင့်မြတ်နိုင်ဖို့ကြိုးစားမှုတစ်ရပ်ပါပဲ၊

အစိုးရပိုင်းအတွင်း ပြန်လည်တည်ဆောက်မှုတွေက ကောင်းကျိုးရလဒ်တွေကိုသာ သယ်ဆောင်လာလိမ့်မယ်လို့ မျှော်လင့်ကြပါတယ်။ ဒီလိုမျိုး အီးယူအဖွဲ့ဝင်နိုင်ငံတွေနဲ့ ပြန်လည်သင့်မြတ်အောင် ကြိုးစားနေတာဟာဆိုရင် လူအများကဝေဖန်နေကြတဲ့ တရားစီရင်ရေးဆိုင်ရာ ပြင်ဆင်မှုကို နောက်ပြန်ဆုတ်စေလိမ့်မယ်လို့တော့ ယူဆလို့မရပါဘူး။ ပိုလန်နိုင်ငံအတွင်းမှာ အပြောင်းအလဲကတော့ ပြုလုပ်ပြီးပါပြီ။ ပြန်လည်နောက်ဆုတ်ဖို့တော့ လမ်းမမြင်ပါဘူး။

**ကိုးကား-နယူးယောက်တိုင်းမ်**

> **“ပိုလန်မှာ ဖြစ်ပေါ်နေတဲ့ လက်ရှိပြဿနာတွေနဲ့ပတ်သက်ပြီး ဥရောပကော်မရှင်ဥက္ကဋ္ဌနဲ့ ပိုလန်ဝန်ကြီးချုပ်တို့ ဆွေးနွေးကြစဉ်အတောအတွင်းမှာ ပိုလန်နိုင်ငံဟာ တရားစီရင်ရေး စနစ်နဲ့ပတ်သက်ပြီး သိသာထင်ရှားတဲ့ပြောင်းလဲမှုမျိုး မပြုလုပ်သင့်ဘူးလို့ စဉ်းစားခဲ့ကြ”**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

**နှစ်စဉ် နှစ်ကုန်ဆုံးချိန်၌ ကုမ္ပဏီ၏ အစည်းအဝေးများနှင့် မြို့ရှင်များ၏ အစည်းအဝေးများအား ခေါ်ယူကျင်းပစေရန် ဆောင်ရွက်ရမည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ တာဝန်**

၃၆၈။ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို တစ်နှစ်ကာလထက်ပိုမို၍ ဆက်လက်ဆောင်ရွက်ရသည့်ကိစ္စရပ်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းမှု စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပထမတစ်နှစ်နှင့် နောက်နှစ် တစ်နှစ်စီ ကုန်ဆုံးချိန်၌ သို့မဟုတ် သင့်လျော်သည့်အချိန်၌ ကုမ္ပဏီ၏အထွေထွေအစည်းအဝေးတစ်ရပ်နှင့် မြို့ရှင်များ၏အစည်းအဝေးတစ်ရပ်ကို ကျင်းပရန်ဆင့်ဆိုနိုင်ပြီး အစည်းအဝေးများတွင် ပြီးခဲ့သည့်နှစ်အတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအတွက် ၎င်း၏ပြုလုပ်ဆောင်ရွက်မှုများနှင့် စာရင်းရှင်းလင်းဖျက်သိမ်းမှု အခြေအနေနှင့် စပ်လျဉ်း၍ သီးခြားကိစ္စရပ်များပါဝင်သော သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့်ပြုစုထားသည့် ရေးသားဖော်ပြချက်တစ်ရပ်ကို ရှင်းလင်းတင်ပြရမည်။

၃၆၉။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ပုဒ်မ ၃၆၈ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ဒဏ်ကြေးငွေကျပ် ငါးသိန်းကို ပေးဆောင်ရမည်။

**အပြီးသတ်အစည်းအဝေးနှင့် ကုမ္ပဏီဖျက်သိမ်းခြင်း**

၃၇၀။ (က) ကုမ္ပဏီ၏ ကိစ္စရပ်များကို အပြည့်အဝ စာရင်းရှင်းလင်းဖျက်သိမ်းပြီးသည်နှင့် တစ်ပြိုင်နက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာစာရင်းတစ်ရပ်ကို ပြုလုပ်ရမည်ဖြစ်ပြီး ယင်းစာရင်းတွင် မည်သို့စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းကို ဆောင်ရွက်ခဲ့သည်၊ ကုမ္ပဏီ၏ပစ္စည်းများကို မည်သို့စီမံခန့်ခွဲခဲ့သည်တို့ကို ဖော်ပြပါရှိစေရမည်။ ယင်းနောက် အဆိုပါစာရင်းကို တင်ပြရန်နှင့် ယင်းအတွက် ရှင်းလင်းပြောဆိုရန်အလို့ငှာ ကုမ္ပဏီ၏အထွေထွေအစည်းအဝေးတစ်ရပ်နှင့် မြို့ရှင်များ၏ အစည်းအဝေးတစ်ရပ်တို့ကို ခေါ်ယူကျင်းပရမည်။

(ခ) အစည်းအဝေးတစ်ရပ်စီကို အချိန်၊ နေရာနှင့် ရည်ရွယ်ချက်တို့အား သတ်မှတ်ကြေညာ၍ဆောင်ရွက်ရမည်ဖြစ်ပြီး ပုဒ်မ ၃၄၈ ပါ အကြောင်းကြား စာတစ်စောင်အား ထုတ်ဝေခြင်းအတွက် သတ်မှတ်ပါရှိသည့် နည်းလမ်းများဖြင့် အစည်းအဝေးမကျင်းပမီ အနည်းဆုံး ၂၈ရက် ကြိုတင်၍ထုတ်ပြန်ရမည်။

(ဂ) အစည်းအဝေးများကို ကျင်းပသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း သို့မဟုတ် အစည်းအဝေးများအား အဆိုပါနေ့ရက်များတွင် ကျင်းပနိုင်ခြင်းမရှိခဲ့လျှင် နောင်တွင်ကျင်းပသည့်နေ့ရက်မှ ရက်သတ္တပတ် တစ်ပတ်အတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းမိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည့်အပြင် အစည်းအဝေးကျင်းပခြင်းနှင့် ကျင်းပသည့်နေ့ရက်တို့ကို ၎င်းထံသို့ပြန်ကြားရမည်။အစည်းအဝေး၌ အစည်းအဝေးအထမြောက်ရန် တက်ရောက်ရမည့် လိုအပ်သည့်ဦးရေ (ဤပုဒ်မပါကိစ္စရပ်များအတွက် အစည်းအဝေးသို့ တက်ရောက်ရမည့် ပုဂ္ဂိုလ် နှစ်ဦးရှိရမည်) မပြည့်ဝခဲ့လျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အစည်းအဝေးကို တရားဝင်ဆင့်ခေါ်ခဲ့ကြောင်း၊ ထိုအစည်းအဝေးသို့ အစည်းအဝေး အထမြောက်ရန်တက်ရောက်ရမည့် လိုအပ်သည့် ဦးရေအပြည့်အဝ မတက်ရောက်ခဲ့ကြောင်း ဖော်ပြပါရှိသည့် ပြန်ကြားချက်တစ်စောင်ကို ပြုလုပ်ရမည်။ ထိုပြန်ကြားချက်အား ပြုလုပ်ပြီးသည့်အခါ ပြန်ကြားချက်ပြုလုပ်ခြင်းနှင့်သက်ဆိုင်သော ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များအရ ပြန်ကြားချက်ကို အဆိုပါအတိုင်း လိုက်နာဆောင်ရွက်ပြီးဖြစ်သကဲ့သို့ မှတ်ယူရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည် စာရင်း သို့မဟုတ် ပုဒ်မခွဲ (ဂ) တွင် ဖော်ပြပါရှိသော အစည်းအဝေးတစ်ရပ်စီနှင့် စပ်လျဉ်းသည့် ပြန်ကြားချက်တစ်ရပ်ရပ်ကို လက်ခံရရှိသည့် အခါယင်းတို့အား မှတ်ပုံတင်ရေးသွင်း ဆောင်ရွက်ရမည်ဖြစ်ပြီး ပြန်ကြားချက်အား မှတ်ပုံတင်ပြီးသည့်အချိန်မှစ၍ သုံးလပြည့်မြောက်ပြီးသည့်အချိန်တွင် ကုမ္ပဏီအားဖျက်သိမ်းပြီး ဖြစ်သည်ဟုမှတ်ယူရမည်။ သို့ရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ အကျိုးခံစားခွင့်ရှိသူအဖြစ် တရားရုံးတွင်ရောက်ရှိသူတစ်ဦးဦးကဖြစ်စေ လျှောက်ထားတင်ပြလာလျှင် တရားရုံးသည်သင့်သည်ဟုထင်မြင်သည့် အချိန်ကာလတွင် ကုမ္ပဏီဖျက်သိမ်းခြင်းအား အကျိုးသက်ရောက်စေမည်ဟု သတ်မှတ်သောနေ့ရက်သို့ ရွှေ့ဆိုင်းပေးနိုင်သည့် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။

၃၇၁။ ပုဒ်မ ၃၇၀၊ ပုဒ်မခွဲ (ဂ) နှင့်အညီ စာရင်းမိတ္တူပေးပို့ခြင်းနှင့် ပြန်ကြားချက် ပြုလုပ်ခြင်းတို့ကို မဆောင်ရွက်ခဲ့လျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ဒဏ်ကြေးငွေကျပ် တစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

၃၇၂။ ပုဒ်မ ၃၇၀၏ ပုဒ်မခွဲ (ဃ) အရ ပြုလုပ်သည့် တရားရုံး၏ အမိန့်တစ်ရပ်အပေါ် လျှောက်ထားသူသည် အဆိုပါအမိန့်အား ချမှတ်သည့်နေ့မှ၁၀ ရက်အတွင်း အဆိုပါအမိန့်အား မှတ်ပုံတင်ရန်အတွက် အမိန့်၏မူရင်းမိတ္တူမှန်တစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရန် ပျက်ကွက်ပါက ထိုသူသည် ဒဏ်ကြေးငွေကျပ် တစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

**ကုမ္ပဏီတွင် ပါဝင်သူများက ဖြစ်စေ၊ မြို့ရှင်များကဖြစ်စေ ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း**

**ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း ကိစ္စရပ်များအားလုံးနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ**

၃၇၃။ ပုဒ်မ ၃၇၄ မှ ၃၈၂ အထိပါရှိသည့် ပြဋ္ဌာန်းချက်များသည် ကုမ္ပဏီတွင်ပါဝင်သူများကဖြစ်စေ၊ မြို့ရှင်များကဖြစ်စေ ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း ကိစ္စရပ်များအားလုံးနှင့် သက်ဆိုင်စေရမည်။

**ကုမ္ပဏီ၏ပစ္စည်းများကို ခွဲဝေဆောင်ရွက်ခြင်း**

၃၇၄။ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါတွင် ဦးစားပေးငွေပေးချေမှုများနှင့် သက်ဆိုင်သည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီ၏ပစ္စည်းများကို ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၌ အခြားနည်းဖော်ပြထားခြင်းမရှိလျှင် ကုမ္ပဏီ၏တာဝန်ရှိမှုများအတွက် အချိုးကျအသုံးပြုရမည်ဖြစ်ပြီးကုမ္ပဏီရှိပါဝင်သူတို့၏အခွင့်အရေးများနှင့် အကျိုးခံစားခွင့်များအရကုမ္ပဏီတွင် ပါဝင်သူများအကြား ခွဲဝေဆောင်ရွက်ရမည်။

**ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၃၇၅။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် -

(၁) ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့်ကိစ္စရပ်တွင် ကုမ္ပဏီ၏ အထူးဆုံးဖြတ်ချက်အရ ခွင့်ပြုချက်ဖြင့်လည်းကောင်း၊ မြို့ရှင်များက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့်ကိစ္စရပ်တွင် တရားရုံး သို့မဟုတ် စစ်ဆေးရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့်လည်းကောင်း ကုမ္ပဏီကိုဖျက်သိမ်းသည့် ကိစ္စရပ်တွင် ပုဒ်မ ၃၂၁၊ ပုဒ်မခွဲ (ဃ)၊ (င)၊ (စ) နှင့် (ဇ) တို့အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသို့ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်အားလုံးကို ကျင့်သုံးဆောင်ရွက်နိုင်သည်။ ဤပုဒ်မအရပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ကျင့်သုံးဆောင်ရွက်ရာတွင် တရားရုံး၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး မြို့ရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည် ဤလုပ်ပိုင်ခွင့် တစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည်။

(၂) ပုဒ်မခွဲငယ် (၁) တွင်ဖော်ပြပါရှိသော ခွင့်ပြုချက်မပါရှိဘဲ ကုမ္ပဏီကို ဖျက်သိမ်းသည့် ကိစ္စရပ်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသို့ တရားရုံးကပေးအပ်ထားသည့် ဤဥပဒေအရ အခြားသောလုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

(၃) ကြွေးမြီပေးဆပ်ရသူများစာရင်းကို ရှင်းလင်းဆောင်ရွက်ရာတွင် ဤဥပဒေအရ ပေးအပ်ထားသည့် တရားရုံး၏ အခွင့်အာဏာကို ကျင့်သုံးဆောင်ရွက်နိုင်ပြီး ကြွေးမြီပေးဆပ်ရသူများစာရင်းသည် ယင်းစာရင်းတွင် ကြွေးမြီပေးဆပ်ရသူများအဖြစ် ပါရှိသူများ၏ တာဝန်ရှိမှုများအတွက် ခိုင်လုံသည့်သက်သေခံချက် ဖြစ်စေရမည်။

(၄) ငွေကြေးထည့်ဝင်ရန် တောင်းခံမှုပြုလုပ်နိုင်သည့် တရားရုံး၏ အခွင့်အာဏာကို ကျင့်သုံးဆောင်ရွက်နိုင်သည်။ ၎င်းအပြင်

(၅) အထူးဆုံးဖြတ်ချက်ဖြင့် ကုမ္ပဏီ၏ ခွင့်ပြုချက်ကိုရယူရန် သို့မဟုတ် ၎င်းအနေဖြင့်သင့်သည်ထင်မြင်သည့် အခြားကိစ္စရပ်များအတွက် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးများကို ဆင့်ခေါ်နိုင်သည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီ၏ကြွေးမြီများကို ပေးချေရမည်ဖြစ်ပြီးကြွေးမြီပေးဆပ်ရသူများအကြား ၎င်းတို့၏ အခွင့်အရေးများကို ချိန်ညှိဆောင်ရွက်ပေးရမည်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများစွာအား ခန့်အပ်ထားခဲ့လျှင် ဤဥပဒေအရ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ၎င်းတို့အား ခန့်အပ်သည့်အချိန်၌ သတ်မှတ်ထားသည့်အတိုင်းတစ်ဦးကသော်လည်းကောင်း၊ အများကသော်လည်းကောင်း ကျင့်သုံးဆောင်ရွက်နိုင်သည်။ ထိုသို့သတ်မှတ်ထားခြင်းမရှိခဲ့လျှင် နှစ်ဦးထက်မနည်းသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများက ကျင့်သုံးဆောင်ရွက်နိုင်သည်။

**ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအားခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်းများနှင့်သက်ဆိုင်သည့် တရားရုံး၏အခွင့်အာဏာ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ၏ ခန့်အပ်မှုကို အကြောင်းကြားခြင်း**

၃၇၆။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက အကြောင်းတစ်စုံတစ်ရာကြောင့် မရှိသည့် ကိစ္စရပ်များတွင် တရားရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးကို ခန့်အပ်နိုင်သည်။

(ခ) တရားရုံးသည် အကြောင်းတစ်စုံတစ်ရာ တင်ပြလာလျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအား ထုတ်ပယ်နိုင်ပြီး အခြားသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကို ခန့်အပ်နိုင်သည်။

(ဂ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ၎င်းအား ခန့်အပ်ပြီးနောက် ၂၁ ရက်အတွင်း မှတ်ပုံတင်ဆောင်ရွက်နိုင်ရေးအတွက် သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် ခန့်အပ်မှုအကြောင်းကြားစာကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည်။

၃၇၇။ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် ပုဒ်မ ၃၇၆ ပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့လျှင် ဒဏ်ကြေးငွေကျပ်တစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

**မြို့ရှင်များအပေါ် တရားဝင်စည်းနှောင်မှုရှိသည့် စီစဉ်ဆောင်ရွက်မှုများ**

၃၇၈။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆောင်ရွက်မည့် သို့မဟုတ် ဆောင်ရွက်နေသည့် ကုမ္ပဏီတစ်ခုနှင့် ယင်း၏မြို့ရှင်များအကြားပြုလုပ်သည့် စီစဉ်ဆောင်ရွက်မှုတစ်ရပ်ရပ်ကို အထူးဆုံးဖြတ်ချက်ဖြင့် အတည်ပြုခဲ့လျှင် ကုမ္ပဏီအပေါ်တွင်လည်းကောင်း၊ မြို့ရှင်များ၏အရေအတွက်နှင့် တန်ဖိုးအရလေးပုံသုံးပုံဖြင့် လက်ခံခဲ့လျှင် မြို့ရှင်များ အပေါ်တွင်လည်းကောင်း တရားဝင်စည်းနှောင်မှုရှိသည်။ ယင်းကိစ္စရပ်အပေါ်တွင် ဤပုဒ်မအရ အယူခံခွင့်ရှိသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## စလင်းမြို့နယ်၌ အခါမဲ့မိုးကြောင့် စပါးဈေးများကျဆင်းနေ



**စလင်း ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှ ၂၀၁၈ ဇန်နဝါရီ ၃ ရက်ထိ အချိန်အခါမဟုတ် ရွာသွန်းသောမိုးကြောင့် ရိတ်သိမ်းရန်ကျန်ရှိနေသော စပါးခင်းများမိုးဒဏ်ကြောင့် လေလွင့်ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့သည်။ မိုးလေဝသဌာနမှ အချိန်အခါမဟုတ် ရက်ရှည်မိုးရွာသွန်းနိုင်ကြောင်း ဒေသအလိုက် ကြိုတင်သတိပေးချက်ထုတ်ပြန်ခဲ့သည်။

အချိန်အခါမဟုတ် ရက်ရှည်မိုးရွာသွန်းနိုင်ကြောင်း သတိပေးမှုများ ထုတ်ပြန်ထားသော်လည်း စပါးရိတ်သိမ်းရန် လုပ်သားအခက်အခဲများ ရှိခဲ့၍လည်းကောင်း၊ စပါးရိတ်စက်ဖြင့် ရိတ်သိမ်းလျှင် စပါးကိုခြွေပြီး အိတ်အတွင်းအရောက် ထည့်နိုင်သော်လည်း မိမိတို့ဒေသတွင် စက်ကြီးများမရှိ၍ မြစ်ဝကျွန်းပေါ်ဒေသမှ စပါးရိတ်စက်ကြီးများ ငှားရမ်းခဲ့၍ သော်လည်းကောင်း၊ အချိန်မီ ရိတ်သိမ်းခြွေလှေ့နိုင်ခြင်းမရှိဘဲ လုပ်ငန်းခွင်နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့သည်။ ရိတ်ပြီး ကောက်လှိုင်းစီးများ ရေစိုမိုးထိပြီး ပျက်စီးခဲ့ရသည်။ တချို့တစ်ဝက်သာ အချိန်မီရိတ်သိမ်းနိုင်ခဲ့ သည်။ အမိုးအကာအောက်သို့ သွင်းနိုင်ခဲ့သည်။ စပါးဈေးမှာလည်း အဆိုပါအချိန်ခါ မဲ့မိုးကြောင့် လှောင်လက်များမှာ အဝယ်တုံ့ဆိုင်းလျက်ရှိသည်။ ဒေသထွက်စပါးဖြစ် သော မနောသုခမှာ စပါးခြောက်လျှင် တစ်တင်း ငွေကျပ် ၆၀၀၀နှင့် စက်သို့အရောက်ပို့ တစ်တင်းလျှင် ငွေကျပ် ၆၅၀၀ အထိ ဈေးပေါက်သည်။ ရောပဒေသာစပါးမျိုးမှာ တစ်တင်း လျှင်ငွေကျပ် ၇၅၀၀ မှ ၈၀၀၀ ပေါက်လျက်ရှိသော်လည်း စပါးအရောင်းအဝယ်မှာအေးလျက်ရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကျင်းပ

**အင်းတော် ဇန်နဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့တွင် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဇန်နဝါရီ ၁၀ ရက်က အခြေခံပညာအထက်တန်းကျောင်း (အင်းတော်)၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အထက(အင်းတော်)မှ အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများမှ ခရေပန်းအဖွဲ့၊ သဇင်ပန်းအဖွဲ့၊ သစ္စာပန်းအဖွဲ့၊ ကံ့ကော်ပန်းအဖွဲ့၊ နှင်းဆီပန်းအဖွဲ့၊ စံပယ်ပန်းအဖွဲ့ဟူ၍ အဖွဲ့ခြောက်ဖွဲ့ခွဲပြီး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အစဉ်အလာရှေးယဉ်ကျေးမှုမပျက်စေဘဲ အရှည်တည်တံ့နေအောင် ထိန်းသိမ်းစောင့်ရှောက်ရမည့် ရိုးရာထမနဲထိုးပွဲတော်ကို သားစဉ်မြေးဆက်လက်ဆင့်ကမ်းနိုင်စေရန်၊ ထမနဲထိုးပွဲတော်သည် အဓိပ္ပာယ်အနှစ်သာရ ပြည့်ဝသောပွဲတော်တစ်ခုအပါအဝင်ဖြစ်ကြောင်းနှင့် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲတိမ်ငုပ်ပပျောက်နေသည်ကို ပြန်လည်ဖော်ထုတ်ရန်၊ ကျောင်းသား ကျောင်းသူများ စည်းလုံးညီညွတ်မှုရှိစေရန်နှင့် အနိုင်မခံအရှုံးမပေးသော စိတ်ဓာတ်ကို ဖော်ထုတ်ပေးရန်၊ နောင်မျိုးဆက်များက ဆက်လက်ထိန်းသိမ်းသွားကြရန် ရည်ရွယ်ပြုလုပ်ကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းဝင်းနွဲ့က ပြောကြားခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**



## သက်ကြီး သဘင်အနုပညာရှင်များအား ပူဇော်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၂** - မန္တလေးတိုင်းဒေသကြီး သဘင်ပညာရှင်များအစည်းအရုံးမှ ကြီးမှူး၍ ချမ်းမြသာစည် သဘင်ပညာရှင်များအစည်းအဝေးရုံးမှ ဦးစီးကျင်းပမည့် ပထမအကြိမ် မန္တလေး ခုနစ်မြို့နယ်အတွင်းရှိ အသက် ၇၅ နှစ်အထက် အလှူ့ပေါင်းစုံမှ သက်ကြီးသဘင်ပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၁၃ ရက်နှင့် မွန်းတည့် ၁၂ နာရီတိတိတွင် မန္တလေးမြို့၄၂ လမ်း ၈၃×၈၄ လမ်းရှိ တိုင်းသဘင်အစည်းအရုံး လောကနတ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မန္တလေးအောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်နှင့် အမရပူရမြို့နယ်အတွင်းရှိ အလှူ့ပေါင်းစုံမှ သက်ကြီးသဘင်ပညာရှင်များအား ပထမအကြိမ် ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# ဝါးစိုက်ပျိုးမှုတိုးချဲ့ခြင်းဖြင့် ဝါးအချောထည်လုပ်ငန်း ပိုမိုအောင်မြင်လာမည်

**နေပြည်တော် ဇန်နဝါရီ ၁၂**

မြန်မာနိုင်ငံ၌ ဝါးစိုက်ပျိုးရေးကို နည်းစနစ်ကျကျ တစ်ပိုင်တစ်နိုင်မှ အစုလိုက် အဖွဲ့လိုက် အင်တိုက်အားတိုက် တိုးချဲ့စိုက်ပျိုးမည်ဆိုပါက အရည်အသွေးမီဝါးများကို ငါးနှစ်အတွင်း ရရှိလာနိုင်ပြီး ဝါးအချောထည်များ ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ရာ ပြည်ပနိုင်ငံများသို့ ကုန်ကြမ်းနှင့် ဝါးအချောထည်များ ပိုမိုတင်ပို့နိုင်ကာ နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးဗဟိုအသင်း ဥက္ကဋ္ဌက ပြောကြားသည်။

နေပြည်တော် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း ခရေပင်လမ်းခွဲအနီးရှိ ဝါးသင်တန်းခန်းမ၌ ဇန်နဝါရီ ၁၀ ရက်က ကျင်းပသည့် ဝါးလက်မှုအသက်မွေးဝမ်းကျောင်းသင်တန်း အမှတ်စဉ် (၇) ဖွင့်ပွဲတွင် မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးဗဟိုအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းက ပြောကြားခြင်းဖြစ်သည်။

"ကျွန်တော်တို့ပတ်ဝန်းကျင်မှာ အလွန်ပေါတယ်လို့ထင်တဲ့ တန်ဖိုးရှိတဲ့ဝါးတွေဟာ တော်တော့်ကို ရှားပါးလာပါပြီ၊ ဝါးရဲ့တန်ဖိုးကို အမှုမဲ့အမှတ်မဲ့ သုံးစွဲလာခဲ့တာ ယခုအထိပါပဲ၊ သက်တမ်းရင့်ဝါးများကို ခုတ်ယူအသုံးပြုရမယ့်အစား လောလောဆယ် စားလို့ရတဲ့၊ အသစ်ထွက်လာတဲ့ မျှစ်နုနုတွေကို ချိုးကြတဲ့အတွက် တဖြည်းဖြည်း ဝါးများ ရှားပါးလာရခြင်းဖြစ်ပါတယ်၊ ဒါကို အစားထိုးတဲ့အနေနဲ့ ဝါးစိုက်ပျိုးခြင်းကို အားပေးကြရမှာဖြစ်ပါတယ်၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တွင်ကျယ်လာသည်နှင့်အမျှ ဝါးလုပ်ငန်း၊ ဝါးအချောထည်လုပ်ငန်းတွေလည်း အောင်မြင်လာမှာဖြစ်ပါတယ်"ဟု နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက ပြောသည်။

မြန်မာနိုင်ငံ၌ ဝါးစိုက်ပျိုးရန် ပထမဦးစားပေး တိုင်းဒေသကြီးနှင့် ပြည်နယ် ခြောက်ခုရှိပြီး ၎င်းတို့မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ နေပြည်တော်နှင့် ရှမ်းပြည်နယ်တို့ဖြစ်ကြောင်း သိရသည်။ နေပြည်တော်တွင် ဧက ၅၀၀၀ ကျော်စိုက်ပျိုးရန် လျာထားလျက်ရှိကာ အဆိုပါတိုင်းဒေသကြီးများတွင် ဝါးသင်တန်းကျောင်းခွဲများလည်း ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းက ဝါးလက်မှုအသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။


သင်တန်းသားများ လက်တွေ့ဆောက်လုပ်ထားသည့် ဝါးအိမ်။

"ကျွန်တော်တို့က သင်တန်းသားတွေကို ဝါးအချောထည်လုပ်ငန်းတွေ လာအပ်တဲ့အခါ သင်တန်းသားတွေကို ကိုယ်တိုင်ကိုယ်ကျ ပြုလုပ်စေပါတယ်၊ အခု ဒီမှာ လက်မှုတော်တော်စုံနေပါပြီ၊ ဝါးအိမ်၊ ဝါးခုတင်၊ ဝါးကုလားထိုင်၊ ဝါးခွက်၊ ဝါးနှီးနဲ့ ပြုလုပ်တဲ့ခြင်း၊ ပလိုင်း၊ ဦးထုပ်၊ ဗီရို၊ မီးအိမ် တော်တော်များများကို သင်ပေးပါတယ်၊ နောက်ထပ် ဝါးစိုက်ပျိုးနည်း၊ ဝါးပျိုးထောင် နည်း၊ ဝါးပေါင်းခံနည်း အားလုံးပို့ချပေးပါတယ်၊ သင်တန်းရက်အနေနဲ့က သင်တန်းသားအပေါ်မှာ မူတည်ပါတယ်၊ အားလုံးသင်ယူတဲ့ သင်တန်းသားဆိုရင် နှစ်လကျော် လေ့လာနေတဲ့ သင်တန်းသားတွေလည်းရှိတယ်"ဟု နေပြည်တော် ဝါးစိုက်ပျိုးရေးအသင်းဥက္ကဋ္ဌ ဦးသန်းတိုးအောင်က ပြောသည်။

"ကျွန်တော်အဓိကသင်ယူနေတာက ဝါးစိုက်ပျိုးနည်း၊ ဝါးပျိုးထောင်နည်းပါ၊ ဒါပေမယ့် ဝါးအချောထည်လုပ်ငန်းတွေကိုလည်း လေ့လာသင်ယူနေပါတယ်၊ ဝါးအိမ်ဆောက်လုပ်ရတာမျိုးတွေ၊ ဝါးကို ပိုးမထိုးအောင် ကြာရှည်ခံအောင် ပေါင်းရတဲ့နည်းတွေ သင်ယူနေပါတယ်" ဟု မိတ္ထီလာမြို့နယ် ဝွေးကုန်းရွာမှ သင်တန်းလာတက် နေသူ ကိုမောင်ဦးက ပြောသည်။

ကမ္ဘာ့ ဝါးကုန်သွယ်မှုတန်ဖိုး စုစုပေါင်းသည် ဘီလီယံ ၆၀ ရှိသည့်အနက် တစ်ဝက်ဖြစ်သော ဘီလီယံ ၃၀ မှာ မြန်မာနိုင်ငံတစ်နိုင်ငံတည်းမှ ထုတ်လုပ်နေပြီး မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဝါးတောရေိယာ တတိယအများဆုံးနိုင်ငံအဖြစ်လည်း ရပ်တည်လျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ဇော်ဘီ**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဖွင့်

**ဖယ်ခုံ ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးမှူး၍ ဒေသခံပြည်သူများ အသက်မွေးဝမ်းကျောင်းမှုတွင် အထောက်အကူ ဖြစ်စေရန် ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်းကို ဇန်နဝါရီ ၈ ရက်မှစတင်၍ မိုးဗြဲကျေးရွာအုပ်စု လယ်ထွန်ကျေးရွာရှိ လူငယ်ရိပ်သာ၌ ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်းကို ခွင့်ပြုရန်ပုံငွေ ကျပ်နှစ်သန်းအကုန်အကျခံ၍ ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး ဇန်နဝါရီ ၈ ရက်မှ ဖေဖော်ဝါရီ ၈ ရက်အထိ သင်တန်းကာလ တစ်လကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း၊ သင်တန်းသို့ မိုးဗြဲကျေးရွာအုပ်စုရှိ လယ်ထွန်၊ ဆောင်ကန်း(ရှမ်း)၊ ဖာလိုင်တောင်ခြေ၊ ကဖု(အရှေ့)ကျေးရွာတို့မှ သင်တန်းသား ၂၀ တက်ရောက်ပြီး ဆိုင်ကယ်ပြင်(ဝပ်ရှော့)ဆရာ နှစ်ဦးဖြင့် စာတွေ့လက်တွေ့လေ့ကျင့်သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။ **ကိုထွေး(ဖယ်ခုံ)**

## ဗိုလ်ချိုဘုရားပွဲနှင့် ဈေးပွဲတော် ကျင်းပမည်

**ငါ့သရောက် ဇန်နဝါရီ ၁၂**

ငါ့သရောက်မြို့နယ် ဗိုလ်ချိုဘုရားပွဲ ဈေးပွဲတော်ကို ပြာသိုလဆန်းမှ စတင်ဖွင့်လှစ်၍ အနယ်အနယ်အရပ်ရပ်မှ ဈေးဆိုင်များ စည်ကားစွာ ခင်းကျင်းရောင်းချလျက်ရှိသလို ငါ့သရောက်မြို့ပတ်ဝန်းကျင်ရွာများမှ ဈေးဝယ်လာသူများဖြင့်လည်း စည်ကားလျက်ရှိကာ ပွဲတော်ကို ပြာသိုလတစ်လလုံး ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဗိုလ်ချိုဘုရားပွဲ ဈေးပွဲတော်မှာ ငါ့သရောက်မြို့၌ ရှေးအစဉ်အဆက်ကတည်းက ကျင်းပလာသည့် ပွဲတော်ဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ အဝတ်အထည်နှင့် လူသုံးကုန်များ၊ အိမ်သုံးကုန်များ၊ လယ်ယာလုပ်ငန်းခွင်သုံး ပစ္စည်းကိရိယာများကို လာရောက်ရောင်းချကြသည့် ပွဲတော်တစ်ခုဖြစ်ရာ ဒေသခံပြည်သူ တောင်သူလယ်သမားများအတွက် အသုံးဝင်သော ပစ္စည်းများဖြစ်၍ ငါ့သရောက်မြို့ပတ်ဝန်းကျင်ကျေးရွာများမှ ကားများ၊ လှည်းများဖြင့် လာရောက်၍ ဈေးဝယ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။ **ကိုထိန်(ပြန်/ဆက်)**

## ၂၂ ကြိမ်မြောက် သုံးနှစ်အောက်ကလေးပြိုင်ပွဲဆုပေးပွဲ ကျင်းပ

**ကလော ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ် တောင်ပိုင်း ကလောမြို့နယ် ဟဲဟိုးတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဟဲဟိုးကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်သည့် ၂၂ ကြိမ်မြောက် သုံးနှစ်အောက်ကလေးပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီလ ပထမပတ်က ဟဲဟိုးမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခန်းမ၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုဇင်သန့်က အမှာစကားပြောကြားပြီး ကျန်းမာရေးမှူးက ဆုချီးမြှင့်ရခြင်းနှင့်ပတ်သက်၍ ပြောကြားကာ သုံးနှစ်အောက်ကလေးပြိုင်ပွဲတွင် ဆုရကလေးများအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုဇင်သန့်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

## စည်းကမ်းမဲ့ယာဉ်များအား အရေးယူ

**သထုံ ဇန်နဝါရီ ၁၂**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ ညွှန်ကြားချက်ဖြင့် သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီးကျော်ဝင်းကြီးကြပ်၍ သထုံမြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် စည်းကမ်းမဲ့ယာဉ်များ ပညာပေးအရေးယူခြင်းကို သထုံမြို့စိုက်ပျိုးရေးသိပ္ပံကျောင်းရှေ့၌ ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီမှစတင်ဆောင်ရွက်ရာ သထုံမြို့မစခန်းမှူး ဒုရဲမှူး မောင်မောင်၊ အမှတ် ၇၈ ယာဉ်ထိန်းတပ်ဖွဲ့စု (သထုံ) တပ်ဖွဲ့စုမှူး ဒုရဲမှူး နိုင်မင်းနှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့နှင့်အတူ ဆောင်ရွက်ခဲ့သည်။ **၁၃၈**

## တမူးမြို့၌ တရားဥပဒေစိုးမိုးရေးအတွက် မြို့ဝင်မြို့ထွက်နေရာများတွင် ရှောင်တခင်စစ်ဆေး

**တမူး ဇန်နဝါရီ ၁၂**

မြန်မာ- အိန္ဒိယ နယ်စပ်ဝင်ပေါက် ထွက်ပေါက်ဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့တွင် ဒေသခံပြည်သူများ ဘေးကင်းလုံခြုံစိတ်ချစွာ သွားလာနေထိုင်နိုင်ရေး၊ ပြည်သူများ အသက်အိုးအိမ်စည်းစိမ်များ လုံခြုံစေရေး၊ မသမာသူ အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ငန်းများ မဖြစ်စေရေးနှင့် တရားဥပဒေစိုးမိုးရေးကိုရည်ရွယ်ကာ တမူးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်သန်းဦးဆောင်သည့် တပ်ဖွဲ့ဝင်များက တမူးမြို့ဝင်မြို့ထွက် ပါဟဲတံတားနှင့် ကံကြီးဝတံတားတို့တွင် ရှာဖွေစစ်ဆေးမှုများကို ဇန်နဝါရီ ၉ ရက်က ဆောင်ရွက်ခဲ့သည်။

မြို့လုံခြုံရေး၊ မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများ သယ်ဆောင်ခြင်း မရှိစေရေးတို့အတွက် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များလည်း စုပေါင်းပါဝင်၍ လုံခြုံရေးတာဝန်ချထားကာ ရှောင်တခင် ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **ချင်းတွင်းသား**



## တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေးကျင်းပ

**ထားဝယ် ဇန်နဝါရီ ၁၂**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် ကော်မတီနှစ်ရပ်၏လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၇/ ၂၀၁၈ ကို ဇန်နဝါရီ ၁၀ ရက်က ထားဝယ်မြို့ရှိ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းက စားသုံးသူပြည်သူများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ကာကွယ်ရေးသည် အလွန်အရေးကြီးကြောင်း၊ စားသုံးသူပြည်သူများသည် ကျန်းမာရေးနှင့်ညီညွတ်သည့် ကုန်ပစ္စည်းများကို ဝယ်ယူစားသုံးနိုင်ရန်နှင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများသည်လည်း မိမိတို့ထုတ်လုပ်သည့် ကုန်စည်များကို စံချိန်းစံညွှန်းနှင့်အညီ ဘေးအန္တရာယ်ကင်းအောင် ထုတ်လုပ်ရောင်းချနိုင်ရေး အသိပညာပေးရန်လိုကြောင်း၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးကော်မတီအဖွဲ့ဝင်များက စားသုံးသူပြည်သူများ၏ အကျိုးစီးပွားများကို ပိုမိုတိုးတက်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးမှူး ဦးဝင်းထွန်းက လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက စားသုံးသူအကာအကွယ်ပေးရေးအကြောင်းနှင့် စားသုံးသူများ လုံခြုံမှုရှိစေရေးဆိုင်ရာများကို အကြံပြု ဆွေးနွေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



## သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းရေး အသိပညာပေး

**ရန်ကုန် ဇန်နဝါရီ ၁၂**

အမျိုးသမီးများ ဘဝလုံခြုံရေး၊ သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေးအတွက် အသိပညာပေး ဟောပြောပွဲကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဇန်နဝါရီ ၈ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောက်တံတားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်စိုးက အမျိုးသမီး ဘဝလုံခြုံရေးအတွက် သတိပြုသင့်သော အချက်များ၊ သက်ငယ်မုဒိမ်းမှုဖြစ်ပွားရသည့် အကြောင်းအရင်းများဖြစ်သော အနေနီးစပ်မှု၊ ယုံကြည်မှုလွန်ကဲမှု၊ ဖြားယောင်းသွေးဆောင်မှု၊ အခွင့်အရေးယူမှုများအကြောင်းနှင့် သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများကို ရှင်းလင်းဟောပြောခဲ့သည်။ **ကိုကိုရှုပ**

# အချိန်နှစ်လတာဖြင့် ရိုက်ကူးသွားမည့် "လူကြီးလူကောင်းများ" ရုပ်ရှင်ဇာတ်ကားကြီး

ယခုရက်ပိုင်းအတွင်း စတင်၍ THE EYES ရုပ်ရှင်ထုတ်လုပ်ရေးမှ "လူကြီးလူကောင်းများ (THE GENTLEMEN)" ဟုအမည်ပေးထားသော ရုပ်ရှင်ဇာတ်ကားကို ရန်ကုန်၊ ပြင်ဦးလွင်နှင့် ချောင်းသာတို့တွင် ဇန်နဝါရီနှင့် ဖေဖော်ဝါရီ နှစ်လအချိန်ယူရိုက်ကူးမည်ဟု သိရသည်။

"ရုံပြသရေးဆိုင်ရာပေါ့၊ ရုပ်ရှင်တွေကလည်း နာမည်ကြီး စူပါမင်းသားတွေပဲ ရုံအတွက်ပေးကြတာမို့ ထုတ်လုပ်ရေးတွေကလည်း စဉ်းစားလာကြတယ်၊ နောက်ပိုင်းဇာတ်ကားတစ်ကားရိုက်ပြီး ရုပ်ရှင်ကခွင့်မပြုရင် ဘယ်လိုလုပ်မလဲ၊ ရုံတင်မရဘဲ အချိန်ကြာနေရင် ဘယ်လိုလုပ်မလဲဆိုတာ ပြောရင်းနဲ့ ဟာသအနေနဲ့ ကျွန်တော်က ပြောလိုက်တယ်၊ ဒါဆိုရင် စူပါတွေနဲ့ပဲ ရိုက်လိုက်တော့လို့ အကြံပေးပြီး အပျော်သဘောလေးနဲ့ ပြောလိုက်တယ်၊ ဒါဆို အခုရိုက် အခုဆင်ဆာကျပြီး ချက်ချင်းပြခွင့်ရယ်လို့ ပြောဖြစ်ပါတယ်၊ ဒါကြောင့် ဒီရုပ်ရှင်ဇာတ်ကားကြီးဖြစ်သွားတာပါ၊ ဒီဇာတ်ကားမှာ ပါဝင်ရတဲ့ မင်းသားတိုင်းရဲ့ဆင်းန်တွေလည်း အတူတူပါပဲ၊ မင်းသမီးတွေလည်း ပိုတယ်၊ လျှော့တယ်မရှိဘူး၊ အားလုံးက မျှတတယ်၊ ဒီဇာတ်ကားမှာ မင်းသားလေးယောက်က လူကြီးလူကောင်းနာမည်ခံပြီးတော့ မကြီးစိုး(စိုးမြတ်သူဇာ)ကို ဟန်ဆောင်ပြီး လိမ်သွားကြတယ်၊ မကြီးစိုးက မင်းသမီး လေးယောက်ကို ကလဲ့စားချေတယ်" ဟု ဒါရိုက်တာ ပြည်ဟိန်းသီဟက ပြောသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကြီးကို ဇာတ်ညွှန်း နေစိုးသော်၊ ဒါရိုက်တာပြည်ဟိန်းသီဟက အချစ်ဟာသပုံစံ ရိုက်ကူးမည်ဖြစ်ပြီး ဝါရင့်သရုပ်ဆောင် အကယ်ဒမီ လွင်မိုး၊ အကယ်ဒမီ လူမင်း၊ အကယ်ဒမီ ပြေတီဦး၊ အကယ်ဒမီ နေတိုး၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ အလှမယ်များဖြစ်သည့် ထက်ထက်ထွန်း၊ ရွှေအိမ်စည်၊ ယွန်းဝင့်လွှာအောင်၊ စဝ်ယွန်းဝတီဦးတို့က ပါဝင်သရုပ်ဆောင်ထားကြသည်။

"ထူးခြားမှုအနေကတော့ ဒီမင်းသား လေးယောက်ဆုံပြီးတော့ ရိုက်ခဲ့တာတွေလည်း မရှိခဲ့ဘူး၊ အလှမယ်တွေလည်း ပရိသတ်နဲ့ ထိတွေ့မှုတွေရလာမယ်၊ ပရိသတ်တွေလည်း အမြင်ဆန်းစေမယ်၊ ရိုက်ကူးရေးတွေအတွက် အဆင်ပြေသလို နောက်ပိုင်း ထုတ်လုပ်ရေးအတွက် မင်းသမီးတွေလည်း အများကြီးထွက်လာတာပေါ့၊ ဇာတ်ပို့ဇာတ်ရံတွေလည်း တော်တော်များလာပါပြီ၊ ၂၀၁၈ ကျွန်တော့်ရဲ့ ပွဲဦးထွက်ထူးထူးခြားခြားဖြစ်အောင် စီစဉ်ဖြစ်တာပါ"ဟု ၎င်းက ပြောသည်။

**ကိုလင်း**





# ကျပ်သိန်း ၅၀၀ တန် Winner ဆုနှင့်အတူ မြန်မာအိုင်ဒေါလ်ပြန်လာပြီ

ဂီတဝါသနာရှင်လူငယ်များ၏ အိပ်မက်များကို အမှန်တကယ်လက်တွေ့ဖြစ်လာစေခဲ့ပြီး တစ်နိုင်ငံလုံး တစ်ခဲနက် အားပေးခဲ့ကြသည့် Myanmar Idol season 3 ကို လာမည့်ဧပြီလတွင် စတင်ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် Winner ရရှိသူအားငွေကျပ် သိန်း ၅၀၀ နှင့်တစ်ကိုယ်တော် စီးရီးထုတ်ခွင့် ပေးအပ်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၁ ရက်က မီလာဟိုတယ်တွင် ကျင်းပသည့် စာနယ်ဇင်းမိတ်ဆက်ပွဲမှ သိရသည်။

ယခုနှစ်ဧပြီလ ဒုတိယအပတ် သင်္ကြန်ပွဲတော်အပြီးတွင် စတင်ထုတ်လွှင့်ပြသပေးမည့် Myanmar Idol ပွဲများသည် ဩဂုတ်လ ဒုတိယပတ်တွင် နောက်ဆုံးဖိုင်နယ်ပွဲစဉ်များကို ကြည့်ရှုခွင့်ရကြမည် ဖြစ်သည်။

ယခုအပတ်စဉ်တွင် အကဲဖြတ်ဒိုင်များ ပြောင်းလဲမှုကို မြင်တွေ့ရပြီး မြန်မာပြည်သိန်းတန်၊ ရန်အောင်၊ မျိုးကျော့မြိုင်နှင့် တင်ဇာမော်တို့က အကဲဖြတ်ဒိုင်များအဖြစ် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။ ယခင်အပတ်စဉ်များအတိုင်း ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ နေပြည်တော်၊ ပုသိမ်စသည့် မြို့ကြီးငါးမြို့အပါအဝင် မြို့နယ်ပေါင်း ၂၀ မှ ဝါသနာရှင်များအားဖော်ထုတ်သွားမည့်အပြင် ယခု Season တွင် နိုင်ငံရပ်ခြားသို့ ရောက်ရှိနေသည့် မြန်မာဂီတဝါသနာရှင်များအားလည်း ပါဝင်ယှဉ်ပြိုင်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ မြန်မာအိုင်ဒေါလ် Winner ဆုရှင်များအဖြစ် Season 1 တွင် စောလားထော်ဝါးက လည်းကောင်း၊ Season 2 တွင် သားငယ်က လည်းကောင်း ရရှိခဲ့ပြီး ဆုရှင်များနှင့်အတူ Season တစ်လျှောက်အကောင်းဆုံးပံ့ပိုးပေးခဲ့သည့် အစီအစဉ်တင်ဆက်သူ ကျော်ထက်အောင်ကိုလည်း Season 3 တွင် ဆက်လက် မြင်တွေ့ခွင့်ရဦးမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

# ဂျပန်ရုပ်ရှင်ပွဲတော် ဝင်ကြေး အခမဲ့ဖြင့် ပြသသွားမည်

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးနှင့် ဂျပန်ဖောင်ဒေးရှင်းတို့ ဦးစီးပြုလုပ်မည့် ဂျပန်ရုပ်ရှင်ပွဲတော်ကို ၂၀၁၈ ဇန်နဝါရီ ၁၉ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ နေပြည်တော် ရုပ်ရှင်ရုံတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂ ရက်မှ ၄ ရက်အထိ မန္တလေးမြို့ ဝင်းလိုက် ရုပ်ရှင်ရုံတွင်လည်းကောင်း အခမဲ့ကြည့်ရှုနိုင်ရန် ပြသမည်ဟု သိရသည်။

"ကျွန်တော်တို့ အခုလိုပြုလုပ်ရတဲ့ အဓိက ရည်ရွယ်ချက်ကတော့၊ ပထမဆုံးကျွန်တော်တို့ ဂျပန်ဖောင်ဒေးရှင်းကို တည်ထောင်ခဲ့ချိန်ကစပြီး အခုအထိ လူသိနည်းနေသေးတာရယ်၊ ဂျပန်ဖောင်ဒေးရှင်ဟာ အစိုးရရဲ့ အောက်မှာရှိနေတဲ့ တရားဝင်ဖွဲ့စည်းထားတဲ့အဖွဲ့ဖြစ်ပါတယ်၊ ကျွန်တော်တို့အနေနဲ့ ဂျပန်နိုင်ငံနဲ့ပတ်သက်တဲ့ ယဉ်ကျေးမှုတွေ ဂျပန်ဘာသာစကားစတာတွေကို သင်ကြားပေးရတဲ့အဖွဲ့လည်း ဖြစ်ပါတယ်၊ မြန်မာပြည်ဟာ နိုင်ငံတကာမှာ ဂျပန်ဘာသာစကားနဲ့ပတ်သက်ပြီး အဆင့်လေးမှာ ရှိနေပါတယ်၊ ဘာသာစကားဟာ လူမျိုးတစ်စုနဲ့ တစ်စုကြားမှာရော၊ ယဉ်ကျေးမှုကို ပြစေပါတယ်၊ နောက်တစ်ခု အနေနဲ့က ကျွန်တော်တို့ ယဉ်ကျေးမှုနဲ့ အနုပညာပိုင်းကိုလည်း လုပ်ဆောင်ရတဲ့အဖွဲ့ဖြစ်တာမို့ ယဉ်ကျေးမှုနဲ့ ရုပ်ရှင်ပိုင်းကို အဓိကထားပြသတာတွေ ကျွန်တော်တို့ လုပ်ဆောင်တာပါ၊ ဒါကြောင့် ကျွန်တော်တို့ ဂျပန်နိုင်ငံမှာ ရေးပန်းစားနေတဲ့ ဇာတ်ကားတွေ၊ နောက်ဂျပန်နိုင်ငံရဲ့ ရွေးကျတဲ့ ဇာတ်ကားတွေ ပါဝင်ပြသသွားမှာပါ၊ ဒီလိုပြသရတဲ့အတွက် ဂျပန်နိုင်ငံရဲ့ ယဉ်ကျေးမှုတွေ၊ လူမှုအဖွဲ့အစည်း တွေကို ထင်ဟပ်စေမှာပါ၊ ကျွန်တော်တို့ ပြသမယ့် ဇာတ်ကားတွေကလည်း မြန်မာပြည်မှာတင် မဟုတ်ပါဘူး၊ အရှေ့တောင်အာရှ နိုင်ငံတွေမှာပါ၊ မြန်မာပြည်မှာ ပြသသလိုမျိုး တစ်ပြိုင်တည်းပြသသွားမှာပါ၊ ဂျပန်ယဉ်ကျေးမှုကို နှစ်သက်သူတွေ၊ စိတ်ဝင်စားသူတွေ အကုန်လုံးကို ဖိတ်ခေါ်ပါတယ်" ဟု ဂျပန်ဖောင်ဒေးရှင်အဖွဲ့မှ မစ္စတာ အိုချီဆာတိုက ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါ ရုပ်ရှင်ပွဲတော်ကို ယခင်နှစ်များကလည်း ပြုလုပ်ခဲ့ပြီး ရန်ကုန်မြို့တွင် ရုပ်ရှင်ကား ၁၆ ကားပြသမည်ဖြစ်ပြီး မန္တလေးမြို့တွင် ဇာတ်ကား ငါးကားပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**



ပရိသတ်အတွက် အကောင်းဆုံးတွေ ရွေးချယ်ဖန်တီးဖြစ်နေသူ

# လူငယ်အဆိုတော် Lil'Z

၂၀၁၄ ခုနှစ်အတွင်း 4 Album အမည်ဖြင့် ရွှေထူး၊ X Box၊ ထက်ယံနှင့် Lil'Z တို့ စုပေါင်းဖန်တီးခဲ့ပြီး လူငယ်ပရိသတ်အားပေးမှု အခိုင်အမာရရှိခဲ့သော အဆိုတော် Lil' Z သည် ၂၀၁၆ ခုနှစ် မတ်လတွင် "အကယ်၍များ...." တေးအယ်လ်ဘမ် ထွက်ရှိခဲ့သူဖြစ်သည်။ "အကယ်၍များ ...." သီချင်းခွေထဲမှ တေးသီချင်းဟောင်းများနှင့် သီချင်းသစ်များ ပေါင်းစပ်ကာ အကောင်းဆုံး ဒီဗွီဒီအဖြစ် ဖန်တီးနေကြောင်းနှင့် ပရိသတ်စိတ်ဝင်စားလျက်ရှိသော အချစ်ရေးအကြောင်းနှင့်စပ်လျဉ်း၍ အဆိုတော် Lil' Z နှင့် တွေ့ဆုံခိုက်မေးမြန်းဖြစ်ခဲ့သည်။

**မေး ။ လက်ရှိအနုပညာလှုပ်ရှားမှုကိုပြောပြပေးပါ။**

ဖြေ ။ လက်ရှိတော့ ကျွန်တော့်ရဲ့တစ်ကိုယ်တော်သီချင်းခွေလေး လုပ်နေပါတယ်။ ဒီကြားထဲက သီချင်းခွေ လုပ်ဖြစ်လိုက်၊ မလုပ်ဖြစ်လိုက်နဲ့ဆိုတော့ ကြာသွားတယ်။ တခြားအလုပ်လေးတွေ လုပ်ဖြစ်နေတာကြောင့် သီချင်းနှစ်ပုဒ်လောက် ကျန်နေတယ်။ ကျွန်တော်ထွက်ရင်တော့ Audio မထွက်ဘဲ၊ DVD ပဲ တန်းထွက်မှာပါ။ တိုးတိုးတိတ်တိတ် လုပ်ထားတဲ့ ကိစ္စလေးတွေလည်း ရှိပါတယ်။ မကြာခင် ပရိသတ်ကို အသိပေးသွားမှာပါ။



**မေး ။ ဒီဗွီဒီ အခွေမှာရော ဘယ်နှပုဒ်လောက်ပါဝင်မလဲ။**

ဖြေ ။ Audio ထွက်တုန်းက ပရိသတ်အကြိုက်များခဲ့တဲ့ ကမ္ဘာသုံးရည်းစားစကား၊ ဆွဲကြိုးနဲ့ တခြားသီချင်းတွေလည်း ပါမယ်။ သီချင်းအဟောင်းခုနစ်ပုဒ်ရှိမယ်။ သီချင်းအသစ်ကတော့ ခြောက်ပုဒ်လောက်ပါမယ်။ ကျွန်တော့်ရဲ့ အရင်ထွက်ခဲ့ တဲ့ "အကယ်၍များ ..."သီချင်းခွေထဲက သီချင်းတွေပါမယ်၊ စုစုပေါင်းကတော့ ၁၃ ပုဒ် လောက်ပါမယ်။

**မေး ။ သီချင်းခွေနဲ့ ပတ်သက်ပြီး ရိုက်ကူးမှုအပိုင်းက**

ဖြေ ။ ကျွန်တော် အကုန်ချိတ်ဆက် ပြီးပါပြီ။ ကျွန်တော့်ကို စောင့်နေတာပါ။ ဒါပေမယ့် သိပ်မကြာခင်မှာ တွေ့ရမှာပါ။ ခေါင်းစဉ်သီချင်းကတော့ ဒီနာမည်ပဲ ပြန်ပေးမှာပါ။ "အကယ်၍များ...." Second Edition ဆိုပြီး ပြန်ပေးမှာပါ။ သီချင်းအဟောင်းတွေကိုလည်း မြူးဇစ်တွေ အကုန်ပြန်ပြောင်းမယ်။ သီချင်းသစ်တွေကတော့ ပရိသတ်တစ်ခါမှ နားမထောင်ဖူးတဲ့ သီချင်းတွေပါ။ ကျွန်တော်သိမ်းထားတဲ့ သီချင်းတွေ ပြန်ထည့်မယ်။

**မေး ။ တေးရေးတွေကရော ဘယ်သူတွေပါဦးမလဲ။ မြူးဇစ်ပိုင်းကရော။**

ဖြေ ။ ကျွန်တော်ဆိုတာတွေ အကုန်ကိုတော့ ကျွန်တော်ကိုယ်တိုင်ပဲ ရေးပါတယ်၊ Featuring တွေလည်း ပါပါတယ်။ ကျွန်တော် လာမယ့် နှစ်ဆန်းပိုင်းလောက်ဖြစ်အောင် ကြိုးစားနေပါတယ်။ တကယ်လို့ နှစ်ဆန်းပိုင်းမဟုတ်ရင်လည်း ပရိသတ်ကို ပြန် ကြေညာသွားမှာပါ။ Hip Hop ကိုမှ အရင်နဲ့မတူဘဲ တိုင်ပင်လေးတွေလည်း ပြောင်းထည့်ထားပါတယ်။ Hip Hop ဂီတပိုင်းအပြင် Blue ဘက် သွားတာလေးတွေလည်း ထည့်ထားတယ်။

**မေး ။ တေးရေးတာလည်း ကိုယ်တိုင်ရေးသားတာမို့ ကိုယ့်အကြောင်းတွေ ရေးဖြစ်တာလား။**

ဖြေ ။ ကျွန်တော်က အငှားခံစားရေးတာတော့ မပါပါဘူး။ ကိုယ်တိုင်ခံစားချက်တွေပဲ ရေးဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတာလေးတွေ ရေးဖြစ်တယ်။ သီချင်းထဲက ထုတ်ဖော်ရေးသားဖြစ်ပါတယ်။ အချစ်အကြောင်းတွေလည်း ပါတယ်။ ကိုယ်တိုင်လည်း ချစ်တတ်တာမို့ပါ။

**မေး ။ ဂီတပိုင်းနဲ့ပတ်သက်ပြီး ဖျော်ဖြေပွဲတွေရော လုပ်ဖို့ရှိမလား။**

ဖြေ ။ ကျွန်တော်တို့ ဒီဇင်ဘာလထဲမှာ 4 အဖွဲ့ (ရွှေထူး၊ X Box၊ ထက်ယံ၊ Lil'Z) အနေနဲ့ ပြင်ဦးလွင်က ပန်းပွဲတော်မှာ ရှိခဲ့တယ်။ နောက်ပိုင်းလည်း ပွဲတွေရှိနေသေးတယ်။ ။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### ဩစတြေးလျ၌ ရော့ခ်အင်န်ရိုးအဆိုတော် အဲလ်ဗစ်ပရက်စလေအထိမ်းအမှတ်ပွဲတော်ကျင်းပ

ဩစတြေးလျ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော အဲလ်ဗစ်ပရက်စလေအထိမ်းမှတ်ပွဲတော်ကို ကြာသပတေးနေ့ကကျင်းပခဲ့ရာမှာ သူ့ရဲ့ပရိသတ်ရာပေါင်းများစွာဟာ အဲလ်ဗစ်ပရက်စလေကဲ့သို့ ပုံစံတူဝတ်ဆင်ခဲ့ကြပါတယ်။ ဆစ်ဒနီမြို့ဘူတာရုံမှာ ရော့ခ်အင်န်ရိုးလ်ဘုရင်လို့တင်စားရမယ့် ပရက်စလေရဲ့ သီချင်းသံတွေလွင့်ပျံနေပြီး လမ်းမထက်မှာလည်း ပရက်စလေနဲ့ပုံစံတူအောင် နှုတ်ခမ်းမွေးအတု၊ ဘောင်းဘီပွ၊ ဂီတာလွယ်ထားတဲ့ ပရိသတ်တွေဟာလည်း အများအပြားပါပဲ။ အဲလ်ဗစ်အမှတ်တရ အမြန်ရထားလက်မှတ်တွေကိုလည်း အထိမ်းအမှတ်ပွဲ မကျင်းပမီ အရင်ရက်တွေကတည်းက ဖုန်းကနေတစ်ဆင့် ရောင်းချပေးခဲ့တာပါ။

အဲလ်ဗစ်ပရက်စလေရဲ့ သီချင်းတွေနဲ့ကြီးပြင်းလာရလို့ သူဟာအမြဲကျွန်တော့်နှလုံးသားထဲမှာရှိနေပါတယ်လို့ ပရက်စလေကဲ့သို့ ဝတ်ဆင်ထားသူ ပရိသတ်တစ်ဦးက ပြောပါတယ်။ ခြောက်နာရီကြာမြင့်တဲ့ ရထားခရီးစဉ်မှာ သဘာဝအလှရှုခင်းတွေကိုကြည့်ရှုနိုင်ပြီး အဲလ်ဗစ်ကိုအမှတ်ရတဲ့အနေနဲ့ သူ့သီချင်းတွေသီဆိုဖျော်ဖြေခဲ့ကြပါတယ်။ ဒီပွဲတော်ကိုကျင်းပခဲ့တာ ၂၆ ကြိမ် ရှိပြီဖြစ်ပြီး လူပေါင်း ၂၅၀၀၀ ကို ဆွဲဆောင်နိုင်လိမ့်မယ်လို့လည်း ခန့်မှန်းထားပါတယ်။ ဒီနှစ်မှာလေးရက်ကြာကျင်းပတာဖြစ်တဲ့အတွက် ဒီထက်ပိုပြီးလည်း လူများများ စိတ်ဝင်စားနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။

ဒီနှစ်မှာထူးခြားတာကတော့ ပရက်စလေရဲ့ 68 come back special ထွက်ရှိတာ အနှစ် ၅၀ပြည့်ပြီပဲ ဖြစ်ပါတယ်။ ပွဲတော်ကာလအတွင်းမှာ ပရက်စလေပုံစံတူပြိုင်ပွဲတွေ၊ ကားပြပွဲတွေ၊ ပရက်စလေနဲ့ပတ်သက်ပြီး အမှတ်တရပစ္စည်းပြသတာတွေ၊ ဈေးပွဲတော်ပြုလုပ်တာတွေ အစရှိတာတွေပါဝင်မှာပဲ ဖြစ်ပါတယ်။

**ရိုက်တာ**



................................

### လိင်ပိုင်းဆိုင်ရာကျူးလွန်မှုပြုလုပ်တယ်ဆိုတဲ့စွပ်စွဲချက်ကို ကြိုတင်ငြင်းဆိုလိုက်တဲ့ မိုက်ကယ်ဒေါက်ကလပ်

အော်စကာဆုရှင် မိုက်ကယ်ဒေါက်ကလပ်ဟာ လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုပြုလုပ်ခဲ့တယ်ဆိုတဲ့စွပ်စွဲချက်ကို ဦးအောင်ငြင်းဆိုခဲ့ပါတယ်။ စုံစမ်းစစ်ဆေးမှုရလဒ်ကို လူထုကို ချမပြခင်ကြိုတင်ငြင်းဆိုလိုက်တာပဲ ဖြစ်ပါတယ်။ ဖျော်ဖြေရေးဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ Deadline နဲ့အင်တာဗျူးမှာ ဒေါက်ကလပ်ဟာ သူ့ဆီမှာ အလုပ်လုပ်ကိုင်တဲ့ အမျိုးသမီးကို လွန်ခဲ့တဲ့ ၃၂ နှစ်ခန့်က မဖွယ်မရာပြုလုပ်ခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်ကို ငြင်းဆိုလိုက်ပါတယ်။ ဒါဟာ မမှန်ကန်ပါဘူး။ လုပ်ဇာတ်ခင်းမှုတစ်ခု၊ လိမ်ညာမှုတစ်ခုသာဖြစ်တယ်လို့ ဒေါက်ကလပ်က ပြောခဲ့ပါတယ်။ ဒီစွပ်စွဲမှုကို ဘယ်သူဘယ်ဝါမှန်းတိတိကျကျမသိရတဲ့ အမျိုးသမီးတစ်ဦးက ပြုလုပ်ခဲ့တာဖြစ်ပြီး တရားဝင်ကြေညာတာမျိုးတော့ မရှိပါဘူး။ ဒါပေမယ့်လည်း ဒေါက်ကလပ်ကတော့ ဒီဇင်ဘာလအတွင်းမှာပဲ သူ့ရဲ့ရှေ့နေတွေကို အကြောင်းကြားပြီးပါပြီ။ ဒါကြောင့် ဟောလိဝုဒ်သတင်းသမားတွေဟာ ဒီသတင်းနောက်ကို လိုက်နေကြပါတယ်။

အသက် ၇၃ နှစ်အရွယ် မိုက်ကယ်ဒေါက်ကလပ်ဟာ ရုပ်ရှင်မင်းသမီး ကတ်သရင်းဇီတာဂျုံးနဲ့အတူ သားသမီးနှစ်ဦးထွန်းကားပြီး အခုပေါ်ထွက်လာတဲ့စွပ်စွဲမှုဟာ သူ့အတွက်တော့ တကယ်ကို နာကျင်စေတယ်လို့ ပြောပါတယ်။ သူဟာ သူ့မိသားစုနဲ့ သူ့ဂုဏ်သိက္ခာကို တန်ဖိုးထားပြီး သူ့အလုပ်အတွက်လည်း အမြဲဂုဏ်သိက္ခာရှိအောင်နေတာဖြစ်လို့ ဒါဟာသူ့ကို ထိခိုက်စေတယ်လို့ ပြောပါတယ်။ ဒါ့အပြင် သူ့ကလေးတွေဟာလည်း ဒီသတင်းကြောင့်ကျောင်းတက်ရမှာကိုပင် စိတ်ပျက်နေရကြောင်း ပြောပါတယ်။ မိုက်ကယ်ဟာ အစဉ်အလာကြီးမားတဲ့ ရုပ်ရှင်အသိုင်းအဝိုင်းထဲကပေါက်ဖွားလာသူဖြစ်ပြီး သူ့ဖခင် ကာ့ခ်ဒေါက်ကလပ်ဟာလည်း နာမည်ကျော်ဂန္ထဝင်သရုပ်ဆောင်တစ်ဦး ဖြစ်ပါတယ်။ **ရိုက်တာ**



ချိုး

## ၂၀၁၈ အကုန်တွင် မြို့ပေါင်း ၂၈၀ အထိကို MPT 4G ကွန်ရက် ဖြန့်ကြက်မည်

**ရန်ကုန် ဇန်နဝါရီ ၁၂**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT က ဝန်ဆောင်မှုပေးနေသည့် 4G LTE+ ကွန်ရက်ကို မြန်မာနိုင်ငံတွင် မြို့ ၈၂ မြို့၌ ဝန်ဆောင်မှုပေးထားပြီဖြစ်ပြီး ၂၀၁၈ ခုနှစ်ကုန်တွင် မြို့ပေါင်း ၂၈၀ အထိကို ကွန်ရက်ဖြန့်ကြက်နိုင်ရန် MPT က မျှော်မှန်းထားကြောင်း သိရသည်။

ဒီဇင်ဘာလကုန်ပိုင်းက ချင်းပြည်နယ် ဟားခါးမြို့နှင့် မွန်ပြည်နယ်ရှိ ကျိုက်ထီးရိုးစေတီတော်တို့တွင် MPT ၏ 4G ကွန်ရက်ကို စတင်အသုံးပြုနိုင်ခဲ့ရာ ချင်းပြည်နယ်အတွင်း၌ ပထမဆုံးအကြိမ် MPT 4G ကွန်ရက် ပေးနိုင်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် 4G ကွန်ရက်ကို စတင်ချိတ်ဆက်ပေးနိုင်ခြင်းလည်းဖြစ်ကြောင်း MPT ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

MPT အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အဆင့်မြင့် LTE+ ကွန်ရက်ကို ဆက်လက်ဖြန့်ကြက်လျက်ရှိရာ ဟားခါးမြို့တွင် တိုးချဲ့ဖြန့်ကြက်နိုင်ခြင်း အပါအဝင် လက်ရှိအချိန်တွင် မြို့ပေါင်း ၈၂ မြို့တွင် LTE+ ကွန်ရက်ကို အသုံးပြုနိုင်ပြီဖြစ်ကာ ၂၀၁၈ ခုနှစ်အကုန်တွင် မြို့ပေါင်း ၂၈၀ တွင် ဖြန့်ကြက်သွားနိုင်ရန် မျှော်မှန်းထားကြောင်း သတင်းထုတ်ပြန်ထားသည်။

MPT သည် LTE+ 4×4 MIMO ကွန်ရက်အဆင့်မြှင့်တင်မှုကိုလည်း မကြာသေးမီက ဆောင်ရွက်ခဲ့ကာ အဆိုပါ အဆင့်မြှင့်တင်မှုအရ နည်းပညာနှင့်ကိုက်ညီသည့် ဆက်သွယ်ရေးပစ္စည်းများ(မိုဘိုင်းဖုန်းများ)ဖြင့် အသုံးပြုပါက အမြန်နှုန်း 300Mbps အထိ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## New Product

### ဆယ်လ်ဖီကင်မရာနှစ်လုံးပါဝင်တဲ့ ဆမ်ဆောင်း Galaxy A8 စမတ်ဖုန်းသစ်

Galaxy A8(2018) ဟာ ဆမ်ဆောင်းရဲ့ Galaxy A စီးရီးစ်ထဲက နောက်ဆုံးထွက်ဖြစ်ပြီး အရင် Galaxy A ဖုန်းတွေကို အခြေခံကာ လုပ်ဆောင်ချက်သစ်တွေ ထပ်ပေါင်းထားတဲ့ စမတ်ဖုန်းသစ်ဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်မှာ ဇန်နဝါရီ ၉ ရက်က စတင်မိတ်ဆက်ခဲ့ပါတယ်။

Galaxy A8(2018)ဟာ မျက်နှာပြင်အရွယ်အစားက ၅ ဒသမ ၆ လက်မရှိပြီး မျက်နှာပြင်အချိုးက 18.5:9 ဖြစ်တာကြောင့် Screen ဟာ အထက်အောက်ပိုရှည်တဲ့ ပုံစံမျိုးဖြစ်သလို Screen ရဲ့ဘေးပေါင်တွေကလည်း ကျဉ်းတာကြောင့် ဒီဇိုင်းပိုင်းအနေနဲ့ အထက်အောက်ရှည်တဲ့ ဒီဇိုင်းမျိုးဖြစ်ပါတယ်။ Resolution က 1080x 2220 ရှိတာကြောင့် ရုပ်ထွက်ပိုင်း အထူးကောင်းမွန်ပါတယ်။

ကင်မရာပိုင်းမှာ နောက်ကင်မရာအနေနဲ့ ၁၆ မဂ္ဂါပစ်ဇယ် အရည်အသွေးရှိတဲ့ F1.7 ကင်မရာကို တပ်ဆင်ထားပြီး ဆယ်လ်ဖီကင်မရာအနေနဲ့ 16MP+8MP အရည်အသွေးရှိတဲ့ F1.9 ကင်မရာနှစ်လုံးကို တပ်ဆင်ထားလို့ ဆယ်လ်ဖီကင်မရာပိုင်းကို ပိုအသားပေးထားတဲ့ ဖုန်းဖြစ်ပါတယ်။ ကင်မရာပိုင်းမှာ Live Focus လုပ်ဆောင်ချက်ကို အသစ်ထပ်မံထည့်သွင်းထားသလို အရည်အသွေးပိုကောင်းစေမယ့် ဆော့ဖ်ဝဲပိုင်းလုပ်ဆောင်ချက်တွေလည်း ပါဝင်ပြီး အလင်းရောင်အားနည်းတဲ့ နေရာတွေမှာလည်း အရည်အသွေးကောင်းတဲ့ပုံတွေ ရိုက်နိုင်မှာဖြစ်ပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့ 7.1.1(Nougat)ကို အသုံးပြုထားပြီး Corte-A53 Octa-core CPU နဲ့ RAM က 4GB ပါဝင်ပါတယ်။ အင်တာနယ်မင်မိုရီက 32Gb နဲ့ 64GB နှစ်မျိုးရှိပြီး မင်မိုရီကတ်ထပ်စိုက်သုံးရင် 256GB အထိ သုံးနိုင်အောင် ထောက်ပံ့ပေးထားပါတယ်။

ထူးခြားချက်တွေအနေနဲ့ IP68 စနစ် ပါဝင်တာကြောင့် ရေစိုတဲ့ဒဏ်နဲ့ ဖုန်ဒဏ်တွေကို ကာကွယ်နိုင်ပြီး Galaxy A series စမတ်ဖုန်းတွေထဲမှာ Galaxy A8(2018)ဟာ Samsung Gear VR နဲ့ ပထမဆုံး တွဲဖက်သုံးနိုင်တဲ့ဖုန်းလည်း ဖြစ်ပါတယ်။ ပြည်တွင်းမှာ Galaxy A8(2018)ကို စတင်မိတ်ဆက်တဲ့အနေနဲ့ ဆမ်ဆောင်းက တယ်လီနောနဲ့ပူးပေါင်းပြီး အင်တာနက်ဒေတာ လက်ဆောင်ပေးတဲ့ အစီအစဉ်၊ ကြိုတင်မှာယူသူတွေကို ဘလူးတုစပီကာနဲ့ Power bank လက်ဆောင်ပေးတဲ့ အစီအစဉ်တွေနဲ့ ရောင်းချနေပါတယ်။ Galaxy A8 (2018)ကို ကိုယ်ထည်အရောင်




အနေနဲ့ အနက်ရောင်၊ ရွှေရောင် နှစ်မျိုးရရှိနိုင်ပြီး ဈေးနှုန်းက ကျပ် ၆၁၅၀၀၀ ဖြစ်ပါတယ်။

**သူရဖြိုး**

## ၂၀၁၇ ခုနှစ်အတွင်း ပြည်တွင်း၌ သုံးစွဲမှု အများဆုံး ဖုန်းဟန်းဆက် အမှတ်တံဆိပ်များကို တယ်လီနောထုတ်ပြန်

**ရန်ကုန် ဇန်နဝါရီ ၁၂**

ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်အတွင်း တယ်လီနော အသုံးပြုသူများအကြားတွင် သုံးစွဲမှုအများဆုံး စမတ်ဖုန်းဟန်းဆက်များအကြောင်း လေ့လာသုံးသပ်ထားသည့် စစ်တမ်းတစ်ခုကို တယ်လီနောမြန်မာက ထုတ်ပြန်ခဲ့ရာ အဆိုပါစစ်တမ်းအရ Huawei၊ Samsung၊ Oppo၊ Vivo နှင့် Xiaomi တို့က သုံးစွဲမှုအများဆုံး ဖုန်းများအဖြစ် အစဉ်လိုက် ရပ်တည်နေကြောင်း သိရသည်။

တယ်လီနော၏ အဆိုပါစစ်တမ်းရလဒ်များအရ တယ်လီနောဆင်းကတ်သုံးစွဲသူများကြားတွင် Huawei သည် သုံးစွဲမှုအများဆုံး ဟန်းဆက် အမျိုးအစားဖြစ်ပြီး တယ်လီနောသုံးစွဲသူ လူဦးရေ ၁၉ သန်းအနက် ၂၄ ရာခိုင်နှုန်းခန့်က အသုံးပြုနေကြောင်း၊ Huawei ၏နောက် ဒုတိယနေရာတွင် သုံးစွဲသူစုစုပေါင်း၏ ၁၃ ရာခိုင်နှုန်းဖြင့် Samsung က ရပ်တည်လျက်ရှိပြီး ယင်းနောက်တွင် Oppo၊ Vivo နှင့် Xiaomi အမှတ်တံဆိပ် စမတ်ဖုန်းများက အသီးသီး ရပ်တည်လျက်ရှိကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။ Apple ၏ ထုတ်ကုန်ဖြစ်သည့် iPhone များမှာမူ မြန်မာနိုင်ငံတစ်ဝန်းရှိတယ်လီနောဆင်းကတ် အသုံးပြုသူ ၁၉ သန်းအနက် ၁ ရာခိုင်နှုန်းခန့်ကသာ အသုံးပြုကြသည့်အတွက် ထိပ်ဆုံးငါးနေရာတွင် ပါဝင်ခဲ့ခြင်းမရှိကြောင်း သိရသည်။




"ပြီးခဲ့တဲ့နှစ် အနည်းငယ်အတွင်း မြန်မာနိုင်ငံမှာ တန်ဖိုးသင့်စမတ်ဖုန်းတွေ ဝင်ရောက်လာခဲ့တဲ့အတွက် မိုဘိုင်းဖုန်းအဓိကအသုံးပြုတဲ့ ဈေးကွက်တစ်ခု ဖြစ်ပေါ်လာစေခဲ့ပါတယ်၊ ဒါ့အပြင် လက်ရှိတယ်လီနောသုံးစွဲသူ လူဦးရေရဲ့ ၈၀ ရာခိုင်နှုန်းခန့်ဟာ စမတ်ဖုန်းအသုံးပြုသူတွေ ဖြစ်ပါတယ်၊ ကျွန်တော်တို့အနေနဲ့ နိုင်ငံတစ်ဝန်းမှာ မိုဘိုင်းကွန်ရက် အဆင့်မြှင့်တင်မှုတွေ ဆက်လက်ပြုလုပ်နေသလို ကျေးလက်နဲ့ ဝေးလံခေါင်းပါးတဲ့ ဒေသတွေမှာ ကွန်ရက်လွှမ်းခြုံမှုတွေ တိုးချဲ့နေခဲ့တဲ့အတွက် ဒီနှစ်အတွင်းမှာလည်း မြန်မာနိုင်ငံမှာ တန်ဖိုးသင့် စမတ်ဖုန်းဟန်းဆက်တွေ ဆက်လက်လူကြိုက်များနေဦးမယ်လို့ မျှော်လင့်နိုင်ပါတယ်၊ ဒီလေ့လာဆန်းစစ်ချက်ကနေတစ်ဆင့် တယ်လီနောသုံးစွဲသူတွေ ကြိုက်နှစ်သက်တဲ့ အချက်တွေကို ပိုမိုသိရှိနားလည်နိုင်ခဲ့တဲ့အပြင် သူတို့ကို အကောင်းမွန်ဆုံးဝန်ဆောင်မှုတွေ ပေးအပ်နိုင်ဖို့အတွက်လည်း တစ်ဖက်တစ်လမ်းက အထောက်အကူ ဖြစ်စေခဲ့ပါတယ်"ဟု တယ်လီနောမြန်မာ၏ ဈေးကွက်ဖော်ဆောင်ရေး အရာရှိချုပ် Joslin Myrthong က ပြောကြားသည်။ တယ်လီနောသည် မြန်မာနိုင်ငံ၏ အကျယ်ပြန့်ဆုံး 4G ကွန်ရက်ကို တည်ဆောက်ထားပြီးဖြစ်ကာ နိုင်ငံတစ်ဝန်း မြို့ကြီး ၅၀ ကျော်ရှိ တယ်လီနောသုံးစွဲသူများအတွက် 4G ဒေတာ ဝန်ဆောင်မှုများကို ပေးလျက်ရှိသည်။

**သူရဖြိုး**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့်ဝယ်ယူမည့် အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေကုသရေးဌာနသုံး ဆေးနှင့်ဆေးပစ္စည်းများနှင့် အိန္ဒိယနိုင်ငံအစိုးရ၏ လှူဒါန်းမှုဖြင့် ရန်ကုန်ကလေးဆေးရုံကြီးနှင့် အမျိုးသမီးနှင့် ကလေးဆေးရုံကြီး (မုံရွာ)တို့အတွက်ဝယ်ယူမည့် ဆေးရုံသုံးစက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်းစည်းကမ်းများကို တင်ဒါလက်ခံရေးနှင့် စိစစ်ရေးလုပ်ငန်းကော်မတီ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၅-၁-၂၀၁၈ ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၁-၂၀၁၈ ရက် ညနေ ၃း၀၀ နာရီ

**ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၆၇-၄၁၁၅၁၀၊ ၀၆၇-၄၁၁၅၄၄

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးလုပ်ငန်းကော်မတီ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## အနုပညာဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနပိုင် အောက်ဖော်ပြပါအဆောက်အအုံအား ငှားရမ်းခြင်းအတွက် ဈေးပြိုင်ပေးသွင်းသူများအား ဖိတ်ခေါ်အပ်ပါသည်-

(က) ဗဟန်းမြို့နယ်၊ အမှတ်(၈) ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ယခင် ပန်းချီ၊ ပန်းပုကျောင်းဟောင်းရှိ အဆောက်အအုံ(၂)လုံး

(ခ) ကမ္ဘောဇရိပ်သာ (ချင်းချောင်းနန်းတော်) (အလျား ၃၀× အနံ ၃၀× အမြင့် ၁၂)ပေရှိ ပန်းပုဆောင်ဟောင်းမြေနေရာ

(ဂ) အမျိုးသားဇာတ်ရုံ(ရန်ကုန်)၊ အရှေ့မျက်နှာစာ၊ ပေ(၅၀×၇၀) သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံ

(ဃ) ကမ္ဘောဇရိပ်သာ (ချင်းချောင်းနန်းတော်) (မြေညီထပ်နှင့် ပထမထပ်)

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၉-၁-၂၀၁၈ ရက်

**တင်ဒါပိတ်မည့်ရက်** - ၉-၂-၂၀၁၈ ရက်

**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

**တင်ဒါဖွင့်မည့်ရက်** - ထပ်မံအကြောင်းကြားပါမည်။

**တင်ဒါပုံစံရောင်းချမည့်နေရာ** - အမျိုးသားဇာတ်ရုံ(ရန်ကုန်)

**တင်ဒါတင်သွင်းရန်နေရာ** - အမျိုးသားဇာတ်ရုံ(ရန်ကုန်)၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

တင်ဒါပုံစံ(က)၊ (ခ) (၁)စောင်အတွက် ကျသင့်တန်ဖိုး -၂၀၀၀/ကျပ်

တင်ဒါပုံစံ(ဂ) (၁)စောင်အတွက် ကျသင့်တန်ဖိုး -၅၀၀၀/ကျပ်

တင်ဒါပုံစံ(ဃ) (၁)စောင်အတွက် ကျသင့်တန်ဖိုး -၁၀၀၀၀/ကျပ်

၃။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူသည့်အချက်များ အသေးစိတ်သိရှိလိုပါက အနုပညာဦးစီးဌာန ဆက်သွယ်ရန် ဖုန်း-၀၁-၃၈၂၄၈၉ (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(ကလေး)
## (၁၄)ကြိမ်မြောက် B-Tech ဘွဲ့အတွက်
## ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(ကလေး)၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ဤနည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**အစမ်းလေ့ကျင့်ခြင်း** - ၁၇-၂-၂၀၁၈ ရက် (စနေနေ့) နံနက် ၈း၃၀ နာရီ

**ဘွဲ့နှင်းသဘင်ကျင်းပခြင်း** - ၁၈-၂-၂၀၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၈း၃၀ နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်။ နည်းပညာတက္ကသိုလ်(ကလေး)ရှိ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင်ထုတ်ပြန်ခဲ့သော B-Tech စာမေးပွဲအောင်မြင်ပြီးသူများ အခြားသောပညာသင်နှစ်များတွင် ဘွဲ့ရစာမေးပွဲအောင်မြင်သူများ အဝေးရောက်ဘွဲ့လျှောက်ထားနိုင်သည်။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ပါအတိုင်း သတ်မှတ်ထားပါသည်။

(က) **တက်ရောက်ဘွဲ့** - B-Tech ဘွဲ့အတွက် ၁၅၀၀ိ/- (ကျပ်တစ်ထောင်ငါးရာတိတိ)လျှောက်လွှာနှင့်အတူ ပေးသွင်းရန်။

(ခ) **အဝေးရောက်ဘွဲ့** - B-Tech ဘွဲ့အတွက် ၁၀၀၀ိ/- (ကျပ်တစ်ထောင်တိတိ) လျှောက်လွှာနှင့်အတူ ပေးသွင်းရန်။

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ(သို့မဟုတ်) အနောက်တိုင်းဝတ်စုံ ပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ×နှစ်လက်မ) အရွယ်ဓာတ်ပုံ ငါးပုံ (ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်နံပါတ် ထည့်သွင်းရိုက်ကူးခြင်းမပြုရန်)နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။

၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ၂-၁-၂၀၁၈ ရက်မှစ၍ မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်(ကလေး)ရှိ ကျောင်းသားရေးရာဌာနတွင် လျှောက်လွှာထုတ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၂၆-၁-၂၀၁၈ ရက် နောက်ဆုံးထားပြီး (ရုံးပိတ်ရက်မပါ)ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

၆။ ဘွဲ့နှင်းသဘင်သို့တက်ရောက်မည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။ အဆိုပါအကြိုလေ့ကျင့်ခြင်းနှင့်ဘွဲ့နှင်းသဘင်ကျင်းပခြင်းအခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့်မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

၇။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီးတက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

**မှတ်ချက်။** အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက နည်းပညာတက္ကသိုလ်(ကလေး) ဖုန်း-၀၉-၄၀၀၄၅၈၂၇၂ တွင် စုံစမ်းနိုင်ပါသည်။

**ကျောင်းသားရေးရာဌာန၊ နည်းပညာတက္ကသိုလ်(ကလေး)**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောဦးစီးဌာန
## လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန်နှင့် ပညာပေးဆိုင်းဘုတ်များ စိုက်ထူရန်
# တင်ဒါခေါ်ယူခြင်း
**တင်ဒါအမှတ်(၅/၂၀၁၇-၂၀၁၈)**

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ တနင်္သာရီ သဘာဝကြိုးဝိုင်းစီမံကိန်းတွင် အသုံးပြုရန်အတွက် ပညာပေးဆိုင်းဘုတ်များ စိုက်ထူခြင်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူဆောင်ရွက်လိုပါသည်။

၁။ ပညာပေးဆိုင်းဘုတ် (Bill Board) ၉ - ခု

၂။ တင်ဒါပေးသွင်းမှုကို ၁၈-၁-၂၀၁၈ရက် ၁၆း၀၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် (၅၀၀၀ိ/-)နှုန်းဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**သစ်တောဦးစီးဌာန**
**ရုံးအမှတ်(၃၉)၊ နေပြည်တော်**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး၊ ညောင်ဦးမြို့
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆေးရုံကြီး၊ ညောင်ဦးမြို့တွင် ဆေးကုသမှုခံယူနေသော လူနာများအတွက် WHO ၏ သတ်မှတ်ထားသော GMP နှင့်ကိုက်ညီမှုရှိပြီး FDA အသိအမှတ်ပြု ဆေးနှင့် ဆေးပစ္စည်းများ၊ ဓာတ်ခွဲနှင့်ဓာတ်မှန်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၅-၁-၂၀၁၈ ရက်

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၁-၂၀၁၈ ရက် ညနေ ၄း၀၀ နာရီ

၄။ တင်ဒါစည်းမျဉ်း/စည်းကမ်းချက်များနှင့် အခြားသိရှိလိုသည်များရှိပါက ရုံးချိန်အတွင်း ဤဆေးရုံကြီးတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးလုပ်ငန်းစိစစ်ရေးကော်မတီ**
**ပြည်သူ့ဆေးရုံကြီး၊ ညောင်ဦးမြို့**
**မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၆၁-၂၄၆၀၅၀၈**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ဓာတ်မြေသြဇာစက်ရုံများမှ ထုတ်လုပ်ပြီး ယူရီးယားဓာတ်မြေသြဇာများနှင့် (၁)လအတွင်း ထပ်မံထွက်ရှိမည့် ယူရီးယားဓာတ်မြေသြဇာများကို (၁)လအတွင်း ထုတ်ယူသည့်စနစ်ဖြင့် အောက်ပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

**(က) အမှတ်(၁) ဓာတ်မြေသြဇာစက်ရုံ(စလေ)**
ယူရီးယားဓာတ်မြေသြဇာ - ၁၄၀၀၀တန် (တန်တစ်ထောင့်လေးရာ)ခန့်

**(ခ) အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)**
ယူရီးယားဓာတ်မြေသြဇာ - ၅၀၀၀ တန် (တန်ငါးထောင်)ခန့်

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၅-၁-၂၀၁၈ရက်မှ ၈-၂-၂၀၁၈ရက်အထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်၊
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရုံးအမှတ် ၇ (က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် အချိန်နှင့်နေရာ** - ၈-၂-၂၀၁၈ ရက် (ကြာသပတေးနေ့) ၁၂း၀၀နာရီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်

၅။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်**- ၈-၂-၂၀၁၈ ရက် ၁၄း၀၀ နာရီ

၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကုန်ထုတ်လုပ်မှုဌာန ဖုန်း-၀၆၇-၄၁၁၀၈၂၊ ၀၆၇-၄၁၁၀၉၃ သို့ ရုံးချိန်အတွင်းဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အထူးပြင်ဆင်ထိန်းသိမ်းခြင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ငါန်းဇွန်မြို့နယ် ရွာသစ်-ထနောင်းကိုင်းလမ်း လုပ်ငန်းများအတွက် လိုအပ်သည့်ကျောက်ရွယ်စုံ၊ သဲ၊ ကန်ကာ၊ ဘိလပ်မြေ၊ သံချောင်းနှင့် တောသစ်များကို လုပ်ငန်းအလိုက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါတင်သွင်းလိုသည့်ပစ္စည်းအမျိုးအမည်၊ အရေအတွက် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးနှင့် ငါန်းဇွန်မြို့နယ်ဦးစီးအရာရှိ(မြို့ပြ)ရုံးများတွင် စုံစမ်းမေးမြန်းနိုင်ပြီး တင်ဒါလျှောက်လွှာပုံစံများကို ၁၈-၁-၂၀၁၈ရက်မှစတင်၍ ခရိုင်ရုံးနှင့် ငါန်းဇွန်မြို့နယ်ရုံးတို့တွင် ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

**တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၅-၁-၂၀၁၈ ရက် ညနေ ၅း၀၀ နာရီအထိ

**တင်ဒါဖွင့်မည့်ရက်** - ၂၆-၁-၂၀၁၈ ရက် နံနက် ၁၀း၀၀ နာရီ

**တင်ဒါဖွင့်မည့်နေရာ** - ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မြင်းခြံမြို့၊ ဖုန်း-၀၆၆-၂၂၂၄၃၊ ၀၆၆-၄၆၂၃၃၊ ၀၉-၂၅၆၀၀၇၉၂၄

**ပစ္စည်းတင်ဒါခေါ်ယူရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ကလေးတက္ကသိုလ်
# ကောဒသမအကြိမ်မြောက် ဘွဲ့နှင်းသဘင် အစီအစဉ်ကြေညာခြင်း

၁။ ကလေးတက္ကသိုလ် ကောဒသမအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်ခွင့်လျှောက်ထားကြသော ကျောင်းသား ကျောင်းသူများအတွက် ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**ပထမရက် ပထမပိုင်း ၄-၂-၂၀၁၈ ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်း (နံနက် ၉း၀၀နာရီ)**

မဟာသုတေသနဘွဲ့ - ဒဿနိကဗေဒအထူးပြုအားလုံး
မဟာဝိဇ္ဇာဘွဲ့ - ဒဿနိကဗေဒအထူးပြုအားလုံး
မဟာသိပ္ပံဘွဲ့ - ရူပဗေဒအထူးပြုအားလုံး
သိပ္ပံဂုဏ်ထူးဘွဲ့ - ရူပဗေဒအထူးပြုအားလုံး
ဝိဇ္ဇာဘွဲ့ - မြန်မာစာအထူးပြု (၄မ-၁မှ ၄မ-၅၄)
သိပ္ပံဘွဲ့ - ရူပဗေဒအထူးပြု (၄ရပ-၂မှ ၄ရပ-၈၆)
- ဘူမိဗေဒအထူးပြုအားလုံး

* အစမ်းလေ့ကျင့်မည့်ရက် ၂-၂-၂၀၁၈ (သောကြာနေ့) နံနက် ၉း၀၀နာရီ

**ပထမရက် ဒုတိယပိုင်း ၄-၂-၂၀၁၈ ရက် (တနင်္ဂနွေနေ့) မွန်းလွဲပိုင်း (မွန်းလွဲ ၂း၀၀နာရီ)**

မဟာသိပ္ပံဘွဲ့ - သတ္တဗေဒအထူးပြုအားလုံး
ဝိဇ္ဇာဂုဏ်ထူးဘွဲ့ - မြန်မာစာအထူးပြုအားလုံး
သိပ္ပံဂုဏ်ထူးဘွဲ့ - ဓာတုဗေဒအထူးပြုအားလုံး
ဝိဇ္ဇာဘွဲ့ - မြန်မာစာအထူးပြု (၄မ-၅၅မှ နောက်ဆုံးအထိ)
သိပ္ပံဘွဲ့ - ရူပဗေဒအထူးပြု (၄ရပ-၈၇မှ ၄ရပ-၁၇၇)
- သတ္တဗေဒအထူးပြုအားလုံး

* အစမ်းလေ့ကျင့်မည့်ရက် ၂-၂-၂၀၁၈ (သောကြာနေ့) နံနက် ၉း၀၀ နာရီ

**ဒုတိယရက် တတိယပိုင်း ၅-၂-၂၀၁၈ ရက် (တနင်္လာနေ့) နံနက်ပိုင်း (နံနက် ၉း၀၀နာရီ)**

မဟာသုတေသနဘွဲ့ - ဘူမိဗေဒအထူးပြုအားလုံး
မဟာဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာအထူးပြုအားလုံး
ဝိဇ္ဇာဂုဏ်ထူးဘွဲ့ - ဒဿနိကဗေဒအထူးပြုအားလုံး
ဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာအထူးပြု (၄အ-၁မှ ၄အ-၅၃)
- ပထဝီဝင်အထူးပြုအားလုံး
သိပ္ပံဘွဲ့ - ရူပဗေဒအထူးပြု (၄ရပ-၁၇၈မှ နောက်ဆုံးအထိ)

* အစမ်းလေ့ကျင့်မည့်ရက် ၂-၂-၂၀၁၈ (သောကြာနေ့) မွန်းလွဲပိုင်း (မွန်းလွဲ ၂း၀၀နာရီ)

**ဒုတိယရက် စတုတ္ထပိုင်း ၅-၂-၂၀၁၈ ရက် (တနင်္လာနေ့) မွန်းလွဲပိုင်း (မွန်းလွဲ ၂း၀၀နာရီ)**

မဟာသိပ္ပံဘွဲ့ - ဓာတုဗေဒအထူးပြုအားလုံး
သိပ္ပံဂုဏ်ထူးဘွဲ့ - သင်္ချာအထူးပြုအားလုံး
- ရုက္ခဗေဒအထူးပြုအားလုံး
ဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာအထူးပြု (၄အ-၅၄မှ နောက်ဆုံးအထိ)
သိပ္ပံဘွဲ့ - ဓာတုဗေဒအထူးပြု (၄ဓ-၁မှ ၄ဓ-၉၀)
- ရုက္ခဗေဒအထူးပြုအားလုံး

* အစမ်းလေ့ကျင့်မည့်ရက် ၂-၂-၂၀၁၈ (သောကြာနေ့) မွန်းလွဲပိုင်း (မွန်းလွဲ ၂း၀၀နာရီ)

**တတိယရက် ပဉ္စမပိုင်း ၆-၂-၂၀၁၈ ရက် (အင်္ဂါနေ့) နံနက်ပိုင်း (နံနက် ၉း၀၀နာရီ)**

မဟာဝိဇ္ဇာဘွဲ့ - အရှေ့တိုင်းပညာအထူးပြုအားလုံး
မဟာသိပ္ပံဘွဲ့ - ဘူမိဗေဒအထူးပြုအားလုံး
သိပ္ပံဂုဏ်ထူးဘွဲ့ - သတ္တဗေဒအထူးပြုအားလုံး
ဝိဇ္ဇာဘွဲ့ - သမိုင်းအထူးပြု(၄သ-၁မှ ၄သ-၄၉)
သိပ္ပံဘွဲ့ - ဓာတုဗေဒအထူးပြု(၄ဓ-၉၁မှ ၄ဓ-၁၈၂)
- သင်္ချာအထူးပြု (၄သခ-၁မှ ၄သခ-၁၀၅)

* အစမ်းလေ့ကျင့်မည့်ရက် ၃-၂-၂၀၁၈ (စနေနေ့) နံနက်ပိုင်း (နံနက် ၉း၀၀နာရီ)

**တတိယရက် ဆဋ္ဌမပိုင်း ၆-၂-၂၀၁၈ ရက် (အင်္ဂါနေ့) မွန်းလွဲပိုင်း (မွန်းလွဲ ၂း၀၀နာရီ)**

မဟာဝိဇ္ဇာဘွဲ့ - ပထဝီဝင်အထူးပြုအားလုံး
မဟာသိပ္ပံဘွဲ့ - သင်္ချာအထူးပြုအားလုံး
ဝဇ္ဇာဂုဏ်ထူးဘွဲ့ - ပထဝီဝင်အထူးပြုအားလုံး
သိပ္ပံဂုဏ်ထူးဘွဲ့ - ဘူမိဗေဒအထူးပြုအားလုံး
ဝိဇ္ဇာဘွဲ့ - ဒဿနိကဗေဒအထူးပြုအားလုံး
- သမိုင်းအထူးပြု (၄သ-၅၀မှ နောက်ဆုံးထိ)
သိပ္ပံဘွဲ့ - ဓာတုဗေဒအထူးပြု (၄ဓ-၁၈၄မှ နောက်ဆုံးထိ)
- သင်္ချာအထူးပြု (၄သခ-၁၀၆မှ နောက်ဆုံးထိ)

* အစမ်းလေ့ကျင့်မည့်ရက် ၃-၂-၂၀၁၈ (စနေနေ့) နံနက်ပိုင်း (နံနက် ၉း၀၀နာရီ)

၂။ ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာများနှင့် ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ပြုသည့်လက်မှတ်များကို ဘွဲ့ကြေးငွေသွင်းပြေစာတင်ပြပြီး အောက်ပါအစီအစဉ်အတိုင်း ထုတ်ယူနိုင်ပါသည်။

| **ဘွဲ့နှင်းသဘင်ကျင်းပရက်** | **ဘွဲ့ဝတ်စုံများ ငှားရမ်းခွင့်ထောက်ခံစာများနှင့် တက်ရောက်ခွင့်ပြုလက်မှတ်များ ထုတ်ပေးမည့်ရက်** |
|---|---|
| ၄-၂-၂၀၁၈ ရက် | **၂၉-၁-၂၀၁၈ ရက်မှ ၁-၂-၂၀၁၈ ရက်အထိ** |
| ၅-၂-၂၀၁၈ ရက် | **နေ့စဉ် ရုံးချိန်အတွင်း ထုတ်ပေးသွားမည်။** |
| ၆-၂-၂၀၁၈ ရက် | |

၃။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)မှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။

၄။ အသေးစိတ်အချက်အလက်များသိလိုပါက ကလေးတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာန ဖုန်း-၀၇၃-၂၁၄၆၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**(ခင်မောင်လွင်)**
**မော်ကွန်းထိန်း၊ သင်တန်းရေးရာဌာန၊ ကလေးတက္ကသိုလ်**

## ငြိမ်း(Shalom) ဖောင်ဒေးရှင်း
# အိတ်ပိတ်တင်ဒါထပ်မံခေါ်ယူခြင်း

၁။ ငြိမ်း(Shalom) ဖောင်ဒေးရှင်း၏ Kachin Education Consortium project မှ ၂၀၁၇-၂၀၁၈ စီမံကိန်းကာလအတွင်း ကျောင်းသား ကျောင်းသူဦးရေ ၁၂၀၁၂ နှင့် ဆရာ ဆရာမဦးရေ ၁၀၉၉ ခန့်အတွက် စာရေးကိရိယာများ၊ လေ့ကျင့်ခန်းစာအုပ်များနှင့် သင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းများကို သတ်မှတ်စံချိန်စံညွှန်းများအတိုင်း မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ပိတ်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား ကြော်ငြာပါသည့်ရက်မှစတင်ကာ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၇ရက်အထိ ငြိမ်းဖောင်ဒေးရှင်းရုံး စီမံခန့်ခွဲရေးဌာနတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၉ရက် ညနေ ၄း၀၀နာရီ နောက်ဆုံးထားကာ တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါများအား ၂၀၁၈ခုနှစ် ဇန်နဝါရီ ၂၃ရက်တွင် ငြိမ်း(Shalom)ဖောင်ဒေးရှင်းရုံးတွင် တင်ဒါရွေးချယ်ရေးကော်မတီမှ တစ်ပြိုင်နက်တည်း ဖွင့်ဖောက်ရွေးချယ်မည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုသောအချက်များကို ငြိမ်း(Shalom)ဖောင်ဒေးရှင်းရုံး စီမံခန့်ခွဲရေးဌာနတွင် ရုံးချိန် နံနက် ၉း၀၀နာရီမှ ညနေ ၅း၀၀နာရီအတွင်း ဖုန်း-၀၁-၅၁၀ ၄၈၇ တို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ငြိမ်း(Shalom)ဖောင်ဒေးရှင်း**
**အမှတ် 8(c)၊ ရွှေပိတောက်ကွန်ဒို**
**99(A)၊ မြေနုလမ်း၊ စမ်းချောင်းမြို့နယ်**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် DD/8636 TOYOTA PROBOX NCP 51 S/W ယာဉ်လက်ဝယ်ရှိသူ Polestam Auto Center Services Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ပါကြောင်း

ဦးတင်စိုးလှိုင် ၁၃/လလန(နိုင်)၀၆၂၃၅၂ သည် စကားများရန်ဖြစ်ခြင်းမရှိဘဲ ၄င်း၏စိတ်ဆန္ဒအတိုင်း ၉-၃-၂၀၀၈ တွင် နေအိမ်မှထွက်ခွာသွားပြီး ယနေ့အထိ ဆက်သွယ်ခြင်းမရှိတော့ပါ။ ၄င်းထွက်ခွာသွားချိန်တွင် ဇနီးဖြစ်သူ ကျွန်မ ဒေါ်တင်မိုးခိုင်၌ သားငယ်ကိုယ်ဝန် (၇)လနှင့် ကျန်နေခဲ့ပါသည်။ ယခုချိန်ထိ ဆက်သွယ်လာခြင်း လုံးဝ(လုံး၀)မရှိခဲ့ပါ။ မေးမြန်းစုံစမ်း၍လည်း မရခဲ့ပါ။ ဇနီး၊ သမီး၊သားတို့အား နှစ်များစွာကြာအောင် ပစ်ပယ်ထားသူအား ခင်ပွန်းအဖြစ် ပေါင်းသင်းလိုစိတ် လုံးဝမရှိတော့ပါသဖြင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ပါကြောင်းနှင့် အလိုအလျောက် ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အသိပေးကြေညာပါသည်။ ဤကြော်ငြာပါသည့်ရက်မှစ၍ ဦးတင်စိုးလှိုင်နှင့် ကျွန်မ ဒေါ်တင်မိုးခိုင်တို့ လုံးဝ ပတ်သက်မှုမရှိတော့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်တင်မိုးခိုင် ၉/ပမန(နိုင်)၀၆၅၈၅၇**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်းနှင့် ဆုမွန်ကောင်းတောင်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ **သုခစုစံ** ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုကုမ္ပဏီ နှင့် သင်တန်းကျောင်း **ဥက္ကဋ္ဌ ဦးချမ်းသာ** အား သာသနာတော်ဆိုင်ရာ **သုဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်း ခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ရပါကြောင်း နှင့် ဘာသာ သာသနာ အကျိုးများအား ဆတက်ထမ်းပိုး တိုးတက်စွာ ဆောင်ရွက်နိုင်သူ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ **မခင်လေး (မန္တလေး)၊ မမွန် (ပေါင်းမြို့)၊ မချောစု (မုံရွာ)**

## အထူး ဂုဏ်ယူ ဝမ်းမြောက်ခြင်း

ကျေးဇူးရှင် ဖခင်ကြီး ဦးရွှေ၊ ကျေးဇူးရှင် မိခင်ကြီး ဒေါ်ခင်စန်းရီတို့၏ ဘာသာ သာသနာနှင့် လူမှုရေး ဆောင်ရွက်မှုမျိုးဆက်အမွေကို ဆက်လက်သယ်ဆောင်၍ ကျေးဇူးဆပ်ခဲ့သူ **ဒေါက်တာအောင်ကျော်ဝင်း** (ရွှေနန်းတော် စိန်ရွှေရတနာဆိုင်၊ **Forever Gems by** ရွှေနန်းတော်၊ **Jewel Collection Manufacturing Co.,Ltd**၊ **United GP Development Co.,Ltd@ 68 Residence)** သည် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့် အပ်နှင်းသည့် **"သုဓမ္မဇောတိကဓဇ"** ဘွဲ့တံဆိပ်တော် ချီးမြှင့်ခံရခြင်းအတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

ညီအစ်ကိုမောင်နှမများနှင့် တူ တူမများ

## အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

Myanmar Steel Association (MSA)၏ အထွေထွေအတွင်းရေးမှူးဖြစ်သော ဦးမျိုးမြင့် [Myo Naing-Nine Int'l Trading Co.,Ltd /Naing-Nine သံချောင်းနှင့် ဘိလပ်မြေဖြန့်ချိရေး] ၏ ဖခင်ကြီး ဦးထွန်းဖေအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးအမိန့်ကြော်ငြာစာအမှတ်-၁/၂၀၁၈ ဖြင့်နိုင်ငံတော်မှထိုက်တန်စွာချီးမြှင့်သော **'သုဓမ္မဇောတိကဓဇ'** ဘွဲ့ရရှိသဖြင့် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုးတို့ကို ကျန်းမာချမ်းသာစွာဖြင့် ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**Myanmar Steel Association(MSA)**

| | |
|---|---|
| **ဦးစစ်တိုင်းအောင်** | **(Mottama Development Group Co.,Ltd)** |
| **ဦးရန်ဟော်** | **(Mottama Holding Co.,Ltd)** |
| **ဦးကျော်အောင်** | **(Benhur Trading Co.,Ltd)** |
| **ဦးညွန့်ဦး** | **(Htarwara Miba Myitta Co.,Ltd)** |
| **ဦးကျော်ကျော်ဦး** | **(Steel King Co.,Ltd)** |
| **ဦးမျိုးထွေး** | **(Pro1 Home center)** |
| **ဒေါ်ညွန့်ရီ** | **(Shwe Man Yeik Co.,Ltd)** |
| **ဦးအောင်ကျော်စိုး** | **(Mother Trading Co.,Ltd, Mandalay)** |
| **ဦးကျော်စိန်** | **(Kyaw Brother Co.,Ltd)** |
| **ဦးကျော်မောင်** | **(Golden Village Co.,Ltd)** |

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6I/6813 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 2B/7461 Mitsubishi Pajero V31 S/W (4×4)Rယာဉ်လက်ဝယ်ရှိသူ ဦးဇော်လင်းအောင် ၁/ဗမန(နိုင်)၀၆၂၈၀၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**


နေ့စဉ် Facebook အပိုလက်ဆောင်
MPT
ရွှေ့သို့လှမ်းချီ မြန်မာပြည်
၃၁ – ၁ – ၂၀၁၈ အထိ
LINE
E-topup ဖြင့် ဖြည့်သွင်းသည့်ပမာဏ (ကျပ်)
အပိုလက်ဆောင်ပမာဏ (MB)
1,000 MMK
50 MB
3,000 MMK
150 MB
5,000 MMK
250 MB
Every 10,000 MMK
500 MB
E-topup ( သို့မဟုတ် ) Mobile Banking ဖြင့် အနည်းဆုံး ၁,၀၀၀ ကျပ်ဖိုး ငွေဖြည့်သွင်းပြီး
Facebook ( သို့မဟုတ် ) အခြား လူမှုကွန်ရက်များအတွက် ဒေတာ အပိုလက်ဆောင်များ ရယူလိုက်ပါ။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106 | free hotline 24 hours everyday

## နှစ် (၉၀)ဂရန်ကျပြီး ခြံဝိုင်းကွက်ကြီး ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

နေပြည်တော် မြို့မဈေးအနီး၊ ရွှေနံ့သာ တန်ဖိုးနည်းအိမ်ရာအနီး(ပျဉ်းမနား-တောင်ညို ကားလမ်းမကြီးဘေး)မင်းကုန်းအုတ်စက်ရုံအနီး၊ (KLO) စက်သုံးဆီအရောင်းဆိုင်ရှေ့တွင် တည်ရှိသော နေရာကောင်း နှစ် (၉၀)ဂရန်ကြီးကျပြီး ခြံဝိုင်းဧရိယာအကျယ် ငါးဧကခန့်အပြင် (၁၀၅/၁၀၆)ရပြီး ကျန်ခြံဝိုင်း လေးဧကနီးပါးခန့် စုစုပေါင်း ကိုးဧကခန့်ရှိသည့် ခြံဝိုင်းကွက်ကြီး ရောင်းမည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၂၀၃၉၅၆၆၊ ၀၉-၄၄၈၅၄၈၇၇၈၊ ၀၉-၈၃၀၀၄၄၂၊ ၀၉-၄၅၈၀၂၃၆၁၀၊ ၀၉-၉၇၀၀၇၂၁၁၁**

မဟာ **SEVEN ဝံ**

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?

အိမ်အရောက်ငွေပေးချေသည်၊

"ပွဲခ လုံးဝ မယူပါ"

09-33 333 511
